BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစဉ်

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

( ၁၅–၁–၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် * ခရစ်နှစ် ၂၀၀၃ ခုနှစ်၊ ဧပြီ အမှတ် (၃၈)

## မြန်မာလူငယ်များ၏ တောင်ပံအစုံ မိုးထက်သို့ လွတ်လပ်စွာ ပျံသန်းနိုင်တော့မည်ဟု ဒေါ်စုယုံကြည်

**ဧပြီ၊ (၂၅)ရက်။**

အမေရိကန်အခြေစိုက် Freedom Forum အဖွဲ့ကြီးက ၂၀၀၂ ခုနှစ်အတွက် "လွတ်လပ်သည့် စိတ်ဓာတ်အားမာန်ဆု" (Freed Spirit) ရွေးချယ်ခြင်းခံရသူ ဒေါ်အောင်ဆန်းစုကြည်အား ဆုချီးမြှင့်သည့် အခမ်းအနားကို အမေရိကန် အမျိုးသားသတင်းထောက်များအသင်း The National Press Club ၌ ဧပြီလ(၂၄)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။



ထိုအခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်က ဗွီဒီယိုတိပ်ခွေပေးပို့၍ နှုတ်ခွန်းဆက်စကားပြောကြားခဲ့ရာ ဒေါ်စုက "ဧည့်ပရိသတ်များအားလုံးသည် လွတ်လပ်သည့် စိတ်ဓာတ်အားမာန်ကို ထုတ်ဖော်ပြသခွင့်ရကြသည့်အတွက် ထူးကဲသည့် အခွင့်အရေးပိုင်ဆိုင်သူများဖြစ်ကြကြောင်း၊ မိမိတို့ မြန်မာနိုင်ငံတွင်လည်း တနေ့ကျလျှင် မြန်မာလူငယ်တို့၏ အားမာန်ကို ပြသနိုင်၍ တောင်ပံအစုံကို မိုးထက်သို့ လွတ်လွတ်လပ်လပ် ပျံသန်းခွင့်ရမည်ဟု အပြည့်အဝ ယုံကြည်ကြောင်း အမှာစကားပါးခဲ့သည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားတွင် အမေရိကန်သမတ မစ္စတာဂျော့ဒဗလျူဘုရှ်က လွတ်လပ်သည့်စိတ်ဓာတ်အားမာန်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုသဝဏ်လွှာတစောင် ပေးပို့ခဲ့ရာ ၎င်းက မှောင်မိုက်သည့်လမ်းတွင် အလင်းရောင်ဖြာစေရင်း ဦးဆောင်လမ်းပြသူ စိတ်စေတနာကြီးမား မွန်မြတ်သည့်ပုဂ္ဂိုလ်များရှိတတ်ပုံကို သမိုင်းတွင် တွေ့ရတတ်ကြောင်း၊ ယခုဆုရသူ ဒေါ်အောင်ဆန်းစုကြည်သည်လည်း အဆိုပါပုဂ္ဂိုလ်မျိုးဖြစ်ကြောင်း ဖော်ညွှန်းရေးသားထားပြီး အမေရိကန်ပြည်ထောင်စုအနေဖြင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲကို အသိအမှတ်ပြုဆဲဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ် တည်ဆောက်ရေးနှင့် အာဏာချုပ်ကိုင်ထားသည့် စစ်အစိုးရတို့ ထိထိရောက်ရောက် ဆွေးနွေးမှုများ ပြုလုပ်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး ပြန်လည်ထူထောင်ရန် ကြိုးပမ်းနေသည့် ဒေါ်အောင်ဆန်းစုကြည်၏ ရည်မှန်းချက်များအား ထောက်ခံအားပေးလျက် ရှိကြောင်း ရေးသားဖော်ပြထားသည်။

အဆိုပါ ဆုပေးအပ်သည့်အဖွဲ့ကြီးသည် လူ့အခွင့်အရေးနှင့် လွတ်လပ်မှုအတွက် အကြမ်းမဖက်သည့်နည်းနှင့် အနှစ်(၂၀)နီးပါး လှုပ်ရှားဆောင်ရွက်ခဲ့သည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၀၂ ခုနှစ်အတွက် ဆုရွေးချယ် ချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး ဆုကြေးငွေအဖြစ် အမေရိကန်ဒေါ်လာတသန်း ပေးအပ်မည်ဖြစ်သည်။

❖ ❖ ❖

## ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ အဖွဲ့ဝင်သစ်များ တာဝန်ပေးအပ်

**ဧပြီ၊ (၃၀)ရက်။**

ဧပြီလ(၃၀)ရက်နေ့က ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ ပုံမှန်အစည်းအဝေးတရပ်ကို ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ထိုအစည်းအဝေး၌ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီက မူလဖွဲ့စည်းထားသည့် ဆပ်ကော်မတီ(၁၀)ခုတွင် မကြာခင်က အဖွဲ့ဝင်သစ်ဖြစ်လာသူများနှင့် တိုးချဲ့ဖွဲ့စည်းကာ တာဝန်များ အသီးသီးပေးအပ်ခဲ့ကြောင်း ကော်မတီအတွင်းရေးမှူးဖြစ်သူ ဦးအေးသာအောင်၏ အဆိုအရ သိရသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၏ မူလထားရှိသည့် အဓိက ရည်ရွယ်ချက်များကို အဖွဲ့ဝင်များအားလုံးက ယခုလို ပုံမှန်အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်သွားကြမည် ဖြစ်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီသည် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်၍ တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်လာရန် ကြိုးပမ်းဆောင်ရွက်နေပြီး ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်နိုင်ရေးကို ဆက်လက်ဆောင်ရွက်နေကြောင်း ပြောကြားသွားခဲ့သည်။

❖ ❖ ❖

## ဆွေးနွေးပွဲများရပ်ဆိုင်းသွားသည့်အတွက် စိုးရိမ်မိကြောင်း ကိုဖီအာနန် အစီရင်ခံစာထုတ်ဝေ



ကုလသမဂ္ဂ
အထွေထွေအတွင်းရေးမှူးချုပ်
မစ္စတာကိုဖီအာနန်

**ဧပြီ၊ (၁၀)ရက်။**

မြန်မာနိုင်ငံတွင် ပြုလုပ်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က (၄)မျက်နှာပါ ၂၀၀၂ ခုနှစ်အတွက် အစီရင်ခံစာတစောင် ထုတ်ဝေခဲ့သည်။

ထိုအစီရင်ခံစာတွင် စစ်အုပ်စုနှင့် အတိုက်အခံတို့အကြား အနှစ်သာရရှိသည့် ဆွေးနွေးပွဲများ ပေါ်ထွက်လာခြင်း မရှိသေးသည့်အတွက် ဝမ်းနည်းမိကြောင်း၊ ဆွေးနွေးပွဲ အမြန်ဆုံးဖြစ်လာရန် နှစ်ဖက်ခေါင်းဆောင်များ မျက်နှာချင်းဆိုင် ဆွေးနွေးဖြေရှင်းကြရန် လိုအပ်ကြောင်း တိုက်တွန်းထားသည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က တိုးတက်ဖြစ်ထွန်းမှုများကို ဖော်ပြခဲ့ရာ ၂၀၀၁ ခုနှစ်ကုန်ပိုင်းမှစ၍ နိုင်ငံရေးအကျဉ်းသားများ ပြန်လည်လွှတ်ပေးခဲ့သည့်အပြင် အဲန်အယ်လ်ဒီ အပါအဝင် နိုင်ငံရေးပါတီတချို့အပေါ် ကန့်သတ်မှုများ လျှော့ချပေးခြင်းတို့သည် မြန်မာစစ်အုပ်စု၏ ထင်ရှားသော လုပ်ဆောင်မှုများဖြစ်ပြီး ၂၀၀၂ ခုနှစ်တွင် အနှစ်သာရရှိသည့် ဆွေးနွေးပွဲများဖြစ်လာရန် မျှော်လင့်နိုင်ခဲ့သည်ဟု ဆိုသည်။ သို့ရာတွင် မိမိနှင့် မစ္စတာရာဇာလီတို့ စိတ်ဝင်စားခဲ့သည်မှာ ၂၀၀၂ ခု အောက်တိုဘာလမှ စတင်ခဲ့သည့် ယုံကြည်မှုတည်ဆောက်ရေးဆွေးနွေးပွဲမှတဆင့် အနှစ်သာရရှိသည့် ဆွေးနွေးပွဲများ ဖြစ်လာရန် ကုလသမဂ္ဂအနေဖြင့် မည်သို့ကူညီရမည်ဆိုသည့်အချက်သာဖြစ်သည်ဟု ဆိုသည်။

ကိုဖီအာနန်က မိမိသည် ပြီးခဲ့သည့် ဒီဇင်ဘာလ အထွေထွေညီလာခံအတွင်း နအဖ နိုင်ငံခြားရေးဝန်ကြီးဦးဝင်းအောင်ကို ကိုယ်တိုင်တွေ့ဆုံခဲ့၍ ဒေါ်အောင်ဆန်းစုကြည်နှင့် အမြန်ဆုံး တွေ့ဆုံဆွေးနွေးရန် တိုက်တွန်းခဲ့ပြီး နိုင်ငံရေးအကျဉ်းသားများအားလုံး တယောက်မကျန် ပြန်လွှတ်ပေးရန်နှင့် လူသားချင်းစာနာသည့် အကူအညီများပေးရေးကိစ္စတွင် ကုလသမဂ္ဂနှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းခဲ့သည်ဟု ဆိုသည်။

အစီရင်ခံစာ၏ နောက်ဆုံးတွင် ကိုဖီအာနန်က နိုင်ငံရေးဆွေးနွေးပွဲများ ရပ်တန့်နေခြင်းအပေါ် စိုးရိမ်မိပါသဖြင့် မကြာမီကာလအတွင်း ပြန်လည်စတင်နိုင်ရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ အမြန်ဆုံးတွေ့ဆုံ၍ မတူညီသည့် အမြင်များအား မျက်နှာချင်းဆိုင် ဆွေးနွေးကြပါရန် တိုက်တွန်းပါကြောင်း အလေးအနက် ဖော်ပြအပ်ပါသည်ဟု နိဂုံးချုပ် ရေးသားထားသည်။ ❖

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# ပြည်သူလူထုစွမ်းအားပြတိုက်ပွဲ ဆင်နွှဲကြ

"ယုံကြည်မှုတည်ဆောက်ပြီးပါပြီ၊ အဓိပ္ပာယ်ရှိတဲ့ နိုင်ငံရေးဆွေးနွေးပွဲများ စတင်ရန် အချိန်ကျရောက်ပါပြီ"ဟု လွန်ခဲ့သည့် သက္ကရာဇ် ၂၀၀၂ ခု၊ မေလ(၆)ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်မှ ဒုတိယအကြိမ် လွတ်မြောက်လာစက တိုင်းပြည်သို့ တင်ပြခဲ့သည်။ မှန်ပါသည်။ နအဖ သံအမတ်ကြီးတဦးဖြစ်သူ ဦးမြသန်း၏အဆို အရ ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖ ကြား တွေ့ဆုံဆွေးနွေးမှုသည် ရပ်တန့်နေခြင်း မဟုတ်ဘဲ တွေ့ဆုံဆွေးနွေးပွဲ စတင်ခဲ့သည့် ၂၀၀၀ ခုနှစ် အောက်တိုဘာ(၂၅)ရက်နေ့မှ ၂၀၀၃ ဇန်နဝါရီ(၁၅)ရက်နေ့အတွင်း နအဖ ဝန်ကြီးတဦး ဦးဆောင်သောအဖွဲ့က ဒေါ်စုအား သွားရောက်တွေ့ဆုံမှု (၁၂)ကြိမ်ရှိပြီး၊ အဆင့်မြင့်စစ်အရာရှိတဦးက (၁၁၅) ကြိမ်ရှိပြီဟု သိရပေသည်။ သို့သော် ယင်းတွေ့ဆုံဆွေးနွေးမှုများသည် နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများမဟုတ်ဘဲ လုပ်ငန်းသဘောအရ အဆက်အသွယ်လုပ်ခြင်းဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ရှင်းလင်းခဲ့သည်။

မှန်ပေသည်။ အဖွဲ့ချုပ်စတင်ဖွဲ့စည်းစဉ်ကပင် တွေ့ဆုံဆွေးနွေး အဖြေရှာရေးကို တစိုက်မတ်တတ် တောင်းဆိုခဲ့သည်မှာ (၁၄)နှစ်ကျော် ကြာခဲ့ပြီဖြစ်သော်လည်း အကောင် အထည်မဖော်နိုင်ခဲ့ပေ။ တွေ့ဆုံဆွေးနွေးအဖြေရှာရေး သေနင်္ဂဗျူဟာများအဖြစ် အမျိုး သားပြန်လည်သင့်မြတ်ရေး၊ အထွေထွေသဟဇာတဖြစ်ရေး၊ ပွင့်လင်းရိုးသားရေး၊ အာဃာတ ကင်းစင်ရေး စသည့် မဟာဗျူဟာလုပ်ငန်းစဉ်များကို ချမှတ်လုပ်ကိုင်ခဲ့သော်လည်း မြန်မာပြည် ဘက်စုံအကျပ်အတည်းများကို ဖြေရှင်းရေးနည်းလမ်း၏ အဖြစ်နိုင်ဆုံး အစလုပ်ငန်းဖြစ်သော ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော အဲန်အယ်လ်ဒီနှင့် နအဖ ကြား တွေ့ဆုံဆွေးနွေးရေးသည် အမှန်တကယ်ဖြစ်ထွန်းလာခြင်း မရှိသေးပေ။

ထူးခြားမှုတခုမှာ ၂၀၀၃ ခုနှစ် ဧပြီလ(၁၅)ရက်နေ့က ဒေါ်အောင်ဆန်းစုကြည် အပေါ် အပြည့်အဝယုံကြည်မှုရှိကြောင်းနှင့် ပြဿနာများကို ဆွေးနွေးဖြေရှင်းလိုကြောင်း နအဖ မှ သတင်းဌာနတခုသို့ ဖက်စ်ပေးပို့၍ ကြေညာချက် ထုတ်ခဲ့သည်။ သို့သော် ယင်းကြေညာချက်ကို အဖွဲ့ချုပ်သို့ အကြောင်းကြားခြင်းမရှိသလို၊ ဦးတင်ဝင်း ခေါင်း ဆောင်သော သတင်းဖြန့်ချိရေးအဖွဲ့ကလည်း မကြေညာ၊ မြန်မာ့အလင်းသတင်းစာမှာ လည်း မထည့်ရုံသာမက ဗိုလ်မှူးကြီးလှမင်းဦးစီး၍ နိုင်ငံတကာကို နေ့စဉ်ထုတ်ပြန်နေသော အင်တာနက်စာမျက်နှာမှာလည်း ဖော်ပြသည်ကို မတွေ့ရပေ။ ယင်းအချက်က တွေ့ဆုံ ဆွေးနွေးပွဲပြုလုပ်ရေးအတွက် နအဖ တွင် ရိုးသားဖြူစင်သောဆန္ဒမရှိဘဲ လက်ငင်းရင်ဆိုင် နေရသော အကျပ်အတည်းများ ပြေလည်စေရေးအတွက် ဆေးမြီးတိုအဖြစ် သတင်း မီဒီယာများကို အသုံးပြုခြင်းသာဖြစ်သည်ကို ဖော်ပြနေပါသည်။

ချင်းပြည်နယ်ခရီးစဉ်မှ ပြန်ရောက်လာပြီးနောက် ဧပြီလ (၂၃)ရက်နေ့တွင် ကျင်းပ သော အဖွဲ့ချုပ်၏ သတင်းစာရှင်းလင်းပွဲ၌ ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံမှာ နိုင်ငံရေးအခြေအနေ လုံးဝတိုးတက်မှုမရှိသလို နအဖကလည်း အပြောင်းအလဲကို အလိုမရှိ ဘူးဟု မှတ်ချက်ချလိုက်ပြီး လက်ရှိမြန်မာပြည်၏ အခြေအနေသည် အပြောင်းအလဲလုပ်ရန် အမြန်ဆုံးလိုအပ်နေသဖြင့် မစ္စတာရာဇာလီ မြန်မာပြည် အမြန်ဆုံးပြန်လာရေးကို အဖွဲ့ချုပ် မှ မြင်တွေ့လိုကြောင်း ဖော်ပြခဲ့သည်။

ဧပြီလ(၂၅)ရက်နေ့တွင် နအဖမှ ဗိုလ်မှူးချုပ်သန်းထွန်းနှင့် ဒုဝန်ကြီး ဦးခင်မောင်ဝင်း တို့ ဦးဆောင်ကျင်းပသော တန်ပြန်သတင်းစာရှင်းလင်းပွဲ၌ ဒေါ်စုပြောဆိုချက်များသည် အဓိပ္ပာယ်မရှိကြောင်း၊ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းကို အကူအညီ မပေး ကြောင်း၊ နအဖအပေါ် နိုင်ငံတကာတွင် အသရေပျက်အောင် ရည်ရွယ်ချက်ရှိရှိ လုပ်နေ ခြင်းဖြစ်မှာ စိုးရိမ်ကြောင်းနှင့် ဒေါ်စုပြောဆိုမှုများသည် အလွန်ခေတ်နောက်ကျသော အတွေးအခေါ်များဖြစ်ကြောင်း ပြောဆိုစွပ်စွဲခဲ့သည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် နအဖနှင့် အဖွဲ့ချုပ် ဆက်ဆံရေးမှာ ပိုမိုဆိုးဝါးတင်းမာလာကြောင်း တွေ့ရသည်။

ဤကဲ့သို့ နအဖ နှင့် အဲန်အယ်လ်ဒီကြား တွေ့ဆုံဆွေးနွေးမှု တိုးတက်မှုမရှိရခြင်းမှာ နအဖ၏ စစ်အာဏာကို ဆက်လက်ဆုပ်ကိုင်ထားလိုလျက် ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲ မှု လုံးဝမလုပ်လိုသောဆန္ဒကြောင့်ဖြစ်သည်။ နအဖ ဗိုလ်ချုပ်တစုသည် ဆယ်စုနှစ်တခုကျော် အာဏာကို ဆုပ်ကိုင်ထားနိုင်မှုကြောင့် ပိုမိုဝင့်ဝါလာပြီး ကိုယ့်ကိုယ်ကို အထင်ကြီးလျက် အာဏာဆက်လက်ဆုပ်ကိုင်ထားရေးအတွက်သာ အာသာငမ်းငမ်း ကြိုးပမ်းလျက်ရှိသည်။ တချို့သော အတိုက်အခံအင်အားစုများက နအဖ အား ချော့မြူသောနည်းလမ်း (Pull Factor)ဖြင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်မည် ဟု စိတ်ကူးယဉ်အိပ်မက်မက်နေကြသည်။ ယင်းနည်းလမ်းသည် ဗိုလ်ချုပ်ကြီးများအား ပိုမိုဘဝင်မြင့် ဝင့်ဝါစေလျက် ၎င်းတို့ကိုယ်၎င်းတို့ ပိုမိုအထင်ကြီးမှုသာ ဖြစ်ပေါ်စေလိမ့်မည် ဖြစ်သည်။ သို့ပါ၍ စစ်မှန်သော တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်ရေးအတွက် တခုတည်းသော နည်းလမ်းဖြစ်သည့် နအဖ အား စစ်ရေး၊ သံတမန်ရေးဖိအားများကို အရှိန်အဟုန် မြှင့်လျက် ပြည်သူလူထုစွမ်းအားပြတိုက်ပွဲ (People's Power)ကို တပြည်လုံးအတိုင်းအတာ ဖြင့် ဆင်နွှဲရန် အချိန်ကျရောက်ပြီဖြစ်ပါကြောင်း နှိုးဆော်အပ်ပေသည်။

# နအဖ သည် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်အပေါ် စိတ်ဝင်စားမှုမရှိ ဒေါ်အောင်ဆန်းစုကြည် ပြောဆို

**ဧပြီ၊ (၂၃)ရက်။**

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ပြီးခဲ့သည့်နှစ် မေလ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီး နောက်ပိုင်း တတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတရပ် ပြုလုပ်ခဲ့ရာတွင် စစ်အုပ်စုသည် ဒီမိုကရေစီသို့ အသွင်ကူးပြောင်းရေးအပေါ် စိတ်ဝင်စား ယုံကြည်ပုံမရကြောင်း ပြင်းပြင်းထန်ထန် ဝေဖန်ပြောကြားလိုက်သည်။

ချင်းပြည်နယ်ခရီးစဉ်အပြီး ပြုလုပ်သည့် အဆိုပါသတင်းစာ ရှင်းလင်းပွဲ၌ ဒေါ်အောင်ဆန်းစုကြည်က ချင်းပြည်နယ်သို့ သွားရောက်ခဲ့သည့် ပါတီစည်းရုံးရေးခရီးစဉ် တခုလုံးတွင် တာဝန်ရှိသူများ၏ နှောင့်ယှက်မှုကို မိမိတို့ ကြိမ်ဖန်များစွာ ခံခဲ့ရကြောင်း ပြောဆိုသွားခဲ့သည်။ ခရီးစဉ်တလျှောက် ကြုံတွေ့ခဲ့ရသည့် ကြံ့ဖွံ့အဖွဲ့ဝင်များ၏ နှောင့်ယှက်ခံရမှုနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်က ထိုအဖွဲ့အစည်းနှင့် အာဏာပိုင်များ၏ ဆက်ဆံရေးကို ကြည့်ခြင်းအားဖြင့် သာမန်အဖွဲ့အစည်း မဟုတ်သည်မှာ ထင်ရှားနေကြောင်း၊ ထိုအဖွဲ့အစည်း၏ လှုပ်ရှားမှုများအား သက်ဆိုင်ရာအာဏာပိုင်များက ပံ့ပိုးကူညီ ခွင့်ပြုနေရသည်ကိုတွေ့ရကြောင်း၊ ထိုအချက်ကို သိသိသာသာ ရှင်းရှင်းလင်းလင်းသိရန် လိုအပ်ကြောင်း အတိအလင်း ပြောဆိုသွားခဲ့သည်။



ထို့နောက် အမျိုးသားပြန်လည် ရင်ကြားစေ့ရေးအခြေအနေသည် ယနေ့အချိန်အထိ တိုးတက်မှုမရှိသေးကြောင်း ပထမဦးဆုံးအကြိမ် လူသိရှင်ကြား ထုတ်ဖော်ပြောဆိုခဲ့ပြီး ယခုလိုနှောင့်နှေးကြန့်ကြာနေမှုအတွက် နအဖ၏ ရိုးသားမှုအပေါ် မေးခွန်းထုတ်စရာဖြစ်နေကြောင်း ဝေဖန်ပြောကြားလိုက်သည်။ အကယ်၍ နအဖအနေဖြင့် ပြည်သူလူထု၏ အကျိုးကို အသည်းနှလုံးတွင် အမှန်တကယ် လိုလားသည်ဆိုပါက ပြဿနာများအပေါ် ပြေလည်အောင် ဖြေရှင်းရမည်ဖြစ်သည်ဟု ဆိုသည်။ သို့ရာတွင် ပြောင်းလဲမှုဆိုသည်မှာ ရှောင်လွှဲ၍ရသည့် အရာမဟုတ်ကြောင်း လူထုခေါင်းဆောင်က ပြတ်ပြတ်သားသား ပြောကြားသွားခဲ့သည်။ ထို့ပြင် နအဖအနေဖြင့် တိုင်းပြည်၏ ကောင်းကျိုးကို အမှန်တကယ် လိုလားပါက အဲန်အယ်လ်ဒီနှင့် ပူးပေါင်းဆောင်ရွက်သင့်သော်လည်း ၎င်းတို့အနေဖြင့် အဲန်အယ်လ်ဒီကို ဘာကြောင့် အဆက်အသွယ်မလုပ်ခဲ့သည်ကို မေးစရာဖြစ်နေကြောင်း ထည့်သွင်းပြောကြားသွားခဲ့သည်။

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာ့အရေး ကြားဝင်စေ့စပ်ပေးနေသူ ကုလအထူးသံ မစ္စတာရာဇာလီအစ္စမေးလ်ကို မြန်မာနိုင်ငံသို့ လာခွင့်ပြုရန် စစ်အုပ်စုထံ တောင်းဆိုလိုက်ပြီး အနောက်နိုင်ငံများအနေဖြင့် မြန်မာစစ်ဗိုလ်ချုပ်ကြီးများအပေါ် ပြစ်ဒဏ်ခတ် အရေးယူနေမှုကို နိုင်ငံရေး ပြုပြင်ပြောင်းလဲလာသည်အထိ ထားရှိသင့်ကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားခဲ့သည်။ ❖

# ထိုင်းသီးခေါင်းဆောင်များ မဟာဗျူဟာအစည်းအဝေး ကျင်းပ

**ဧပြီ၊ (၂၈)ရက်။**

မြန်မာဒီမိုကရေစီရေး ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများမှ ထိပ်သီးခေါင်းဆောင်များသည် ထိုင်း–မြန်မာနယ်စပ် လွတ်မြောက်နယ်မြေတနေရာတွင် ဧပြီလ (၂၈)ရက်နေ့မှ မေလ(၁)ရက်နေ့ထိ (၄) ရက်ကြာ ကျင်းပမည့် မဟာဗျူဟာ ချမှတ်ရေးအစည်းအဝေးတရပ် ပြုလုပ်နေကြောင်း သတင်းရရှိသည်။



အစည်းအဝေးဖွင့်ပွဲနေ့တွင် သဘာပတိ ဗိုလ်ချုပ်ကြီးစောဘိုမြမှ အဖွင့်မိန့်ခွန်းပြောကြားနေစဉ်

ထိုအစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB)၊ SSA (ရှမ်းပြည်တောင်ပိုင်း)၊ တိုင်းရင်းသားပေါင်းစုံသွေးစည်းညီညွတ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကော်မတီ (ENSCC)၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်–လွတ်မြောက်နယ်မြေ (UNLD-LA)၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ(NCGUB)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)တို့မှ ထိပ်သီးခေါင်းဆောင်(၂၈)ဦး တက်ရောက်လာကြပြီး မြန်မာနိုင်ငံတွင် လက်ရှိ ဖြစ်ပေါ်နေသည့် တွေ့ဆုံဆွေးနွေးရေးအခြေအနေအပေါ် သုံးသပ်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရပြီး အစည်းအဝေးအပြီးတွင် မဟာဗျူဟာကျသည့် သုံးသပ်ချက်များပေါ်တွင် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

❖ ❖ ❖



# စစ်အုပ်စု၏ လူ့အခွင့်အရေးချိုးဖောက်မှု စိုးရိမ်ဖွယ်အဖြစ် လူ့အခွင့်အရေးကော်မရှင် ဆုံးဖြတ်

**ဧပြီ၊ (၁၇)ရက်။**

မြန်မာနိုင်ငံအတွင်း သတ်ဖြတ်မှုနှင့် ညှဉ်းပန်းနှိပ်စက်မှုများအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်နေမှုများကို နအဖစစ်အုပ်စုက ကျူးလွန်နေသည့်အတွက် အလွန်အမင်းစိုးရိမ်ဖွယ်ရာဖြစ်နေရကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်အစည်းအဝေးက ဆုံးဖြတ်ချက်တရပ်ကို ချမှတ်လိုက်သည်။

လူ့အခွင့်အရေးများ စနစ်တကျ ချိုးဖောက်နေမှုများသည် မြန်မာနိုင်ငံအတွင်း ဆက်လက်ဖြစ်ပေါ်နေကြောင်း အဖွဲ့ဝင်(၅၃)နိုင်ငံပါသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင် အစည်းအဝေးက ဆုံးဖြတ်ချက်တရပ် ချမှတ်အတည်ပြုခဲ့ခြင်း ဖြစ်သည်။

အီးယူဥရောပနိုင်ငံများအဖွဲ့က တင်သွင်းသည့် မြန်မာနိုင်ငံနှင့်ပတ်သက်သော အဆိုပြုချက်ကို ကော်မရှင်က လက်ခံအတည်ပြုခဲ့သော်လည်း မြန်မာနိုင်ငံဘက်မှ ရပ်တည်၍ အကောင်းဘက် ရှေးရှုသည့် လုပ်ဆောင်ချက်များကို နအဖစစ်အုပ်စုက လုပ်ဆောင်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့သည့် နိုင်ငံအချို့လည်း ရှိကြောင်း သတင်းများအရ သိရသည်။

လူ့အခွင့်အရေးကော်မရှင်၏ ဆုံးဖြတ်ချက်တွင် ထည့်သွင်းဖော်ပြထားရာ၌ မြန်မာနိုင်ငံအတွင်းတွင် တရားစီရင်မှု မပြုဘဲ ကွပ်မျက်ခြင်း၊ စစ်တပ်က အမျိုးသမီးများအား မတရားကျင့်ခြင်း၊ နိုင်ငံသားများအပေါ် အကြမ်းဖက်ဆက်ဆံခြင်းနှင့် ညှဉ်းပန်းနှိပ်စက်မှုများ ဆက်လက်ကျူးလွန်နေသလို နိုင်ငံရေးယုံကြည်ချက်ကြောင့် မိမိဆန္ဒကို ဖော်ပြခဲ့ကြသူများအား ဆက်လက်ဖမ်းဆီးနေဆဲဖြစ်သည့်အတွက် အလွန်အမင်း စိုးရိမ်ဖွယ်အခြေအနေတွင် ကျရောက်နေသည်ဟု ဖော်ပြထားသည်။

ထိုအစီရင်ခံစာတွင် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးမှု၊ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာပြည်အနှံ့ ခရီးသွားလာခွင့်ပြုမှုတို့အတွက် ကြိုဆိုကြောင်း ဖော်ပြထားသည်။ ထိုညီလာခံသို့ တက်ရောက်သည့် မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်က ကော်မရှင်၏ အစည်းအဝေးဆုံးဖြတ်ချက်များမှာ ချို့ယွင်းချက်များ ပါဝင်နေပြီး တဘက်စောင်းနင်း ဖော်ပြပြောဆိုချက်များသာဖြစ်ကြောင်း တုံ့ပြန်ပြောဆိုသွားခဲ့သည်။

❖ ❖ ❖

# ထင်ရှားသည့် ပြောင်းလဲမှုများ ပေါ်ပေါက်လာစေရန် အီးယူမှ ပိုမိုပြင်းထန်သည့် ပိတ်ပင်မှုများ ပြုလုပ်မည်

**ဧပြီ၊ (၁၇)ရက်။**

သိသာထင်ရှားသည့် ပြောင်းလဲမှုများ ဖြစ်ပေါ်မလာပါက စစ်အုပ်စုအပေါ် ယခုထက် ပိုမိုတင်းကျပ်သည့် အရေးယူပိတ်ဆို့မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ(EU)က ဆုံးဖြတ်ချက်အသစ်တရပ် ချမှတ်လိုက်သည်။

အချက်ပေါင်း(၁၈)ချက် ပါဝင်သည့် အဆိုပါဆုံးဖြတ်ချက်ကို လူဇင်ဘတ်မြို့တွင် ကျင်းပခဲ့သည့် အီးယူဝန်ကြီးများ အစည်းအဝေးတွင် ဧပြီလ(၁၄)ရက်နေ့က ချမှတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါအချက်များတွင် အီးယူအဖွဲ့သည် မြန်မာနိုင်ငံ၏အခြေအနေကို အမြဲတမ်း စောင့်ကြည့်နေပြီး အဆက်မပြတ်စိုးရိမ်နေရကြောင်း၊ အီးယူ၏ မြန်မာနိုင်ငံဆိုင်ရာ ရှုမြင်သုံးသပ်မှုများကို အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးခဲ့ကြောင်း၊ ၂၀၀၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏အခြေအနေမှာ အနည်းငယ် တိုးတက်လာခဲ့သည့်အတွက် ကြိုဆိုသော်လည်း လုံလောက်မှု မရှိသေးသည်ကို တွေ့ရကြောင်း ဖော်ပြထားသည်။

ဆက်လက်၍ ဖော်ပြထားရာတွင် စစ်အုပ်စုအပေါ် ဗီဇာပိတ်ပင်မှု၊ လက်နက်ရောင်းချရန် ပိတ်ပင်မှုနှင့် စီးပွားရေးပိတ်ပင်မှုများကို တနှစ်ကြာ ဆက်လုပ်သွားမည်ဖြစ်ပြီး လာမည့် အောက်တိုဘာလအထိ သိသာထင်ရှားသည့် တိုးတက်မှုများ ဖြစ်မလာခဲ့ပါက ယခုထက် တင်းကျပ်သည့် ပိတ်ဆို့မှုများ ဆက်လုပ်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် ဗီဇာပိတ်ပင်မည့် နအဖထိပ်ပိုင်းခေါင်းဆောင်များ၏ အမည်စာရင်းကို ထပ်မံတိုးချဲ့သွားရန်လည်း ထိုအစည်းအဝေးတွင် သဘောတူခဲ့ကြသည်။ သို့ရာတွင် ပညာရေး၊ လူမှုရေး၊ မူးယစ်ဆေးဝါးနှင့် အိပ်ချ်အိုင်ဗွီ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ အကူအညီများအား ကဏ္ဍအလိုက် ဆက်လက်ကူညီသွားမည်ဟု ဆိုသည်။

အဆိုပါဆုံးဖြတ်ချက်တွင် အီးယူသည် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေး၏ ကြားဝင်စေ့စပ် ဆောင်ရွက်နေမှုကို ထောက်ခံကြောင်း ဖော်ပြထားပြီး စစ်အုပ်စုအနေဖြင့် ရာဇာလီ၏ တိုက်တွန်းချက်များအား လိုက်နာသင့်သည်ဟု အကြံပြုထားသည်။ ထို့ပြင် မြန်မာပြည် ဒီမိုကရေစီရရှိရေးအတွက် အီးယူက တရုတ်၊ အိန္ဒိယ၊ ဂျပန်စသည့် အာရှနိုင်ငံများအပြင် အာဆီယံနိုင်ငံများနှင့်ပါ ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဟု ဆိုသည်။

အီးယူအနေဖြင့် မြန်မာနိုင်ငံအပေါ် အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရာတွင် ပထမအဆင့်အနေဖြင့် နအဖ ကို ရှင်းပြမည်ဖြစ်ပြီး ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုကို ကြိုဆိုမည်ဟု ဆိုသည်။ ထို့အတွက် အီးယူမှ သုံးဦးကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံသို့ စေလွှတ်မည်ဖြစ်သည်။

ဆုံးဖြတ်ချက်များတွင် အဓမ္မလုပ်အားခိုင်းစေမှုများ ပပျောက်ရေးအတွက် အိုင်အယ်လ်အို၏ ဆောင်ရွက်မှုများအား အီးယူက ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူ့အခွင့်အရေးအခြေအနေများ တိုးတက်မှုကို အဆက်မပြတ် စောင့်ကြည့်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ နအဖ ဘက်မှ တိုးတက်လာမှုကို တွေ့ရသည်နှင့်တပြိုင်ထဲ ချက်ချင်းတုန့်ပြန်သွားမည်ဖြစ်သည်ဟု အီးယူ၏ ဆုံးဖြတ်ချက်အသစ်တွင် ဖော်ပြပါရှိသည်။

❖ ❖ ❖

# ကုလသမဂ္ဂသို့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအစီရင်ခံစာ မစ္စတာပင်ဟေးရိုး တင်သွင်း



မြန်မာပြည်ဆိုင်ရာ
ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ
အထူးသံတမန်
မစ္စတာပေါ်လိုဆာဂျီရိုပင်ဟေးရိုး

**ဧပြီ၊ (၁)ရက်။**

မြန်မာ့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးအခြေအနေများနှင့်ပတ်သက်၍ မြန်မာပြည်ဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးသံတမန် မစ္စတာ ပေါ်လိုဆာဂျီရို ပင်ဟေးရိုးက ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်ထံသို့ စာမျက်နှာ(၆)မျက်နှာပါ အစီရင်ခံစာတစောင်ကို တင်ပြခဲ့သည်။

အဆိုပါအစီရင်ခံစာသည် မတ်လ(၁၉)ရက်နေ့မှ (၂၄)ရက်နေ့အတွင်း တွေ့ရှိချက်များအား အခြေခံကာ ဒီဇင်ဘာ(၁၀)ရက်နေ့က အစီရင်ခံစာနှင့် ပေါင်းစပ်ထားခြင်းဖြစ်သည်။ ၎င်းက မြန်မာပြည်ခရီးစဉ် ရည်ရွယ်ချက်ကို ဖော်ပြခဲ့ရာတွင် နိုင်ငံရေးအကျဉ်းသားများ၏အခြေအနေနှင့် နိုင်ငံရေး အခြေခံလွတ်လပ်ခွင့်၊ တရားစီရင်ရေးပုံစံ၊ ရှမ်းပြည်နယ်အပါအဝင် တိုင်းရင်းသားဒေသများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများအား နအဖ အာဏာပိုင်များနှင့် ဆွေးနွေးရန်ဖြစ်ကြောင်း၊ သို့ရာတွင် သုံးရက်မြောက်နေ့တွင် အင်းစိန်အကျဉ်းထောင်အတွင်း နိုင်ငံရေးအကျဉ်းသားများနှင့် စကားပြောနေစဉ် ၎င်း၏တာဝန်ကို နှောင့်ယှက်ခံခဲ့ရသည့်အတွက် ခရီးစဉ်ကို ချက်ချင်းရပ်ဆိုင်းပစ်ခဲ့ရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့နောက် မစ္စတာပင်ဟေးရိုးက အင်းစိန်အကျဉ်းထောင်အတွင်း ၎င်းနှင့် ဆွေးနွေးခဲ့သူများ၏ လုံခြုံရေးကို စိုးရိမ်မိကြောင်း ထည့်သွင်းပြောကြားခဲ့ပြီး တိုတောင်းလှသည့် ခရီးစဉ်အချိန်လေးတွင် နအဖ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်ညွန့်အပါအဝင် စစ်အရာရှိကြီးများ၊ ကုလသမဂ္ဂ အေဂျင်စီများ၊ အန်အဲယ်လ်ဒီပါတီမှ ထိပ်တန်းခေါင်းဆောင်များ၊ သံတမန်များ၊ မကြာသေးခင်မှ ပြန်လွတ်လာသည့် နိုင်ငံရေးအကျဉ်းသား(၉)တို့အား တွေ့ဆုံနိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

❖ ❖ ❖

# အမေရိကန်၏ လူ့အခွင့်အရေးအစီရင်ခံစာ နအဖ တုံ့ပြန်

**ဧပြီ၊ (၃)ရက်။**

ပြီးခဲ့သည့် မတ်လ (၃၁)ရက်နေ့က အမေရိကန်အစိုးရ၏ ၂၀၀၂ ခုနှစ်အတွက် လူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာ ထုတ်ပြန်ခဲ့ရာ ထိုအစီရင်ခံစာတွင် ဖော်ပြထားသည့် မြန်မာနိုင်ငံနှင့်ပတ်သက်သော စွပ်စွဲချက်များသည် အခြေအမြစ်မရှိကြောင်း နအဖက ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက နှစ်စဉ်ထုတ်ပြန်သည့် အဆိုပါ အစီရင်ခံစာတွင် တရုတ်၊ မြောက်ကိုရီးယားနိုင်ငံတို့အပါအဝင် အာရှနိုင်ငံအများအပြား၌ လူ့အခွင့်အရေးဆိုင်ရာအခြေအနေများ ဆိုးဝါးနေဆဲဖြစ်ကြောင်း ဖော်ပြထားပြီး မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဖော်ပြခဲ့ရာတွင် လက်ရှိအုပ်ချုပ်နေသည့် စစ်အစိုးရသည် နိုင်ငံသူနိုင်ငံသားများအပေါ် အနိမ့်ဆုံး လူ့အခွင့်အရေး ရပိုင်ခွင့်များကိုပင် ခံစားခွင့် မပေးထားဟု ဆိုလိုက်သည်။

ထို့ပြင် မြန်မာစစ်အုပ်စုသည် နိုင်ငံသားများအပေါ် တရားဥပဒေဘောင်အပြင်မှ သတ်ဖြတ်ခြင်း၊ အကြောင်းတစုံတရာမရှိဘဲ ဖမ်းဆီးညှဉ်းပန်းနှိပ်စက်ခြင်း၊ တိုင်းရင်းသားအမျိုးသမီးများအပေါ် မတရား အဓမ္မ ပြုကျင့်ခြင်း စသည်တို့ကို ပြုလုပ်နေဆဲဖြစ်ပြီး အဓမ္မ နေရာပြောင်းရွှေ့မှု၊ မတရားစေခိုင်းမှုများနှင့် ကလေးစစ်သား အသုံးပြုနေမှုများလည်း ဆက်လက်လုပ်ကိုင်နေဆဲ ဖြစ်သည်ဟု ဖော်ပြထားသည်။ ဆက်လက်၍ ဖော်ပြထားရာ၌ သတင်းစာနယ်ဇင်းလောက အပါအဝင် နိုင်ငံသားအားလုံး၏ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ ဖွဲ့စည်းစုဝေးခွင့်များအား ပိတ်ပင်ထားဆဲ ဖြစ်သည်ဟု ထိုအစီရင်ခံစာတွင် ဖော်ပြထားပြီး တနိုင်ငံလုံးရှိ အကျဉ်းထောင်များတွင် ယုံကြည်ချက်ကြောင့် အဖမ်းဆီးခံနေရသူ နိုင်ငံရေးအကျဉ်းသား (၁,၃၀၀)ခန့် ရှိကြောင်း ဖော်ပြထားသည်။

ထိုအစီရင်ခံစာနှင့်ပတ်သက်၍ နအဖ စစ်အုပ်စု၏ ပြောရေးဆိုခွင့်ရှိသူက ကြေညာချက်တစောင်ထုတ်ပြန်ခဲ့ရာတွင် အမေရိကန်အစိုးရ၏ အစီရင်ခံစာသည် နိုင်ငံတကာ ကြက်ခြေနီအဖွဲ့ (ICRC)နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်တို့၏ ပြောဆိုမှုများကို လျစ်လျူရှုထားပြီး မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့် မကိုက်ညီကြောင်း၊ အစီရင်ခံစာပါအကြောင်းအရာများသည် အစိုးရအပေါ် ဆန့်ကျင်နေသည့် လက်နက်ကိုင် သူပုန်များနှင့် အတိုက်အခံနိုင်ငံရေးအုပ်စုများ၏ ခိုင်လုံမှုမရှိသည့် စွပ်စွဲချက်များကို ပြန်လည်အသုံးပြုကာ တဘက်သတ်ရေးသားထားခြင်းဖြစ်ကြောင်း ပြန်လှန် ထိုးနှက်တုံ့ပြန်လိုက်သည်။

အမေရိကန်အစိုးရ၏ အဆိုပါအစီရင်ခံစာတွင် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် နှစ်ပေါင်းများစွာကာလအတွင်း မကြာခဏ ဖမ်းဆီးခံ၊ အနှောင့်အယှက်ခံ၊ စောင့်ကြည့်ခြင်း ခံနေရသော်လည်း မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာရေးအတွက် အနစ်နာခံ၍ ကြိုးစားဆောင်ရွက်နေဆဲဖြစ်သည်ဟု ချီးကျူးရေးသားထားသည်။ ❖

# အသံဖမ်းစက်ကိစ္စ အရေးယူပေးပါမှ မြန်မာ့အရေးဆက်စဉ်းစားမည်

**ဧပြီ၊ (၁)ရက်။**

မြန်မာနိုင်ငံတွင် အမျိုးသားပြန်လည်ပေါင်းစည်းရေးကိုဦးတည်သည့် စစ်မှန်သောတိုးတက်မှုများကို ဖော်ဆောင်ခြင်း မရှိသရွေ့ လူ့အခွင့်အရေးတိုးတက်မှုများ အမှန်တကယ်ဖြစ်မြောက်လာမည် မဟုတ်ကြောင်း လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာပင်ဟေးရိုးက ပြောကြားလိုက်သည်။

မစ္စတာပင်ဟေးရိုးသည် ဂျနီဗာတွင် ကျင်းပခဲ့သည့် လူ့အခွင့်အရေးဆိုင်ရာ ညီလာခံတွင် ယမန်နေ့က ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်ပြီး ၎င်း၏ မြန်မာနိုင်ငံ နောက်ဆုံးခရီးစဉ်အတွင်း အင်းစိန်ထောင်တွင် ကြုံတွေ့ခဲ့ရသည့် အသံဖမ်းစက်ကိစ္စနှင့် ပတ်သက်၍ နအဖက လုံလောက်သည့် အရေးယူမှု မပြုလုပ်ပါက အဆိုပါတာဝန်ကို ဆက်လက်ထမ်းဆောင်ရန် သင့်မသင့် ပြန်လည်စဉ်းစားရမည်ဖြစ်ကြောင်း ပြောဆိုသွားခဲ့သည်ဟု သိရသည်။

(လူ့အခွင့်အရေးညီလာခံ၏ နောက်ပိုင်းဆုံးဖြတ်ချက်အရ မစ္စတာပင်ဟေးရိုးသည် မြန်မာ့နိုင်ငံအရေးတွင် ဆက်လက်ဆောင်ရွက်သွားရန် အခြေအနေရှိသည်။)

❖ ❖ ❖

# အီရတ်ဟာ ဘုရှ် ရဲ့ ဗီယက်နမ် ဖြစ်မှာလား ...



**ဧပြီ၊ (၃)ရက်။ [ဘန်ကောက်ပို့စ်]**

အမေရိကန်တို့သည် ဗီယက်နမ်တွင် ၎င်းတို့ရှိနေခြင်းအား ဘယ်သောအခါမျှ ယုတ္တိရှိရှိ ရှင်းမပြနိုင်ခဲ့ချေ။ အီရတ်ကိစ္စတွင်လည်း ထို့အတူပင်။ ဗီယက်နမ်ကား ဆိုးဝါးစွာ နိဂုံးချုပ်ခဲ့ပေပြီ၊ အီရတ်တွင် ကံကောင်းထောက်မစွာ ကောင်းကောင်းမွန်မွန် အဆုံးသတ်ဖို့ဆိုသည်ကိုကား ပြည်သူအများက ပို၍ ပို၍ပင် သံသယရှိကြပေသည်။

---

"အခု ကျနော်တို့ ဒီလူတွေအပေါ် ဗုံးကြဲတာ ရပ်လိုက်ပါပြီ။ ဆုံးရှုံးမှုတွေလိုပဲ အဆိုးတခုခုဖြစ်မယ်လို့ ကျနော်တော့ မထင်ဘူး။ အောင်မြင်ဖို့ လမ်းတခုမှလည်း မမြင်ဘူး"ဟု သမတက နှစ်ကိုယ်ကြား သီးသန့်ပြောကြားခဲ့သည်။

ထိုသမတမှာ လင်ဒန်ဘိဂျွန်ဆင် ဖြစ်သည်။ အချိန်က ၁၉၆၅ ခုနှစ်ဖြစ်ပြီး၊ ဗီယက်နမ်စစ်ပွဲ၏ အလယ်ပိုင်းကာလ အခြေအနေများအား ညည်းညူနေခြင်းဖြစ်သည်။

စစ်ပွဲကား မနိုင်နိုင်ဘူးဆိုသည်ကို နိဂုံးချုပ်ပြီးဖြစ်သော်လည်း သူကတော့ မစွန့်လွှတ်ချေ။ သူ၏ခေါင်းမာမှုက ကုန်ကျစရိတ်ကြီးမားစွာ သက်သေပြလိုက်သည်။ ၁၉၇၅ ခုနှစ် အမေရိကန်စစ်သားများ တိုင်းပြည်မှ နောက်ဆုံးမထွက်ခွာမီတွင် အမေရိကန် စစ်သား(၅၇,၀၀၀)ကျော်နှင့် ဗီယက်နမ်စစ်သား (၁)သန်းကျော် အသက်ဆုံးရှုံးခဲ့သည်။

အမှန်တကယ်ဆိုလျှင် စစ်ရေးအရကြည့်ပါက ယနေ့စစ်ပွဲနှင့် အလွန်တရာမှ ကွာခြားလှပေသည်။ အရေးအကြီးဆုံးမှာ အလွန့်အလွန် အင်အားသာလွန်သော ကျူးကျော်သူများအား ဆင်နွှဲသည့် ပြောက်ကျားစစ်ပွဲအတွက် တောတောင်ထူထပ်မှုသည် ပိုမို အကာအကွယ်ကောင်းသည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်သည်။ အီရတ်တိုက်ခိုက်ရေးသမားများတွင် ပုန်းအောင်းစရာနေရာ များများစားစား မရှိချေ။

သို့သော် ယခုအခါ စစ်ပွဲသည် ကြိုတင်မျှော်လင့်ထားသည်ထက် ပိုကြာပြီး ပိုမိုရှုပ်ထွေးလာပြီဖြစ်ခြင်းကြောင့် မလွှဲမရှောင်သာ နှိုင်းယှဉ်စရာ ဖြစ်လာပေပြီ။ ထို့ပြင် တူညီမှုအများအပြားလည်း ရှိပေသည်။ ဤစစ်ပွဲ




နှစ်ခုစလုံးသည် အမေရိကန်နှင့် ၎င်း၏ မဟာမိတ် ခေါင်းဆောင်များက အင်ပါယာ တည်ဆောက်လိုသည့်အကြောင်းကြောင့် အခြားနိုင်ငံတခုအား ကျူးကျော်ခဲ့သည့် အောင်နိုင်ရေးစစ်ပွဲများဖြစ်သည်ဆိုခြင်းကို ကမ္ဘာ့နိုင်ငံအများစုက မုန်းမုန်းကန်ကန် မြင်တွေ့နေကြသည်။

ဗီယက်နမ်ရော အီရတ်ပါ အမေရိကန်အား ကျူးကျော်ရန် မည်သည့်လှုံ့ဆော်မှုကိုမျှ မပြုလုပ်ခဲ့ကြ။ ကျနော်တို့ ယခုသိသည့် ဗီယက်နမ်သည် ၁၉၇၅ ခုနှစ်မှစပြီး ကွန်မြူနစ်အစိုးရအောက်တွင် ရှိနေသည့်တိုင် အမေရိကန်အတွက် လုံခြုံရေးအရ စိုးရိမ်ဖွယ်ရာကောင်းသည့် မည်သည့် ခြိမ်းခြောက်မှုကိုမျှ မလုပ်ခဲ့။




အမေရိကန်အစိုးရသည် ဗီယက်နမ်တွင် အပြစ်မဲ့ပြည်သူ သိန်းပေါင်းများစွာကို သတ်ဖြတ်ခဲ့သည်။ သည့်နောက် အတော်များများမှာ သည်လိုနှင့်ပြီးသွားခဲ့သည်။ စစ်မဲ့ဇုံဟု သတ်မှတ်ထားသည့် (ထိုသတ်မှတ်ဒေသတွင် မည်သူတဦးတယောက်ကိုမျှ သတ်ဖြတ်ခြင်းမပြုနိုင်) မြို့ကြီးများနှင့် ကျေးရွာများစွာတို့အား ဖုံးမိုးရွာခဲ့သည်။ ကျေးလက်ဒေသများအား အဆိပ်မိုးများ ရွာချခဲ့သည်။ ထောင်ပေါင်းများစွာသော လုပ်ကြံမှုများ လုပ်ဆောင်ခဲ့သည်။ လူသန်းပေါင်းများစွာတို့အား သေကြေပျက်စီးစေခဲ့သည်။ သို့သော် ဝါရှင်တန်သည် စစ်ပွဲက ရှုံးနေဆဲ။

အပြစ်မဲ့ပြည်သူများအား လုံလုံလောက်လောက် သတ်နိုင်ရန် စိတ်ဆန္ဒရှိလျှင်ကား ဘုရှ်၏အဖွဲ့သည် ဤစစ်ပွဲကို နိုင်ကောင်းနိုင်ပေလိမ့်မည်။ အီရတ်တိုက်ခိုက်ရေးသမားများတွင် ပုန်းအောင်းစရာမှာ မြို့ကြီးများတွင်သာ ရှိပေသည်။ အထူးသဖြင့် ဘဂ္ဂဒက်တွင်သာ ရှိပေသည်။ ၎င်းတို့အား ဗုံးကြဲနိုင်သည်၊ ဝိုင်းထားနိုင်သည်။ ထိုထက်မက အညွှန့်ခံရန် အစာဖြတ်ရေဖြတ် လုပ်ထားနိုင်သည်။ ထို့ပြင် ဝါရှင်တန်အတွက်သည်ကား အပြစ်မဲ့ပြည်သူများ မည်မျှပင်သေသေ၊ မည်မျှပင် ဒုက္ခိတဖြစ်ဖြစ် ဂရုမစိုက်။

သို့သော် ကျန်သည့်ကမ္ဘာ့ပြည်သူများမှ မြင်ပုံတွေးပုံများကိုကား အမေရိကန်ပြည်သူများ မသိစေရန် ဖုံးကွယ်မထားနိုင်။ ပြင်ပကမ္ဘာမှ အစီရင်ခံမှုများအား အီရတ်ပြည်သူများသည် လှိုင်းတိုရေဒီယို အသုံးပြုပြီး ရနေသမျှကာလပတ်လုံး အတည်မပြုရသေးသော စစ်သတင်းများသည် အမေရိကန်ပြည်ထောင်စုအတွင်းသို့ အင်တာနက် (ဥပမာ–www.commondreams.org)မှတဆင့် တဖြည်းဖြည်း ပျံ့နှံ့နေပေလိမ့်မည်။

တီဗွီသတင်းများအပေါ်တွင် အာရုံဝင်စားနေသော သတင်းထောက်အများစုသည် အစိုးရက ပြည်သူများကို ကြားစေချင်သမျှ သတင်းများကို အမေရိကန်ပြည်သူများအား ပြောပြနေပေသည်။ ဥပမာ– ဘာဆာမြို့ကို အမေရိကန်တပ်ဖွဲ့များက သိမ်းလိုက်ပြီ၊ ထိုနေရာတွင် လူထုအုံကြွမှုဖြစ်နေပြီ စသည့် အချို့ကိစ္စများ၌ တကယ့်သတင်းမှားများ ဖြစ်သည့်တိုင်အောင် ထုတ်လွှင့်နေပေသည်။ မြို့ကြီးများအား ဗုံးကြဲခြင်းသည် သူတို့အတွက် မီးရှူးမီးပန်း လွှတ်ပြရုံလောက်သာ ဖြစ်သည်။





ဆေးရုံအသွား လမ်းမပေါ်တွင် အူများထွက်ကျနေသော အသက်(၇)နှစ်အရွယ် ကောင်မလေးတယောက်၊ အီရတ်မိသားစုများ၏ အိမ်မှ ခွဲခွာရသော ပူဆွေးသောကများ၊ ထိုအရာများသည် အမေရိကန် တီဗွီကြည့် ပရိသတ်များအတွက် အံဝင်ဂွင်ကျဖြစ်မည်ဟု မယူဆချေ။ မည်သည့် တီဗွီသတင်းဌာနကမျှ ဤစစ်ပွဲသည် ဥပဒေအရ တရားဝင်/မဝင်၊ ကိုယ်ကျင့်တရားနှင့် ညီ/မညီ၊ တရားမျှတမှုရှိ/မရှိ သို့မဟုတ် စစ်ပွဲ၏ အရင်းခံအကြောင်းရင်းများအား မေးခွန်းထုတ်မည့် ကျွမ်းကျင်သူများနှင့် တွေ့ဆုံမေးမြန်းခြင်းများ မလုပ်ကြချေ။ ပုံနှိပ်သတင်းဌာနများက ပိုမိုထွေပြားသည့် သတင်းအမျိုးမျိုးကို ပေးသည်။ သို့သော် ဘုရှ်အဖွဲ့က ယခုထိ အမေ



ရိကန်အများစုသည် သူတို့၏သတင်းများကို ခိုင်လုံသော သတင်းရပ်ကွက်များမှ ရနေပါသည်ဟု အမြဲတထုတ် ပြောဆိုနေဆဲပင်။

၎င်းတို့၏ သတင်းမီဒီယာအား အောင်မြင်စွာ ကြိုးကိုင်ခြယ်လှယ်နိုင်ခြင်းမှာ ဤစစ်ပွဲအတွင်းသို့ အမေရိကန် ပါဝင်လာခြင်းနှင့် ဤသို့ပါဝင်ပတ်သက်ရာတွင် လွှတ်တော်နှစ်ရပ်စလုံးမှ ရီပတ်ဘလီကန်ပါတီအား ထောက်ခံစေခြင်းတို့ပင်ဖြစ်သည်။

သို့သော် နေ့ရက်များ ကုန်လွန်လာသည်နှင့်အမျှ ဤစစ်ပွဲ၏ အကျည်းတန်သော အမှန်တရားသည် နိုင်ငံရေးမြင်ကွင်းထဲသို့ မိလ္လာကန်မှ မစင်ရေများ စိမ့်ထွက်လာသကဲ့သို့ စိမ့်ထွက်လာသည်။ ထိုအရာသည် သမတဂျော့ဘုရှ်၏ အကျပ်အတည်းပင်၊ အမေရိကန်ပြည်သူများက ကျန်ကမ္ဘာ့ပြည်သူများနှင့် အမီလိုက်ပြီး ဤစစ်ပွဲ၏ တကယ့်ဖြစ်ရပ်မှန်ကို မမြင်နိုင်မီ သူ့အဖို့ ဤစစ်ပွဲကို မြန်မြန်အောင်နိုင်ဖို့ လိုသည်။ သမတဂျွန်ဆင် သို့မဟုတ် နစ်ဆင်တို့အဖို့ ဗီယက်နမ် လယ်သမားများ၏အသက်သည် ဈေးပေါသကဲ့သို့ သူ့အဖို့လည်း အီရတ်ပြည်သူများ၏ အသက်သည် ဈေးပေါကောင်း ပေါပေလိမ့်မည်။ သို့သော် ဗီယက်နမ်တွင် လုပ်ခဲ့သလိုပင် အီရတ်တွင် အတိုင်းအဆအားဖြင့် ထုလိုက်ထည်လိုက် သတ်ဖြတ်မှုအား အစိုးရက ကျူးလွန်ခဲ့လျှင် ယနေ့ကမ္ဘာကြီးသည် အမေရိကန်ပြည်ထောင်စုအား သည်းခံမည်လား သို့မဟုတ် ခွင့်လွှတ်မည်လား ဆိုသည်ကတော့ မရေရာ မသေချာလှ။

မစ္စတာဘုရှ်အနေဖြင့် ဒေသတွင်းရှိ ဝါရှင်တန်၏ အခြားသော မိတ်ဆွေအစိုးရများအား ဆန့်ကျင်ပုန်ကန်မှုများ လှုံ့ဆော်ခြင်း မရှိပါဘဲနှင့် အီရတ်အား အောင်မြင်ခဲ့လျှင်ဆိုသည့်တိုင် ထိုအရာသည် သူကြုံတွေ့ရမည့်ဒုက္ခများ၏ အစသာ ဖြစ်ကောင်းဖြစ်နေပေလိမ့်ဦးမည်။ အမေရိကန် သိမ်းပိုက်ထားသော အီရတ်သည် အစ္စရေးသိမ်းပိုက်ထားသော အနောက်ဖက်ကမ်းဒေသ၏ အကြီးစား မူကွဲတခု ဖြစ်လာနိုင်ပေသည်။ ထိုနေရာသည် အကြမ်းဖက်မှုများ မဖြစ်လျှင် သိမ်းပိုက်ထားရသည့် စရိတ်စက ကြီးမားမှုက အဆုံးတွင် အမေရိကန် တပ်သားများအား တိုင်းပြည်ပြင်ပသို့ မဖြစ်မနေ မောင်းထုတ်ပေလိမ့်မည်။

သူ့အနေဖြင့် စစ်ပွဲနိုင်လျှင်တောင်မှ အီရတ်သည် ဂျော့ဘုရှ်၏ဗီယက်နမ်ဖြစ်ရန် ကောင်းကောင်း သက်သေပြနိုင်ပေလိမ့်မည်။ လွန်ခဲ့သည့်အပတ်က အကြီးတန်း အမေရိကန် စစ်အရာရှိတဦးက "ဒီဟာကို ဘယ်လို အဆုံးသတ်မလဲဆိုတာကို ကျနော့်ကို ပြောပါ"ဟု ဤကိစ္စအား ထပ်လောင်း ပြောကြားခဲ့ပေသည်။ ❖

[မှတ်ချက်။ ။ ဤဆောင်းပါးရေးသူ မာ့က်ဝေးစ်ဘရော့ (Mark Wiesbrot)သည် ဝါရှင်တန်ဒီစီ စီးပွားရေးနှင့် မူဝါဒရေးရာ သုတေသနဌာန၏ ပူးတွဲညွှန်ကြားရေးမှူး ဖြစ်သည်။ ဆောင်းပါးရှင်ကဏ္ဍတွင် စီးပွားရေးနှင့် မူဝါဒရေးရာကိစ္စများအား ရေးသားပြီး အပတ်စဉ်တိုင်း သတင်းစာ (၄၀၀)ကျော်သို့ဖြန့်ဝေခဲ့သည်။ Dean Baker နှင့်အတူ စာအုပ်ပေါင်းများစွာ ပူးတွဲရေးခဲ့သူဖြစ်သည်။]



# စစ်ပြီးအုပ်ချုပ်ရေးနှင့် ပတ်သက်၍ အမေရိကန်နှင့် ဗြိတိန် သဘောထားကွဲလွဲ

**ရိုက်တာ၊ [လန်ဒန်]**

အီရတ်တွင် စစ်ပြီးအစိုးရအဖွဲ့ကို ပြင်ပလူများမပါဘဲ အီရတ်ပြည်သူများကသာ ဦးဆောင်ရလိမ့်မည်၊ သို့သော် ဝါရှင်တန်နှင့် ကွဲလွဲချက်များ လျော့နည်းအောင်လည်းကြိုးစားခဲ့သည်ဟု ဗြိတိန်က အခိုင်အမာ ပြောဆိုခဲ့သည်။

"အဆုံးမှာ အီရတ်ကို အမေရိကန်တွေ၊ ဗြိတိသျှတွေ၊ တခြား ပြင်ပ ဘယ်အင်အားစုတွေမှ မအုပ်ချုပ်သင့်ပါဘူး။ ဆယ်စုနှစ်များအတွင်းမှာ ပထမဆုံးအကြိမ် အီရတ်ပြည်သူများသာ အုပ်ချုပ်သင့်ပါတယ်"ဟု ဝန်ကြီးချုပ်တိုနီဘလဲက ပါလီမန်သို့ ပြောကြားခဲ့သည်၊

အနာဂတ်မှာ ဘယ်လိုရှင်းရမလဲဆိုတဲ့အပေါ် ပိုင်ပိုင်နိုင်နိုင် ထိန်းချုပ်နိုင်စွမ်းမရှိဘဲ ညွှန့်ပေါင်းအဖွဲ့တွေနဲ့အတူ ဒီလေးလံတဲ့ ဝန်ထုပ်ဝန်ပိုးကြီးကို ဝါရှင်တန်က တာဝန်ယူမှာမဟုတ်ပါဘူးဟု လွန်ခဲ့သည့်အပတ်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝယ်က ပြောကြားခဲ့သည်။

အခြေခံကွဲလွဲချက်များရှိသည်ကို တိုနီဘလဲက ငြင်းပယ်ခဲ့သော်လည်း အချို့ပြဿနာများအား အရိပ်အမြွက် ပြောကြားခဲ့သည်။ "အီရတ်ကြားဖြတ်အာဏာပိုင်အဖွဲ့ကို အသွင်ကူးပြောင်းရာမှာတော့ အခက်အခဲတွေ ရှိလိမ့်မယ်"ဟု ၎င်းက ပြောခဲ့သည်။

စစ်ပြီးအုပ်ချုပ်ရေးဆောင်ရွက်မှုကို ကုလသမဂ္ဂက အတည်ပြုရမည်ဆိုသည်ကို သမတဘုရှ်နှင့် ကျန်သည့် နိုင်ငံတကာ အသိုင်းအဝိုင်းအား သဘောတူစေခဲ့သည် ဆိုခြင်းကို သူက အခိုင်အမာပြောဆိုခဲ့သည်။

သို့သော် ဘယ်လောက်တိကျရမှာလဲ၊ အချို့သော ဥရောပအင်အားစုများက ကုလသမဂ္ဂအား တာဝန်ယူစေချင်သလို ဝါရှင်တန်ကလည်း ကုလသမဂ္ဂအား အီရတ်၌ အမေရိကန်အား အုပ်ချုပ်ခွင့် ပေးစေလိုသည်။

"ကုလသမဂ္ဂမှာတော့ သဘောထားကွဲလွဲမှုတွေရှိတယ်ဆိုတာ ကျနော် သံသယမဖြစ်ပါဘူး။ ဒါပေမယ့် ဒီကွဲလွဲမှုတွေဟာ စေ့စပ်လို့ရပါတယ်"ဟု တိုနီဘလဲက ပြန်လည်ပြောကြားခဲ့သည်။

ဂျာမန်နိုင်ငံခြားရေးဝန်ကြီး၊ ရုရှားနိုင်ငံခြားရေးဝန်ကြီး၊ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးတို့နှင့် ဘရပ်ဆဲမြို့တွင် တွေ့ဆုံမည့် ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဂျက်စထရောကလည်း "အီရတ်တွေဟာ သူတို့နိုင်ငံကို သူတို့ပဲ အုပ်ချုပ်ရပါလိမ့်မယ်"ဟု ထပ်လောင်းပြောဆိုခဲ့သည်။ ပဋိပက္ခများအပြီး ကုလသမဂ္ဂဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းမှုများ စတင်နေပြီဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

"အခြားတိုင်းပြည်တွေက အကြံပေးတွေရှိနိုင်တယ်။ ဒါပေမယ့် အီရတ်အစိုးရအဖွဲ့ကို အုပ်ချုပ်နေတဲ့ ပြင်ပကနိုင်ငံသားတွေတော့ ပါမှာ မဟုတ်ဘူး။ ဒါဟာ ဒီလုပ်ရပ်ရဲ့ ရည်ရွယ်ချက်လည်း မဟုတ်ပါဘူး"ဟု သူက ဘီဘီစီရေဒီယိုအား ပြောပြခဲ့သည်။

ဝန်ကြီး (၂၃)ဦးပါဝင်ပြီး ၎င်းတို့တဦးချင်းစီအား အမေရိကန်တဦးက ဦးဆောင်သည့် အီရတ်ကြားဖြတ်အစိုးရအဖွဲ့တဖွဲ့ကို ဝါရှင်တန်က စီမံကိန်းချနေသည်ဟု ဗြိတိန်၊ ဂါဒီယန်သတင်းစာက ပြောကြားခဲ့သည်။

မှန်းဆချက်တွေကတော့ အမြဲတန်းရှိနေတာပါပဲဟု ပြောဆိုပြီး ထိုအစီရင်ခံစာအား မစ္စတာစထရောက အတည်မပြုခဲ့သော်လည်း ငြင်းလည်း မငြင်းခဲ့ပေ။

"ဒါပေမယ့် ကျနော်တို့ ရည်ရွယ်ချက်ကတော့ အီရတ်တွေကိုယ်တိုင် အုပ်ချုပ်မယ့် အီရတ်ကြားဖြတ်အာဏာပိုင်အဖွဲ့ကို မြန်နိုင်သမျှ မြန်မြန်လွှဲပေးဖို့ပါပဲ"ဟု မစ္စတာဘလဲက ပြောကြားခဲ့သည်။

❖ ❖ ❖



ဗြိတိသျှဝန်ကြီးချုပ် မစ္စတာတိုနီဘလဲနှင့်
နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျက်စထရော

# ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများ ဖျက်ဆီးခံရမှု ယဉ်ကျေးမှုဆိုင်ရာ အကြံပေးနှစ်ဦး ရာထူးမှ နုတ်ထွက်

**ဧပြီ၊ (၁၉)ရက်။ [သည်နေးရှင်း]**

အမေရိကန်တပ်များက ဘဂ္ဂဒက်ရှိ ရှေးဟောင်းပြတိုက်များအား လုယက် ဖျက်ဆီးခံရမှုဘေးမှ အကာအကွယ်မပေးခဲ့ခြင်းကြောင့် ဘုရှ်အစိုးရအဖွဲ့၏ ယဉ်ကျေးမှုဆိုင်ရာ အကြံပေးအရာရှိနှစ်ဦးဖြစ်သည့် ယဉ်ကျေးမှုပစ္စည်းပိုင်ဆိုင်မှုဆိုင်ရာ သမတ၏ အကြံပေးကော်မတီဥက္ကဋ္ဌတာဝန်ကို (၈) နှစ်ကြာ ထမ်းဆောင်ခဲ့သူ မစ္စတာမာတင် စူလီဗန်နှင့် အကဲဖြတ်အဖွဲ့ဝင် မစ္စတာဂယ်ရီ ဗစ်ကန်တို့သည် ရာထူးမှနုတ်ထွက်ခဲ့ကြသည်။

"ကျနော်တို့ဟာ ရေနံရဲ့ တန်ဖိုးကို သေသေချာချာသိကြသလောက် သမိုင်းဝင် ရှေးဟောင်းလက်ရာတွေရဲ့ တန်ဖိုးကိုတော့ သေသေချာချာမသိကြဘူး"ဟု အမေရိကန်နိုင်ငံ ဘာတီမိုးရှိ ဝယ်လ်တာအနုပညာပြခန်း ဦးဆောင်ညွှန်ကြားရေးမှူးဖြစ်သူ မစ္စတာဗစ်ကန်က ဧပြီလ(၁၇)ရက်နေ့တွင် ပြောဆိုခဲ့သည်၊

စစ်ပွဲစလျှင်စချင်း အမေရိကန် ဦးဆောင်တပ်များသည် တန်ဖိုးရှိလှသော ရေနံမြေများကို ရန်သူတို့၏ မြေလှန်စနစ်မှ လွတ်မြောက်ရန် လျင်လျင်မြန်မြန် ကာကွယ်ခဲ့ကြသည်။ သို့သော် ဘဂ္ဂဒက်ရှိ ရှေးဟောင်းသုတေသနအတွက် တန်ဖိုးရှိသော ရှေးဟောင်းပစ္စည်းများ သိမ်းဆည်းပြသထားရာ ပြတိုက်များ၊ ပြခန်းများနှင့် စာကြည့်တိုက်များကိုမူ လုယက်သူများလက်မှ လွတ်မြောက်အောင် ကာကွယ်မှုမပေးနိုင်ခဲ့ကြပေ။

လွန်ခဲ့သည့်လ စစ်ပွဲမစတင်မီ ရှေးဟောင်းသုတေသနပညာရှင်များအား အမေရိကန် စစ်ဆင်ရေးညွှန်ကြားသူများက အီရတ်ရှေးဟောင်းလက်ရာပစ္စည်းများနှင့် ၎င်းတို့တည်ရှိရာနေရာများကို အမေရိကန်မြို့သိမ်းတပ်များအနေဖြင့် ကာကွယ်စောင့်ရှောက်မည်ဟူသော အာမခံချက်ကို ပေးခဲ့သည်။ သို့သော်လည်း ၎င်းနေရာများသည် အမေရိကန်တပ်များ၏ မြို့သိမ်းတိုက်ပွဲဖြင့် သမတ ဆက်ဒမ်ဟူစိန်၏ အုပ်စိုးမှုကို အဆုံးသတ်စဉ် ပေါ်ပေါက်လာခဲ့သော လုယက်ဖျက်ဆီးမှုလှိုင်းဂယက် ဒဏ်အောက်သို့ ကျရောက်ခဲ့သည်။

အီရတ်အမျိုးသားပြတိုက်တွင် ရှေးဟောင်းသုတေသနအတွက် တန်ဖိုးမဖြတ်နိုင်သော ကမ္ဘာ့အစောဆုံး လူ့ယဉ်ကျေးမှုစတင်ရာနှင့်ဆိုင်သော အချက်အလက်များ တည်ရှိပြီး ဘဂ္ဂဒက်ရှိ ပြတိုက်များတွင် အချို့သာ ဘာသာပြန်ဆိုနိုင်သေးသော ရှေးဟောင်း သုံးထောင့်ပုံ ကျောက်စာချပ်ပေါင်း (၁၀,၀၀၀)ကျော်ရှိသည်။ ❖

# ဆားစ်ရောဂါပျံ့နှံ့မှု တားဆီးရေးအတွက် တရုတ်ကျန်းမာရေးဝန်ကြီးသစ် ခန့်အပ်

**ဧပြီ၊ (၂၉)ရက်။**

တရုတ်နိုင်ငံ ပီကင်းမြို့တော် စည်ပင်သာယာရေးအဖွဲ့က ဆားစ်ရောဂါပျံ့နှံ့မှုကို ရှောင်ရှားသည့်အနေဖြင့် လူစုလူဝေးစုရုံးမှုမျိုးအပါအဝင် ဖျော်ဖြေရေးပွဲများအားလုံး ပိတ်ပင်ထားရန် ဆုံးဖြတ်ခဲ့သည်။ ရောဂါဖြစ်ပွားမှု ထိန်းချုပ်နိုင်သည်အထိ ပီကင်းမြို့တော်ရှိ ရုပ်ရှင်ရုံ၊ ကပွဲရုံနှင့် ကာရာအိုကေဘားများ၊ အင်တာနက်ကဖေးများကို ပိတ်ပင်ထားသည်။ အစိုးရစာကြည့်တိုက်များအားလုံးကိုလည်း မေလ(၈)ရက်နေ့အထိ ပိတ်ပင်ထားလိုက်သည်။

ဆားစ်ရောဂါဖြစ်ပွားမှုအပေါ် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများနေနှင့် တုံ့ပြန်ဆောင်ရွက်မှု နှေးကွေးခဲ့သည်ဟု ဝေဖန်ခံရပြီးနောက် ပီကင်းမြို့တော်ဝန်နှင့် ကျန်းမာရေးဝန်ကြီးကို ရာထူးမှ ထုတ်ပယ်ခဲ့ပြီး အစိုးရထဲတွင် ရာထူးအမြင့်ဆုံး အမျိုးသမီးဖြစ်သည့် ဒုဝန်ကြီးချုပ် ဝူရီကို ကျန်းမာရေးဝန်ကြီးအဖြစ် အစားထိုး ခန့်အပ်ခဲ့သည်။ တရုတ်နိုင်ငံတွင် ဆားစ်ရောဂါကြောင့် လူပေါင်း (၁၂၀)ကျော် သေဆုံးခဲ့ပြီး ဖြစ်သည်။ ❖

# "ထိုင်းနိုင်ငံဟာ အမေရိကန်ရဲ့ လက်ပါးစေ မဟုတ်" ထိုင်းဝန်ကြီးချုပ်ပြောကြား

**ဧပြီ၊ (၃)ရက်။ [ဘန်ကောက်ပို့စ်]**

"စကားစစ်ထိုးပွဲတွေဟာ မဟာမိတ်ဖွဲ့မှုကို အန္တရာယ်ဖြစ်စေနိုင်တယ်"

အမေရိကန်နိုင်ငံခြားရေးဌာနမှ မကြာသေးမီက ထုတ်ပြန်ခဲ့သော ထိုင်းအစိုးရ၏ ပေါ်လစီအား အပြစ်တင်ဝေဖန်ထားသည့် အစီရင်ခံစာသည် ဝန်ကြီးချုပ်ထပ်စင်ရှီနာဝါထရာအား အကြီးအကျယ် ဒေါသထွက်စေခဲ့သည်။ ထိုကိစ္စနှင့်ပတ်သက်၍ ဝန်ကြီးချုပ်က "ထိုင်းနိုင်ငံဟာ အမေရိကန်ပြည်ထောင်စုရဲ့ လက်ပါးစေ မဟုတ်ဘူး။ ဝါရှင်တန်မှာ ဒါနဲ့ပတ်သက်ပြီး ကိုယ့်ကိုယ်ကို ကိုယ်ရည်သွေးဖို့ ဘယ်လောက်မြင့်မြတ်မှုတွေရှိနေလို့လဲ"ဟု ပြောကြားခဲ့သည်။

ဒီမှာ အဂတိလိုက်စားမှုတွေဟာ သာမန်ပဲ။ အစိုးရရဲ့ လူ့အခွင့်အရေးမှတ်တမ်းကလဲ မေးခွန်းထုတ်စရာတွေ ရှိတယ်ဟု ထိုအစီရင်ခံစာက ထိုင်းနိုင်ငံနှင့် ပတ်သက်၍ ဖော်ပြခဲ့သည်။

အမေရိကန်ဟာ သူ့ရဲ့သဘောထားတွေကို ပြောင်းရမယ်၊ နောက်ပြီး ဒီနိုင်ငံကို လက်အောက်ခံအနေနဲ့ မဟုတ်ဘဲ တန်းတူရည်တူဆက်ဆံဖို့ စတင်လုပ်ဆောင်ရလိမ့်မယ်ဟု မစ္စတာထပ်စင်က ပြောကြားခဲ့သည်။

"ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ပြောနေတဲ့ နိုင်ငံတနိုင်ငံအနေနဲ့ တကယ်တော့ လက်တွေ့မှာ မလုပ်ပါဘူး"ဟု အမေရိကန် ဦးဆောင်ဆင်နွှဲခဲ့သော အီရတ်စစ်ပွဲအား ကိုးကားရည်ညွှန်းပြီး ပြောဆိုခဲ့သည်။



ထိုင်းဝန်ကြီးချုပ်
မစ္စတာထပ်ဆင်ရှီနာဝါထရာ

အမေရိကန်က အခြားတိုင်းပြည်တွေအပေါ် အပြစ်တင်ဝေဖန်ထားတဲ့ အလားတူအစီရင်ခံစာမျိုးကို နှစ်စဉ်ထုတ်ဝေတယ်ဟု သူက ပြောကြားခဲ့သည်။

"တနေ့မှာ ကျနော်တို့ နိုင်ငံခြားရေးဝန်ကြီးက တခြားနိုင်ငံတွေအပေါ် အသုံးမကျတဲ့ဟာတွေ အများကြီး လုပ်နေတာပဲဆိုပြီး ဒေါသတကြီး ဝေဖန်တဲ့ လွှတ်လပ်မှုမျိုးကို အရယူကောင်းယူပါလိမ့်မယ်"ဟု ထပ်စင်က ပြောကြားခဲ့သည်။

တကယ်လို့ အမေရိကန်က တခြားနိုင်ငံတွေအပေါ် သဘောမကျတဲ့ အပြောအဆိုမျိုး ပြောဆိုခဲ့မယ်ဆိုရင် အလားတူတုံ့ပြန်မှုမျိုးကို သူ့အနေနဲ့ ပြင်ဆင်ထားရမယ်ဟု မစ္စတာထပ်စင်က ပြောကြားခဲ့သည်။

"ကျနော်တို့ဟာ အမေရိကန်ရဲ့ မိတ်ဆွေပါ။ ဒါပေမယ့် ကျနော်တို့ဟာ ဘယ်သူ့ရဲ့ လက်ပါးစေမှ မဟုတ်ဘူး။ အမေရိကန်ဟာ ကျနော်တို့ကို မဟာမိတ်အနေနဲ့ မြင်သင့်တယ်။ ယဉ်ကျေးစွာ ဆက်ဆံသင့်တယ်"ဟု သူကပြောကြားခဲ့သည်။ ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးအား ထိုဝေဖန်မှုများအား တုံ့ပြန်ရန် ပြောကြားပြီးဖြစ်သည်။ ဒီလိုဝေဖန်မှုမျိုးတွေကို ခွင့်ပြုမယ်ဆိုရင် စကားစစ်ထိုးပွဲတွေကို မီးထိုးပေးတာပဲ ဖြစ်ပါလိမ့်မယ်။ အကြမ်းဖက်ဆန့်ကျင်ရေး မဟာမိတ်ဖွဲ့မှုကို ပြိုကွဲစေလိမ့်မှာပဲ ဖြစ်ပါတယ်ဟု မစ္စတာထပ်စင်က ပြောကြားခဲ့သည်။

"အမေရိကန်ဟာ အခုလို အကိုကြီးတယောက်လို လုပ်နေတာကို ရပ်သင့်ပါပြီ"၊ "ကျနော်တို့ အရင်ကပြောပြီးပြီ၊ ကျနော်တို့ ဘယ်သူ့ကိုမှ မမှီခိုဘူး"ဟု ထပ်စင်က ပြောကြားခဲ့သည်။

"အမေရိကန်က ကမ္ဘာကြီးကို ရိုးသားဖြောင့်မတ်ဖို့ တရားဟောနေတာကိုပဲ သဘောကျတယ်။ ဒါပေမယ့် တခါတရံ တရားဟောတဲ့ပုဂ္ဂိုလ်က သူဟောတာတွေကို လက်တွေ့ ဘယ်တော့မှ မလုပ်ဘူး"ဟု သူက ပြောခဲ့သည်။

ဤလတွင် အဆုံးသတ်ခဲ့သည့် သုံးလကြာ မူးယစ်ဆေးဝါးနှိမ်နင်းရေးအပြီးတွင် အစိုးရသည် အဂတိလိုက်စားမှုများကို ဖယ်ရှားပစ်ရန် အရေးကြီးသည့် လှုပ်ရှားမှုကို ဆောင်ရွက်လိမ့်မည်ဖြစ်သည်။

❖ ❖ ❖

# အကျဉ်းထောင်အတွင်း လူ့အခွင့်အရေးချိုးဖောက်နေမှု ပါမောက္ခချုပ်ဟောင်း အစာငတ်ခံဆန္ဒပြ



ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်
အငြိမ်းစားကျောင်းအုပ်ကြီး
ပါမောက္ခဒေါက်တာဆလိုင်းထွန်းသန်း

**ဧပြီ (၂၇)ရက်။**

မြန်မာနိုင်ငံ၏ အကျဉ်းထောင်များအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများ အပါအဝင် ဘာသာရေးချိုးဖောက်ပိတ်ပင်မှုများအား ကန့်ကွက်ဆန္ဒပြသည့်အနေဖြင့် အသက်(၇၅)နှစ်အရွယ်ရှိ ပါမောက္ခ ဒေါက်တာ ဆလိုင်းထွန်းသန်းသည် အင်းစိန်အကျဉ်းထောင်ဆေးရုံကြီးတွင် အစာငတ်ခံ ဆန္ဒပြနေကြောင်း သိရသည်။

ပျဉ်းမနား ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် ကျောင်းအုပ်ကြီးဟောင်း ပါမောက္ခ ဒေါက်တာဆလိုင်းထွန်းသန်းသည် အကျဉ်းထောင်အတွင်း ကျန်းမာရေးနှင့် အစားအသောက် အနေအထိုင်ဆိုးဝါးမှုများ၊ ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းအများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီးတိုင်း စစ်ဆေးမေးမြန်းခံနေရမှုများနှင့် အကျဉ်းထောင်အတွင်း ဘာသာရေး ချိုးဖောက်ပိတ်ပင်မှုများအပေါ် ကန့်ကွက်သည့်အနေဖြင့် ယခုလို ဆန္ဒပြခြင်းဖြစ်ကြောင်း သိရသည်။

အသက်(၇၅)နှစ်အရွယ်ရှိ ဒေါက်တာဆလိုင်းထွန်းသန်းသည် ၂၀၀၂ ခု နိုဝင်ဘာလက ရန်ကုန်မြို့တော်ခန်းမရှေ့တွင် မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲရေးအတွက် ငြိမ်းချမ်းစွာ တကိုယ်တော်ဆန္ဒပြနေစဉ် ဖမ်းဆီးခံခဲ့ရကာ ထောင်ဒဏ်(၇)နှစ် ချမှတ်ခြင်းခံနေရသူဖြစ်သည်။ ဆရာကြီးသည် အကျဉ်းထောင်၌ မျက်စေ့ရောဂါကြောင့် ခွဲစိတ်ကုသမှု ခံယူနေစဉ် ဧပြီလ(၂၇)ရက်နေ့က စတင်၍ (၇)ရက်ကြာ အစာငတ်ခံ ဆန္ဒပြသွားမည်ဟု သိရသည်။

သို့ရာတွင် နအဖစစ်အုပ်စု ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးလှမင်းက အဆိုပါသတင်းမှာ မဟုတ်မှန်ကြောင်း ငြင်းဆိုထားသည်။ ❖

# နှစ်ရှည်ထောင်ဒဏ် ကျခံနေရသူ အကျဉ်းသား(၃)ဦး ပြန်လည်လွတ်မြောက်

**ဧပြီ (၃၀)ရက်။**

၈၈ ခုနှစ် အာဏာသိမ်းပြီးနောက်ပိုင်း (၁၄)နှစ်ကျော် ဖမ်းဆီးခြင်းခံထားရသူ ဒေါက်တာဇော်မင်းနှင့် အခြားနှစ်ဦးတို့ကို ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ပြန်လည်လွှတ်ပေးလိုက်ကြောင်း သတင်းရရှိသည်။

ပြန်လည်လွတ်မြောက်လာသူများမှာ မန္တလေးထောင်မှ ဒေါက်တာဇော်မင်းနှင့် ရန်ကုန်တက္ကသိုလ် မြန်မာစာနည်းပြဆရာ ကိုဌေးသိန်းတို့ဖြစ်ကြပြီး ၎င်းတို့နှစ်ဦးကို ဧပြီလ(၂၈)ရက်၊ တနင်္လာနေ့က ပြန်လည်လွှတ်ပေးလိုက်ခြင်းဖြစ်သည်။

အခြားတဦးမှာ ဧပြီလ(၂၆)ရက် စနေနေ့တွင် လွတ်မြောက်လာသူ မေမြို့ နို့ချက်စက်ရုံစီမံကိန်းတာဝန်ခံအင်ဂျင်နီယာ ဦးတင်မြင့်ဖြစ်ပြီး ၎င်းတို့အားလုံး စိတ်ကျရောဂါဝေဒနာ ဆိုးဝါးစွာ ခံစားနေကြရသည်ဟု ဆိုသည်။

ယခုပြန်လည်လွတ်မြောက်လာသူ (၃)ဦးသည် ၁၉၈၉ အောက်တိုဘာလတွင် ဖမ်းဆီးခြင်းခံရပြီး ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပတ်သက်ဆက်နွယ်နေသည်ဟုဆိုကာ ထောင်ဒဏ်နှစ်(၂၀)စီ အပြစ်ပေးခဲ့သည်။ ၎င်းတို့သည် ၁၉၉၃ ခု အကျဉ်းထောင်စည်းမျဉ်းအရ ထောင်ဒဏ်(၁၀)နှစ်သာ ကျခံရတော့မည်ဖြစ်ရာ ၁၉၉၉ ခုတွင် လွတ်ရက်စေ့နေပြီဖြစ် သည်။ သို့ရာတွင် ၎င်းတို့အား ပုဒ်မ ၁၀(က)နှင့် (ဖ)လတကြိမ် ထောင်သက်တမ်းတိုးခံခဲ့ရသည့်အတွက် ထောင်ထဲတွင် (၄)နှစ်ကျော် ပိုနေခဲ့ကြရသည်။

အကျဉ်းထောင်တွင်းရှိနေစဉ် ကျန်းမာရေး ထိခိုက်ခဲ့ပြီး အထူးသဖြင့် စိတ်ပိုင်းဆိုင်ရာ ပိုမိုထိခိုက်ခဲ့ကြောင်း သိရသည်။❖



ဒေါက်တာဇော်မင်း



မြန်မာစာနည်းပြဆရာ ကိုဌေးသိန်း



ဦးတင်မြင့်

# ကမ္ဘာ့ကြက်ခြေနီအဖွဲ့ နိုင်ငံရေးအကျဉ်းသားများကိစ္စ အလေးထားတင်ပြ

**ဧပြီ (၂)ရက်။**

နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးမှု နှေးကွေးနေခြင်းနှင့် ပြီးခဲ့သည့် ဇန်နဝါရီလက မြန်မာနိုင်ငံသို့ သွားရောက်ခဲ့ပြီးနောက်ပိုင်း တိုးတက်မှုများဖြစ်ပေါ်လာရန် ခြေလှမ်းများ မစတင်သေးသည့်အတွက် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International)က နအဖ စစ်အုပ်စုအပေါ် ပြစ်တင်ဝေဖန်လိုက်သည်။

ဧပြီ(၁)ရက်နေ့တွင် ထုတ်ပြန်သည့် AI ၏ကြေညာချက်တွင် အကန့်အသတ်ဖြင့် တိုးတက်လာသည့် လူ့အခွင့်အရေးအခြေအနေများအပေါ် အသိအမှတ်ပြု ကြိုဆိုခဲ့သော်လည်း နအဖအနေဖြင့် အရေးတကြီး လုပ်ဆောင်ရမည့်အရာများကို လုပ်ဆောင်ခြင်း မရှိသေးသည့်အတွက် စိတ်ပျက်မိပါသည်ဟု ဖော်ပြထားသည်။

နအဖ က အကျဉ်းသားများအား ဖတ်စရာစာအုပ်များနှင့် လူမှုရေးဆိုင်ရာ ဆက်သွယ်တွေ့ဆုံမှုများ ပြုလုပ်ခွင့်ပေးခဲ့ကြောင်း၊ ထိုအရာများသည် တိုးတက်မှုများဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသော်လည်း နိုင်ငံရေးအကျဉ်းသား (၁,၂၀၀)ကျော်သည် နိုင်ငံတဝှမ်းရှိ အကျဉ်းထောင်များတွင် ဆက်လက်ရှိနေပြီး လွန်ခဲ့သော(၄)လအတွင်း အကျဉ်းသားများ လွှတ်ပေးမှုနှုန်း လွန်စွာနိမ့်ကျနေသည့်အတွက် အလွန်အမင်း စိတ်ပျက်မိပါကြောင်း ဖော်ပြထားသည်။

AI က မြန်မာနိုင်ငံခရီးစဉ်အတွင်း ဦးစားပေးလွှတ်ရန် တောင်းဆိုထားသည့် နိုင်ငံရေးအကျဉ်းသားစာရင်းကို ပေးခဲ့ကြောင်း၊ သို့သော် အဆိုပါစာရင်းပါ အကျဉ်းသားတဦးတယောက်ကိုမျှ လွှတ်ပေးခြင်း မရှိသေးကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့အပြင် လွန်ခဲ့သည့်နှစ် ဇွန်လမှစ၍ ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့သူများအား စတင်ဖမ်းဆီးခြင်းများ ပြုလုပ်လာခဲ့သည်ကို သတိပြုမိကြောင်း၊ AI အဖွဲ့အနေဖြင့် ထိုသို့ဖမ်းဆီးခံခဲ့ရသူ(၂၇)ဦးတို့၏ အမည်စာရင်းကို နအဖသို့ ပေးထားပြီး ၎င်းတို့၏ အခြေအနေကို အသေးစိတ်သိရန် ကြိုးပမ်းနေကြောင်း ဆိုသည်။

AI သည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးသံတမန် မစ္စတာပင်ဟေးရိုးကဲ့သို့ပင် ယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားများအနက် ကျန်းမာရေးအခြေအနေ အလွန်အမင်း ဆိုးဝါးနေသူများ၊ ဒေါက်တာဆလိုင်းထွန်းသန်းနှင့် ဦးထွေးမြင့်တို့လို သက်ကြီးရွယ်အိုပုဂ္ဂိုလ်များအပါအဝင် (၁၉)လအရွယ် ရင်သွေးငယ်နှင့်အတူ အကျဉ်းကျခံနေရသည့် မစမ်းစမ်းမော်တို့အား အမြန်ဆုံးလွှတ်ပေးရန် နအဖထံ တောင်းဆိုထားသည်။❖

# စာနယ်ဇင်းအကျဉ်းသားများ ကျန်းမာရေးဆိုးဝါးနေ၍ ဘဝတူများက စိုးရိမ်ပူပန်နေကြ



ဟံသာဝတီသတင်းစာ
အယ်ဒီတာဟောင်း ဦးဝင်းတင်

**ဧပြီ (၂၈)ရက်။**

မြန်မာနိုင်ငံအနှံ့အပြား စစ်အကျဉ်းထောင်များတွင် ထောင်ဒဏ်နှစ်ရှည် ကျခံနေရသည့် စာနယ်ဇင်းသမားတို့၏ ကျန်းမာရေးအခြေအနေဆိုးဝါးနေမှုကြောင့် ဘဝတူစာနယ်ဇင်းသမားများက စိုးရိမ်ပူပန်နေကြကြောင်း သိရသည်။

စစ်အကျဉ်းထောင်များအတွင်း စာနယ်ဇင်းသမား အနည်းဆုံး (၁၆)ဦးခန့် အကျဉ်းကျနေပြီး ၎င်းတို့သည် ထောင်ဒဏ် အနိမ့်ဆုံး (၇)နှစ်မှ (၃၀)နှစ်နီးပါး အပြစ်ပေးခံနေရသည်။

အကျဉ်းကျနေသူ စာနယ်ဇင်းသမားများအနက် အသက်(၇၄)နှစ်အရွယ်ရှိ ဟံသာဝတီသတင်းစာ အယ်ဒီတာ ဆရာဦးဝင်းတင်မှာ ထောင်ဒဏ်(၅၉)နှစ်အထိ အပြစ်ပေးခြင်း ခံထားရသည်။ ဦးဝင်းတင်သည် နှလုံးရောဂါ ပြင်းထန်စွာ ခံစားနေရပြီး ယနေ့အချိန်အထိ ရန်ကုန်ဆေးရုံကြီး အကျဉ်းသားအချုပ် လူနာဆောင်တွင် ဆေးကုသမှုခံနေရသည်။

ထို့အတူ မကြာခင်က ရန်ကုန်ဆေးရုံကြီးမှ အင်းစိန်အကျဉ်းထောင်သို့ ပြန်လည်ပို့ဆောင်ခြင်းခံခဲ့ရသည့် ကဗျာဆရာ ကြည်တင်ဦးသည် နှလုံးရောဂါကြောင့် တကိုယ်လုံးဖောရောင်နေကြောင်း သိရပြီး အင်းစိန်အကျဉ်းထောင်အတွင်းရှိ ကဗျာဆရာ ဖျာပုံနီလုံဦး၊ ကဗျာဆရာမောင်အောင်ပွင့် တို့လည်း အစာအိမ်ရောဂါ အပြင်းအထန်ခံစားနေရသည်ဟု သိရသည်။



သတင်းစာဆရာကြီး ဦးစိန်လှဦး

ထောင်သက်(၁၂)နှစ်ရှိနေပြီဖြစ်သည့် ဗိုလ်တထောင်သတင်းစာ အယ်ဒီတာဟောင်း ဦးအုန်းကြိုင် ခေါ် စာရေးဆရာအောင်ဝင့်မှာ မူလက သွေးတိုးရောဂါ၊ ဆီးချိုရောဂါ ခံစားနေရသည့်အပြင် ထောင်တွင်း အမည်မဖော်နိုင်သည့်ရောဂါများ ခံစားလာရသည့်အတွက် ကျန်းမာရေးအခြေအနေ အလွန်ဆိုးဝါးလာပြီး မျော်လင့်ချက် နည်းပါးနေကြောင်း သိရသည်။

အလားတူ မြစ်ကြီးနားထောင်မှ အသက်(၆၆)နှစ်ရှိ သတင်းစာဆရာကြီးဦးစိန်လှဦး၊ သရက်ထောင်မှ ကဗျာဆရာအောင်ဇင်မင်း တို့လည်း အစာအိမ်ရောဂါခံစားနေရကြောင်း သိရပြီး အပျော်တမ်းစာရေးဆရာ၊ စမ်းချောင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေသည် လည်ပင်း ကျိုးပေါင်းတက်ရောဂါ ဆိုးဝါးစွာ ခံစားနေရကြောင်း သိရသည်။



ကဗျာဆရာ ဖျာပုံနီလုံဦး

ထိုသို့ စာနယ်ဇင်းလောကမှ ပုဂ္ဂိုလ်များ ထောင်ဒဏ်နှစ်ရှည် ကျခံနေကြရပြီး ကောင်းမွန်စွာ ဆေးဝါးကုသခွင့်မရသည့်အတွက် ဘဝတူစာနယ်ဇင်းသမားများက စိတ်မချမ်းမမြေ့ဖြစ်နေကြကြောင်း၊ ၎င်းတို့အားလုံး အမြန် လွတ်မြောက်လာရေးကို အားလုံးက အထူးလိုလားနေကြကြောင်း ပြည်တွင်းရှိ အမည်မဖော်လိုသူ စာရေးဆရာတဦးအဆိုအရ သိရသည်။

❖ ❖ ❖

# ဒီနေ့ခေတ် ကမ္ဘာကို အုပ်စိုးသူများ (၆)

**ဒီဆောင်းပါးဟာ အရင်က ဘီဘီစီမှာ သတင်းထောက်လုပ်ခဲ့သူ John Pilger ရေးပြီး သူစီစဉ်ထုတ်လုပ်တဲ့ "The New Rulers of the World" ဆိုတဲ့ ရုပ်မြင်သံကြားအစီအစဉ်ရဲ့ စာသားများကို စာအုပ်အဖြစ် ထုတ်ဝေထားတဲ့ အထဲက ဖြစ်ပါတယ်။**

**စာရေးသူ**



ဗညြ

ဒါပေမယ့် အဲဒီအချိန်ကတည်းကပဲ ကုလသမဂ္ဂက ဒီဓနဟာ ချမ်းသာတဲ့နိုင်ငံတွေဆီကိုပဲ ရောက်သွားမှာဖြစ်ပြီး ဆင်းရဲတဲ့နိုင်ငံတွေကတော့ ရှုံးတောင် ရှုံးလိမ့်ဦးမယ်လို့ သတိပေးခဲ့ပါတယ်။ သူတို့ရဲ့ တွက်ချက်မှုအရဆိုရင် ဆာဟာရသဲကန္တာရရဲ့ တောင်ပိုင်းက နိုင်ငံတွေဟာ ဒီကုန်သွယ်ရေးအစီအစဉ်သစ်တွေကြောင့် လက်တွေ့မှာ တနှစ်ကို ဒေါ်လာသန်း(၁၂၀၀) ရှုံးကြရမှာပါ။

ဆာဟာရသဲကန္တာရ တောင်ပိုင်းနိုင်ငံတွေရဲ့ ပြည်ပပို့ကုန်ဝင်ငွေဟာ အမျိုးအမယ်အားဖြင့် လက်တဆုပ်စာလောက်သာဖြစ်တဲ့ ကော်ဖီ၊ လက်ဖက်ခြောက်၊ ကိုကိုးစတဲ့ အခြေခံကုန်ပစ္စည်းတွေအပေါ် မှီခိုနေရတာပါ။ (IMF)နဲ့ ကမ္ဘာ့ဘဏ်တို့က ဒီနိုင်ငံတွေက လယ်သမားတွေကို ပြည်တွင်းစားသုံးတဲ့ သီးနှံအစား ပြည်ပဝင်ငွေရရှိစေတဲ့ ဒီဘဏ္ဍာသီးနှံတွေကို စိုက်ပျိုးခိုင်းတဲ့အတွက် ဈေးကွက်ပိုလျှံမှုတွေဖြစ်ပြီး ဈေးနှုန်းတွေလဲ ထိုးကျကုန်ပါတော့တယ်။

ကုန်ပစ္စည်းတွေကို ကူးသန်းရောင်းဝယ်တဲ့လုပ်ငန်းတမျိုးစီမှာ လက်တဆုပ်စာ နိုင်ငံစုံကော်ပိုရေးရှင်းကြီးတွေက ချယ်လှယ်ကြတာဖြစ်ပြီး ထုတ်လုပ်သူလေးတွေအတွက် ဈေးနှုန်းကို သူတို့ကပဲ ဆုံးဖြတ်နေကြပါတယ်။ ကုန်လွန်ခဲ့တဲ့ အနှစ် (၂၀)အတွင်း အခြေခံကုန်ပစ္စည်းတွေ(ရေနံမပါ)ရဲ့ဈေးနှုန်းဟာ တကယ့်တန်ဘိုးအရဆိုရင် ၅၀% ကျသွားခဲ့ပါတဲ့အပြင် ရှေ့မှာလဲ ဒီလိုပဲ ဆက်ဖြစ်နေအုန်းမှာပါ။ ဒီလိုကုန်စည်တွေအပေါ် မှီခိုနေရတဲ့ နိုင်ငံတွေအဖို့တော့ ကမ္ဘာ့လွှမ်းမိုးမှုဟာ သူတို့တတွေ စီးပွားရေးကျဆင်းရတာအတွက် တိုက်ရိုက်တာဝန်ရှိပါတယ်။

## ပြည်တွင်းမှာ မမျှတမှု

ကမ္ဘာ့လွှမ်းမိုးမှုကြောင့် ပိုဆိုးလာတာဟာ နိုင်ငံတခုနဲ့ တခုအကြားက ကွာခြားမှုသာ မဟုတ်ပါဘူး။ နိုင်ငံအများအပြားရဲ့ ကိုယ့်ပြည်တွင်းမှာလဲ မမျှတမှုတွေ တိုးပွားလာပါတယ်။ ဒါဟာ ဖွံ့ဖြိုးပြီးရော၊ မဖွံ့ဖြိုးသေးတဲ့ နိုင်ငံတွေအကြားမှာပါ တွေ့ရတာပါ။ တချို့က ဒီကမ္ဘာ့လွှမ်းခြုံမှုရေစီးနဲ့ လိုက်ပြီး ကြွယ်ဝချမ်းသာလာသလို တချို့ကတော့ ပိုမွဲလာကြပါတယ်။ ဝေဖန်သူအားလုံးမှာရှိတဲ့ တူညီတဲ့အချက်ကတော့ ဒုက္ခအရောက်ဆုံးဟာ ဆင်းရဲတဲ့နိုင်ငံတွေ ဖြစ်တယ်ဆိုတာပါပဲ။

စက်မှုနိုင်ငံတွေအထဲမှာ မမျှတမှုအများဆုံးကြုံရသူတွေဟာ "လွတ်လပ်တဲ့ကုန်သွယ်မှု"အစီအစဉ်ကို အကျယ်ပြန့်ဆုံး အကောင်အထည်ဖော်သူတွေပဲဖြစ်နေပါတယ်။ ၁၉၈၀ ခုနှစ်များတုန်းက သူတကာထက် လွန်ကဲပြီး မိမိစီးပွားရေးကို အမြန်လွှတ်ပေးခဲ့တဲ့ နယူးဇီလန်နိုင်ငံဟာ ယခုအခါပြည်တွင်းမှာ ကွာဟမှု အကြီးဆုံးနိုင်ငံဖြစ်နေပါတယ်။ ဆင်းရဲမှုနဲ့ပတ်သက်တဲ့ ကုလသမဂ္ဂရဲ့ နှစ်စဉ်အစီရင်ခံစာအရဆိုရင် အမေရိကန်ရဲ့ အခြေအနေဟာ စက်မှုနိုင်ငံတွေအထဲမှာ အဆိုးဝါးဆုံး ဖြစ်ပါတယ်။ လူဦးရေရဲ့ ၁၅.၈% ဟာ ဆင်းရဲတဲ့စာရင်းတွင် ပါဝင်နေပါတယ်။ သူ့နောက်မှာ ကပ်နေတာက ဆင်းရဲသူ ၁၄.၆% ရှိတဲ့ ဗြိတိန်ဖြစ်ပါတယ်။

မညီမျှမှုဟာ ဖွံ့ဖြိုးဆဲနိုင်ငံ အမြောက်အမြားအတွက်လဲ အဓိကပြဿနာ ဖြစ်နေပါတယ်။ ကမ္ဘာ့လွှမ်းခြုံရေးရဲ့ အောင်မြင်မှု အမှတ်တံဆိပ်တခုအဖြစ် ဖော်ပြကြရာမှာ တရုတ်ပြည်ကို ထိပ်ဆုံးက ဖော်ပြတတ်ကြပါတယ်။ ဒီနိုင်ငံအစိုးရရဲ့ ချုပ်ကိုင်မှု လျှော့ချရေးပေါ်လစီတွေကြောင့် လူသန်းပေါင်းများစွာ ဝင်ငွေနဲ့ အခွင့်အလမ်းတွေ သိသိသာသာ တိုးတက်လာတာကိုလဲ ထောက်ပြကြပါတယ်။ ဒါပေမယ့် နိုင်ငံတော်ပိုင် စက်မှုလုပ်ငန်းတွေကို ပိတ်၊ တရုတ်အလုပ်သမား သန်းပေါင်းများစွာ အလုပ်လက်မဲ့စာရင်းဝင်သွားပြီး မြို့ကြီးတွေမှာ အလုအယက် အလုပ်ရှာနေကြတာတွေလဲ ရှိပါတယ်။ ၁၉၉၁–၉၄ ခုနှစ်အတွင်း အစိုးရက ဆင်းရဲမှုတိုက်ဖျက်ရေးအစီအစဉ်ကို အင်တိုက်အားတိုက် အကောင်အထည်ဖော်ပြီး ဆင်းရဲသူဦးရေကို သန်းပေါင်း (၆၀)လောက်အထိ လျှော့ချခဲ့ပေမယ့် တရုတ်အစိုးရက ဝင်ငွေမညီမျှမှုဟာ ရှေ့လာမယ့်ကာလအတွင်း သူတို့ ရင်ဆိုင်ရမယ့် အဓိက စိန်ခေါ်မှုကြီးတခုလို့ ပြောနေကြပါတယ်။

ကမ္ဘာ့လွှမ်းခြုံမှုကို ထောက်ခံသူတွေက စီးပွားရေးချုပ်ကိုင်မှု လျှော့ချခြင်းရဲ့ စမ်းသပ်မှုတွေကို အပြင်းထန်ဆုံး ရင်ဆိုင်ရတဲ့ နိုင်ငံတွေဟာ ကမ္ဘာ့လွှမ်းခြုံမှုရဲ့ အကျိုးစီးပွားတွေကို အများဆုံး ခံစားကြရတယ်လို့ ဆိုကြပါတယ်။ အမှန်ပဲ ကမ္ဘာ့စီးပွားရေးနဲ့ အများဆုံးဆက်သွယ်မိတဲ့ တရုတ်ပြည်ရဲ့ အရှေ့ပိုင်းဒေသတွေဟာ ဆင်းရဲမှုနှုန်း သိပ်မြင့်တဲ့ အတွင်းပိုင်းဒေသတွေထက် တိုးတက်မှုနှုန်း ပိုများပါတယ်။

### ကော်ဖီနှစ်မျိုးရဲ့ ဇာတ်လမ်းတပုဒ်

**မျှတတဲ့ ကုန်သွယ်မှု –** ပရိုဒီကု (Prodecoop) ဆိုတာ ၁၉၉၃ခုနှစ်ဆီတုန်းက တည်ထောင်ခဲ့တဲ့ နာကာရာဂွါနိုင်ငံမြောက်ပိုင်းက သမဝါယမတခုဖြစ်ပြီး ဒီတိုင်းပြည်မြောက်ပိုင်းက တောင်သူ (၂,၀၀၀)တို့အတွက် ကုန်သွယ်ရေးကုမ္ပဏီသဖွယ် ဆောင်ရွက်ပေးပါတယ်။ ထွက်သမျှကော်ဖီအားလုံးကို ဒီသမဝါယမက ဗြိတိသျှနိုင်ငံရှိ ကာဖေးဒီရက်ကို မျှတတဲ့ဈေးနဲ့ ရောင်းပေးပါတယ်။ ဒီလိုလုပ်တဲ့အတွက် တည်ငြိမ်တဲ့ဈေးကွက်နဲ့ ရေရှည်ကုန်သွယ်မှုတို့အတွက် အာမခံချက်ရှိစေပါတယ်။ ဒီသမဝါယမထဲက အဖွဲ့ဝင်တဦးဖြစ်တဲ့ ဘာတီးလ်ဒါပဲရက်စ်ကို အခုလို ကာဖေးဒီရက်ဆီ တိုက်ရိုက်ရောင်းတဲ့အတွက် သူ့ဘဝ ဘယ်လိုပြောင်းလဲခဲ့သလဲလို့ မေးကြည့်ပါတယ်။ သူက "အရင်ကဆိုရင် ကျမတို့မှာ စားဝတ်နေရေး မပြေလည်ပါဘူး။ အခုတော့ ဈေးပိုရပြီး ငွေဟာ ကျမတို့လက်ထဲ တိုက်ရိုက်ရောက်ပါတယ်။ ကျမတို့အိမ် ပိုစားနိုင်လာတယ်။ သမီးကို တက္ကသိုလ်ပို့နိုင်တယ်။ သားကိုလဲ ဂရုစိုက်နိုင်ပါတယ်"လို့ ပြောပါတယ်။ မာရီယာပဲရက်စ်ကလဲ "မျှတတဲ့ကုန်သွယ်မှုရဲ့ ဈေးနှုန်းတွေဟာ ကျမတို့ရဲ့ ပြဿနာတွေကို ဖြေရှင်းပေးပါတယ်။ ကျမတို့ဟာ စိုက်ပျိုးနည်းကိုလဲ တတ်မြောက်ခဲ့ပါတယ်။ မျိုးကိုရောင်းထုတ်တဲ့အတွက်လဲ ဝင်ငွေအပိုရတယ် ကျမတို့ဟာ ဘုရားတနေရတဲ့ အနေအထားမျိုးမဟုတ်တော့ဘူး။ ရွေးစရာရှိနေပြီ"တဲ့။

**လွတ်လပ်တဲ့ ကုန်သွယ်မှု –** ယူဂန်ဒါနိုင်ငံအဖို့ ကော်ဖီဟာ အရေးကြီးဆုံး ပြည်ပပို့ကုန် ဖြစ်ပါတယ်။ ပို့ကုန်က ရငွေစုစုပေါင်းရဲ့ ၈၀%ရှိပါတယ်။ ယိုနာကတီရာ ဆိုတာ ဘူရှင်ညီမြို့အနီးက ကော်ဖီစိုက်တောင်သူတဦးပါ။ ကော်ဖီဈေးကောင်းတဲ့အခါမှာ သူဟာ ချောင်ချောင်လည်လည်နေနိုင်ပြီး မိသားစုကိုလည်း ထောက်ပံ့နိုင်ပါတယ်။ ၁၉၉၀ ခုနှစ်မှာ ကော်ဖီဈေးတွေ ပြိုကျသွားတော့ သူဟာ သူ့အိမ်အတွက် အခြေခံဆေးဝါးဖိုးတောင် မတတ်နိုင်တော့တဲ့အပြင် ကလေးတွေကိုလဲ ကျောင်းမထားနိုင်တော့ပါဘူး။ (အထူးသဖြင့် အခုကျောင်းစရိတ်အသစ်တွေ ထပ်တိုးပြီးတဲ့နောက်မှာပေါ့) သူ့ဝင်ငွေ ထိုးကျနေချိန်မှာပဲ နိုင်ငံခြားက သွင်းယူရတဲ့ ကိရိယာတန်ဆာပလာနဲ့ အခြားကုန်တွေရဲ့ ဈေးဟာ မြင့်လာခဲ့ပါတယ်။ ဘဝရပ်တည်လို့ မဖြစ်နိုင်တော့တဲ့အခါမှာ သူဟာ တောင်ယာကိုပစ်ပြီး ကျဘမ်းအလုပ် ထွက်ရှာတဲ့ အလုပ်လက်မဲ့တပ်ဖွဲ့ကြီးထဲ ပါသွားပါတော့တယ်။

သို့တိုင်အောင် ကမ္ဘာ့လွှမ်းခြုံမှုနဲ့ အပတ်သက်ဆုံးနေရာတွေဟာ ကမ္ဘာ့လွှမ်းခြုံမှုရဲ့ဒဏ်ကို အခံရဆုံးလဲဖြစ်ပါတယ်။ အဆင်းရဲဆုံး ၄၈ နိုင်ငံနဲ့ ပတ်သက်ပြီး ကုလသမဂ္ဂရဲ့ နောက်ဆုံးအစီရင်ခံစာမှာ ဖော်ပြထားသလိုဘဲ အဆင်းရဲဆုံးနိုင်ငံတွေဟာ သူတကာထက် ပို တံခါးဖွင့်ပေးခဲ့ကြပြီး သူတို့ပဲ ပိုဆင်းရဲတွင်းနက်နေကြပါတယ်။ ဘောဂဗေဒ သုတေသနပြုချက်တွေအရဆိုရင် ပြည်တွင်းမှာ မညီမျှမှုတွေ ပေါ်ပေါက်တာဟာ တိုက်ဆိုင်မှုမဟုတ်ပဲ ချုပ်ကိုင်မှုလျှော့ချရေး ပေါ်လစီရဲ့ ဝမ်းတွင်းပါလက္ခဏာသာဖြစ်ပါတယ်။

## အလုပ်သမားတွေအပေါ် အကျိုးသက်ရောက်မှု

ကမ္ဘာ့လွှမ်းခြုံမှုကနေ ဆင်းရဲတဲ့နိုင်ငံကို ပေးတဲ့ ကောင်းကျိုးတခုက အလုပ်အကိုင်အသစ်တွေ ဖန်တီးပေးတာ ဖြစ်ပါတယ်။ နိုင်ငံစုံကော်ပိုရေးရှင်းကြီးတွေက ဖန်တီးပေးတဲ့ အလုပ်ပေါင်းဟာ သန်း(၂၀)လောက် ရှိပေမယ့် (အလုပ်သမားစုစုပေါင်းရဲ့ ၂% တောင် မရှိ) ဒီနိုင်ငံစုံ ကော်ပိုရေးရှင်းကြီးတွေရဲ့ စက်မှုလုပ်ငန်းတွေနဲ့ ဆက်နေတဲ့ သွယ်ဝိုက်တဲ့ အလုပ်ဖန်တီးမှုတွေဟာ ပိုများလေ့ရှိပါတယ်။ ဒါနဲ့ပတ်သက်လို့ ဗြိတိန်နိုင်ငံက ဥပမာတခုကို ပြရင်ရပါတယ်။ အင်္ဂလန်နိုင်ငံ ဆန်ဒါလင်မှာ တည်ထားတဲ့ နီဆန်းကားစက်ရုံဟာ လူ (၄,၅၀၀)ကို တိုက်ရိုက်အလုပ် ဖန်တီးပေးပါတယ်။ ဒါပေမယ့် နီဆန်းကားကုမ္ပဏီကို ပေးသွင်းရတဲ့ အခြားလုပ်ငန်းတွေကြောင့် ဒေသတွင်း နောက်ထပ်အလုပ်ပေါင်း(၂၀,၀၀၀)ဖြစ်ပေါ်လာပါတယ်။ ဒါပေမယ့် ဒါဟာ ခြွင်းချက်လက္ခဏာကို ပိုဆောင်ပါတယ်။

နိုင်ငံစုံကော်ပိုရေးရှင်းကြီးတွေကို ဆွဲဆောင်ဖို့နဲ့ ပြည်တွင်းစက်မှုလုပ်ငန်းတွေကို နိုင်ငံတကာ ဈေးကွက်အတွက် ဦးတည်ထုတ်လုပ်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ အစိုးရအမြောက်အမြားတို့ဟာ ကိုယ့်နိုင်ငံအတွင်းမှာ 'ပို့ကုန် ထုတ်လုပ်ရေးဒေသ'ဆိုတာတွေ လုပ်ထားကြတယ်။ ဒီမှာဘက်နဲ့ပတ်သက်ပြီး ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတွေအထဲက တခုဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်ရဲ့ အောင်မြင်မှုကို ထူးထူးခြားခြား ထောက်ပြလေ့ရှိကြတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်း သူ့ရဲ့အထည်လုပ်ငန်းဟာ ၅၀၀% တိုးပွားလာပြီး ယခုအခါ တနှစ်ကို ဒေါ်လာ(၄)ဘီလျံ ဝင်ငွေရှိနေတယ်။ ဘင်္ဂလားဒေ့ရှ်မှာ မနည်းလှတဲ့ နာမည်ကြီးတံဆိပ်တွေ ထုတ်လုပ်ပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အထည်လုပ်ငန်းတွေမှာ လုပ်နေတဲ့ အလုပ်သမား (၁.၅)သန်းထဲက အများစုဟာ အောက်တန်းလွှာကလာတဲ့ အမျိုးသမီးတွေဖြစ်တယ်။ သူတို့အဖို့ ဒီအလုပ်ဟာ ဝင်ငွေအရရော ဂုဏ်သိက္ခာသဘောအရပါ တန်ဘိုးရှိလှပါတယ်။ ဒါပေမယ့် ဒီအကျိုးအမြတ်ဟာ နှိုင်းယှဉ်ချက်သဘော ဆောင်ပါတယ်။ ကမ္ဘာတခုလုံးရှိ ပြည်ပပို့ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေမှာ လုပ်နေကြတဲ့ လူ ၉၀% ဟာ အမျိုးသမီးတွေဖြစ်တယ်။ ဒီအလုပ်တွေဟာ အပြောင်းအလဲမရှိ ပင်ပန်းလှပြီး လုပ်ငန်းခွင်အခြေအနေကလဲ ၁၉ ရာစုနှစ် ဗြိတိန်နိုင်ငံက စက်ရုံတွေလိုပဲ နုံညံ့ဖျင်းလှပေမယ့် လုပ်ငန်းတော်တော်များများဟာ သူတို့ရရှိနိုင်တဲ့ တခြားအလုပ်တွေထက် သာပါတယ်။

ကမ္ဘာ့လွှမ်းခြုံရေးဟာ အလုပ်သစ်တွေ ဖန်တီးပေးတယ်ဆိုတာနဲ့ တပါတည်းမှာ အလုပ်သမားတွေကို အကာအကွယ်ပေးတာတွေကိုလဲ လျှော့ချပေးဖို့ ဖိအားပေးတော့တာပါပဲ။ ဒါဟာ အလုပ်သမားသမဂ္ဂ တည်ထောင်ခွင့် ရလေ့မရှိတဲ့ အဲဒီပို့ကုန်ထုတ်လုပ်ရေးဒေသဆိုတာတွေမှာ အထင်ရှားဆုံးပါ။ နာမည်ကြီးတံဆိပ်တွေကို ထုတ်လုပ်ပေးတဲ့ နေရာတွေက အလုပ်သမားတွေအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဖွင့်ချတိုက်ခိုက်ခံနေရတယ် မဟုတ်ပါလား။ တခါတလေမှာ အလုပ်သမားအခွင့်အရေးတွေနဲ့ ပတ်သက်တဲ့၊ သူတို့စိတ် လိုလားမှု သတ်မှတ်တဲ့ ကျင့်ဝတ်နည်းထုံးတွေကို သူတို့ရဲ့ အလုပ်သမားပြဿနာတွေ ဖြေရှင်းရာမှာ တွေ့ကြရပါတယ်။ ဒါပေမယ့် ဒါတွေဟာ စနစ်တကျ ဥပဒေပြုထားတဲ့ အစိုးရစည်းကမ်းတွေ၊ အလုပ်သမားသမဂ္ဂစည်းကမ်းတွေကို အစားထိုးလောက်အောင် ကောင်းတာ မဟုတ်ပါဘူး။

## ငွေကြေးမတည်ငြိမ်မှု

နိုင်ငံတကာ ဈေးကွက်အပေါ် မှီခိုနေရမှုဟာ အင်မတန်စိတ်မချရတဲ့ အခြေအနေမျိုး ဆိုက်စေပါတယ်။ ၁၉၉၇–၉၈ တုန်းက အရှေ့တောင်အာရှ အကျပ်အတည်းမှာ ဒီဒဏ်ကို အဆိုးဆုံးခံရတယ်လို့ ဆိုနိုင်ပါတယ်။ ဒီဒေသရဲ့ ဘဏ္ဍာရေးကဏ္ဍမှာ ချုပ်ကိုင်မှု လျှော့ချတာကို အကျယ်အပြန့်လုပ်လိုက်တဲ့အတွက် ၁၉၉၀ ခုနှစ်များအတွင်းမှာ အာရှအရှေ့ပိုင်းနဲ့ အရှေ့တောင်ပိုင်းက စက်မှုတပ်ဆင်စနိုင်ငံတွေထဲကို ပြည်ပက အရင်းအနှီးတွေ ဒလဟော စီးဆင်းဝင်ရောက်လာပါတယ်။ အထွတ်အထိပ်အနေနဲ့ အရှေ့တောင်ပိုင်းက စက်မှုတပ်ဆင်စနိုင်ငံတွေထဲကို ပြည်ပက အရင်းအနှီးတွေ ဒလဟော စီးဆင်း ဝင်ရောက်လာပါတယ်။ အထွတ်အထိပ်အနေနဲ့ ၁၉၉၆ ခုနှစ်မှာ ဒေါ်လာဘီလျံ (၁၉၉၆) ဝင်ရောက်လာခဲ့ပါတယ်။ ဒါပေမယ့် ဈေးကွက်တွေထဲမှာ ရုတ်ရုတ်ရက်ရက်ဖြစ်တယ်ဆိုတာနဲ့ပဲ ပြည်ပအရင်းအနှီးတွေဟာ သူတို့လာတုန်းကလိုပဲ အမြန်ဆုတ်ထွက်ကုန်ကြလို့ ဒုက္ခတွေ တောင်လိုပုံကျန်ရစ်ပါတယ်။

အဆိုးဆုံး ထိခိုက်တာက အင်ဒိုနီးရှားပါ။ ၁၉၉၇ နိုဝင်ဘာလကနေ ၁၉၉၈ ဧပြီလဆိုတဲ့ ခြောက်လတာကာလအတွင်း ပြည်ပအရင်းအနှီးဟာ ဒေါ်လာဘီလျံ(၄၀) ပြန်နှုတ်သွားတာ ခံရပါတယ်။ တနိုင်ငံလုံး အတိုင်းအတာနဲ့ဆိုရင် လစာရဲ့ တကယ့်တန်ဘိုးဟာ ၆၀% လျှော့နည်းသွားပါတယ်။ အင်ဒိုနီးရှားနိုင်ငံရဲ့ အကြီးဆုံး စက်မှုမြို့တော်ဖြစ်တဲ့ ဆူရာဘာယာမှာ အနိမ့်ဆုံးနေ့တွက်ဟာ (၂)ဒေါ်လာကနေ (၀.၃၀) အထိ ကျသွားပါတယ်။ ခန့်မှန်းခြေအားဖြင့် တပြည်လုံး လူဦးရေရဲ့ ငါးပုံတပုံဖြစ်တဲ့ လူဦးရေ သန်း(၄၀)ဟာ လူနေမှု ဆင်းရဲတဲ့အဆင့်ကို လျှောကျသွားပါတယ်။

၁၉၉၈ ခုနှစ်မှာ ၁၃% သေးကြုံ့သွားတဲ့ စီးပွားရေးဟာ အခုမှ နာလံထူစ ရှိပါသေးတယ်။

**ဆက်လက်ဖော်ပြပါမည်။**

# ချင်းပြည်နယ် ပါတီစည်းရုံးရေးခရီးစဉ် မှတ်စု

(အသံလွှင့်ဌာနများ၏ ထုတ်လွှင့်ချက်များကို အခြေခံ၍ စုစည်းတင်ပြပါသည်။)



မြန်မာ့ဒီမိုကရေစီခေါင်းဆောင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌဦးတင်ဦးနှင့် လူငယ်အဖွဲ့ဝင် (၈)ဦးတို့နှင့်အတူ ပါတီစည်းရုံးရေးခရီးစဉ်အဖြစ် ချင်းပြည်နယ်သို့ မေ(၃)ရက်မှ (၁၃)ရက်နေ့အထိ (၁၀)ရက်ကြာ သွားရောက်ခဲ့သည်။ ခရီးစဉ်အတွက် အာဏာပိုင်များနှင့် ကြိုတင်ညှိနှိုင်းဆွေးနွေးခဲ့သော်လည်း သက်ဆိုင်ရာအာဏာပိုင်များနှင့် ကြံ့ဖွံ့အဖွဲ့၊ မီးသတ်အဖွဲ့တို့၏ နှောင့်ယှက်မှုများကို ရင်ဆိုင်ခဲ့ရသည်။

ထိုခရီးစဉ်သည် ပြီးခဲ့သည့်နှစ် မေလ နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသည့်နောက်ပိုင်း သူမ၏ စတုတ္ထအကြိမ်မြောက် ရန်ကုန်ပြင်ပ ပါတီစည်းရုံးရေးခရီးစဉ်ဖြစ်ပြီး ခရီးအတွင်း ပြည်နယ်ရုံး (၁)ရုံးနှင့် မြို့နယ်ရုံးခွဲ (၅)ရုံးတို့ကို ဆိုင်းဘုတ်တင် ဖွင့်လှစ်နိုင်ခဲ့သည်။

**မေ(၃)။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် အဲန်အယ်လ်ဒီ ဒုဥက္ကဋ္ဌ ဦးတင်ဦး လိုက်ပါလျက် လူငယ်အဖွဲ့ဝင် (၈)ဦးနှင့်အတူ ချင်းပြည်နယ် ပါတီစည်းရုံးရေးခရီး စတင်ထွက်ခွာလာခဲ့သည်။ လမ်းတလျှောက် မြို့ရွာများတွင် ပြည်သူလူထုကြီးက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

နေ့လည် (၂)နာရီခန့်တွင် မကွေးမြို့သို့ ရောက်ရှိလာကာ ကားကြီးကားငယ် (၁၅)စီးခန့်နှင့် မြို့နေလူထု (၅၀၀)ကျော်တို့က ကြိုဆိုခဲ့ကြသည်။

ထိုနေ့ညတွင် မကွေးတိုင်း ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်မိုးညို၏ နေအိမ်တွင် ညအိပ်ရပ်နားခဲ့သည်။

**မေ(၄)။** ။ ပွင့်ဖြူမြို့နယ်မှ စလင်းမြို့သို့ ရောက်ရှိသည်။ စလင်းမြို့တွင် ထုံးစံအတိုင်း နှောင့်ယှက်မှုများ ကြုံခဲ့ရသည်။ ဟန့်တားထားသည့်ကြားက ကြိုဆိုနေကြသည့် လူထု(၄,၀၀၀)ခန့်ကို ဒေါ်အောင်ဆန်းစုကြည်က မိန့်ခွန်းပြောကြားခဲ့သည်။ ရန်သူမျိုးငါးပါးအကြောင်း ဟောပြောခဲ့ရာ မင်းကျင့်တရားမညီညွတ်သည့်မင်းသည် ရန်သူမျိုးငါးပါးတွင် ပါဝင်ကြောင်း ဟောပြောခဲ့သည်။

စလင်းမြို့မှ ဆိပ်ဖြူမြို့သို့ အထွက်တွင် ကားစက်ချို့ယွင်းသဖြင့် ဧရာဝတီ တဘက်ကမ်း ချောက်မြို့သို့ ခေတ္တဝင်ရောက်သည်။

ချောက်မြို့တွင် သတ္တုတွင်း ဒုဝန်ကြီး ရောက်ရှိနေပြီး ဌာနဆိုင်ရာ အစည်းအဝေး ပြုလုပ်ကာ ဝန်ထမ်းများအား ဒေါ်စု လာလျင် မကြိုဆိုရန်နှင့် ကြိုဆိုပါက ဝန်ထမ်းရောမိသားစုပါ ဘဝပျက်သွားမည်။ နအဖ အနေဖြင့် အဲန်အယ်ဒီနှင့် ဘယ်တော့မှ မဆွေးနွေးသလို ဘယ်တော့မှ အာဏာလွှဲပေးမည် မဟုတ်ကြောင်း ခြိမ်းခြောက်ပြောဆိုခဲ့သည်။

ညနေ (၆)နာရီခန့်တွင် ချောက်မြို့မှ စစ်ကိုင်းတိုင်း ဂန့်ဂေါမြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။ ချောက်မြို့မှအထွက်တွင် ဟန့်တားသည့်ကြားမှ မြို့နေလူထုပရိတ်သတ်များ စုပြုံရောက်ရှိလာ၍ ဒေါ်စုက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ရသည်။

**မေ(၅)။** ။ ချောက်မြို့မှ ထွက်ခွာလာသည့် ဒေါ်စုနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်း ဂန့်ဂေါမြို့သို့ နေ့လည်(၂)နာရီခန့်တွင် ရောက်ရှိလာသည်။ မြို့အဝင်တွင် ထုံးစံအတိုင်း ကြံ့ဖွံ့နှင့် မီးသတ်တို့၏ နှောင့်ယှက်မှုများ ကြုံတွေ့ရသည်။ ထို့ပြင် နအဖ ပြန်ကြားရေးဝန်ကြီး ဂန့်ဂေါမြို့သို့ ရောက်ရှိနေပြီး ဒေါ်စုလာလျင် ကြိုဆိုမှုများ မပြုလုပ်ရန် ပြည်သူလူထုကို ကြိမ်းမောင်းပြောဆိုခဲ့သည်။ ဝန်ကြီး၏ အခမ်းအနားသို့ တအိမ်တယောက် မတက်မနေရအမိန့်ဖြင့် တက်ရောက်ခိုင်းပြီး ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ သို့ရာတွင် ဒေါ်စုရောက်ရှိလာသောအခါ ပြည်သူများ ထွက်၍ ကြိုဆိုသဖြင့် ခရိုင်ဥက္ကဋ္ဌမှ ကားနှင့်လိုက်တိုက်ခဲ့ပြီး ကြံ့ဖွံ့၊ မီးသတ်တပ်ဖွဲ့များက အမျိုးသမီးများကို မကြားဝံ့ မနာသာ ဆဲရေး တိုင်းထွာခဲ့သည်။

ညနေပိုင်းတွင် ဂန့်ဂေါမြို့မှ ပြန်လည်ထွက်ခွာခဲ့ပြီး ချင်းပြည်နယ်မြို့တော် ဟားခါးသို့ ခရီးဆက်သည်။

**မေ(၆)။** ။ ချင်းပြည်နယ်မြို့တော် ဟားခါးသို့ ရောက်ရှိစဉ် ဒေါ်စုနှင့်အဖွဲ့သည် အဖွဲ့ချုပ်မှ အဖွဲ့ဝင်များနှင့် ဦးစွာတွေ့ဆုံခဲ့ပြီး နေ့လည်(၁)နာရီတွင် ပြည်နယ်ရုံးခွဲ ဆိုင်းဘုတ်တင်ဖွင့်လှစ်ခဲ့သည်။ ဒေါ်စုက ပြည်နယ်ဆိုင်းဘုတ်တင်ပြီး ဦးတင်ဦးက မြို့နယ်ရုံးခွဲ ဆိုင်းဘုတ်တင်ကာ မိန့်ခွန်းများ ပြောကြားခဲ့သည်။ ဒေါ်စုက တောင်ပေါ်မြေပြန့် မခွဲခြားဘဲ တန်းတူအခွင့်အရေးရရှိရန် စည်းလုံးညီညွတ်ကြရန် လိုကြောင်း၊ အမှန်ကို အမှန်အတိုင်း ပြောဆိုသွားကြမည်ဆိုပါက ဒီမိုကရေစီ အမြန်ဆုံး ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဟားခါးတွင် နအဖ ပြည်ထဲရေးဝန်ကြီးနှင့် သာသနာရေး ဒုဝန်ကြီးတို့ ကြိုတင်ရောက်ရှိနေပြီး မြို့နယ်တိုင်းသို့ ဒေါ်စု လာရောက်ပါက ကြိုဆိုနှုတ်ဆက်ခြင်း မပြုရန် ကြိမ်းမောင်းဟန့်တားထားသော်လည်း လူထုပရိတ်သတ်(၂၀,၀၀၀)ကျော် တက်ရောက်ခဲ့ကြသည်။

မြို့နယ်ရုံး ဖွင့်လှစ်ရန်အတွက် ဒေသခံအာဏာပိုင်များနှင့် အခြေအတင် ပြောခဲ့ရသေးသော်လည်း ၎င်းတို့က ဗဟိုမှ ညွှန်ကြားချက် ရောက်ရှိလာချိန်တွင် အဆင်ပြေချောမွေ့စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

ဒေါ်စုနှင့်အဖွဲ့သည် နေ့လည်(၃)နာရီခန့်တွင် ဟားခါးမြို့မှတဆင့် ထန်တလန်မြို့သို့ထွက်ခွာသွားသည်။ ထန်တလန်မြို့မှတဆင့် ဖလမ်းမြို့သို့ ဝင်ရောက်ပြီး တီးတိန်မြို့သို့ ထွက်ခွာမည်ဖြစ်သည်။

ထန်တလန်မြို့သို့ ထိုနေ့ညနေပိုင်းတွင် ရောက်ရှိလာရာ ချင်းပြည်သူလူထု (၂၀,၀၀၀)ကျော်တို့က ရိုးရာအတီးအမှုတ်များဖြင့် ကြိုဆိုခဲ့ကြသည်။ ထို့နောက် မြို့နယ်အဖွဲ့ချုပ်ရုံးခွဲ ဆိုင်းဘုတ်တင်ဖွင့်လှစ်ပေးခဲ့ပြီး ဖလန်း၊ တီးတိန်မြို့များသို့ ခရီးထွက်ခဲ့သည်။

**မေ(၇)။** ။ ဖလန်းမြို့သို့ သန်းခေါင်ကျော် (၂)နာရီခန့်တွင် ရောက်ရှိသည်။ ဖလန်းလူထု (၈၀၀)ကျော်တို့က ဇွဲ ကောင်းကောင်းဖြင့် စောင့်ကြိုနေသဖြင့် ဒေါ်စုက ဒီမိုကရေစီရေးအတွက် စိတ်အားထက်သန်မှုကို ချီးကျူးစကားဆိုခဲ့ပြီး နံနက်(၃)နာရီခန့်တွင် တီးတိန်မြို့သို့ ဆက်လက်ထွက်ခွာလာခဲ့သည်။

တီးတိန်မြို့သို့ နံနက်(၁၁)နာရီအချိန်တွင် ရောက်ရှိလာရာ မြို့ခံလူထုက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့သည်။ နေ့လည် (၂)နာရီတွင် လူထုဟောပြောပွဲ ပြုလုပ်ခဲ့ပြီး ထိုမှတဆင့် ချင်းပြည်နယ်မြောက်ပိုင်း တွန်းဇံမြို့သို့ ခရီးဆက်ခဲ့သည်။

ညနေပိုင်းတွင် တွန်းဇံမြို့သို့ ရောက်ရှိလာပြီး၊ မြို့နယ်ပါတီရုံးခွဲ ဆိုင်းဘုတ်တင်ဖွင့်လှစ်ပေးခဲ့သည်။ ထိုနေ့ညတွင် ကလေးမြို့၌ ညအိပ်ရပ်နားသည်။

**မေ(၈)။** ။ နံနက်ပိုင်းတွင် ကလေးမြို့ ဗိုလ်ချုပ်လမ်းမကြီးပေါ်ရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းဝင်း၏ နေအိမ်ရှေ့တွင် လူထုဟောပြောပွဲတရပ် ပြုလုပ်သည်။ ထိုဟောပြောပွဲသို့ ချင်းတွင်းမြစ်တလျှောက်ရှိ မြို့ရွာများမှ လူထု အများအပြား တက်ရောက်လာခဲ့သည်။ ဒေါ်စုက မဝေးတော့သည့်ကာလတွင် ဒီမိုကရေစီ ရရှိတော့မည်ဖြစ်ကြောင်း၊ ဒီမိုကရေစီရေးအတွက် စည်းလုံးညီညွတ်ကြရန်နှင့် အမျိုးသမီးများပါ အင်တိုက်အားတိုက် ပါဝင်ကြရန် တိုက်တွန်းခဲ့သည်။

**မေ(၉)။** ။ နံနက်(၁၀)နာရီတွင် ကလေးမြို့မှ ဂန့်ဂေါမြို့သို့ ပြန်လည်ရောက်ရှိသည်။ ဂန့်ဂေါမှတဖန် ကျောက်ထု-မင်းတပ်လမ်းအတိုင်း ချင်းပြည်နယ်တောင်ပိုင်း မတူပီမြို့သို့ ခရီးဆက်မည်ဖြစ်သည်။

**စာမျက်နှာ(၁၂)၊ ကော်လံ(၃)သို့☆**

# မြန်မာ့တပ်မတော်သားများထံသို့ တိုက်တွန်းနှိုးဆော်ချက်

## ☆ ပြည်သူ့ထံသို့ ပြန်ဝင်ရပ်တည်ဖို့ အချိန်တန်ပြီ ☆

**မြန်မာ့တပ်မတော်အရာရှိ-အရာခံ-အကြပ်-တပ်သားအပေါင်းတို့ ....**

မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာ့တပ်မတော်ကို ပြည်သူများ၏ ဘဝလုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်ခြင်းဖြင့် အလုပ်အကျွေးပြုရန်ရည်ရွယ်၍ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထိုတပ်မတော်သည် မြန်မာပြည်ရှိ တိုင်းရင်းသားလူမျိုးစုံ ပြည်သူအထဲမှ ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည်။ လက်ရှိ မြန်မာ့တပ်မတော်၏ အသွင်သဏ္ဍာန်နှင့် ဖီလာဆန့်ကျင်လျက်ရှိသည်။ စစ်အာဏာရှင်ဗိုလ်ချုပ်တစုသည် တပ်မတော်ကို သူတို့စိတ်တိုင်းကျ အသုံးချနိုင်ရန် မျိုးချစ်၊ ပြည်ချစ်စိတ်ရှိသော၊ အစဉ်အလာကောင်းရှိသောတပ်မှူးများကို ထုတ်ပယ်ကာ ထင်တိုင်းကြဲလာကြသည်။

စစ်အာဏာရှင်ဗိုလ်ချုပ်တစုသည် တိုင်းပြည်အပေါ် စေတနာမှန်ကန်မှုမရှိခြင်း၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုပြီး ပြည်သူလူထုဆန္ဒကို အလေးမထားခြင်းတို့ကြောင့် တိုင်းပြည်သည် အဘက်ဘက်မှ ချွတ်ခြုံကျလျက်ရှိသည်။ သယံဇာတနှင့် ဆန်ရေစပါး ပေါများကြွယ်ဝသောနိုင်ငံသည် အာဏာရှင်စနစ်ဆိုးကြောင့် ကမ္ဘာ့အဆင်းရဲဆုံးနှင့် ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံအဖြစ်သို့ ကျရောက်ခဲ့ရလေသည်။ တိုင်းပြည်သည် အဘက်ဘက်မှ အခြေအနေဆိုးလာခြင်း၊ လူ့အခွင့်အရေး ဆိတ်သုဉ်းခြင်းစတာတွေကြောင့် ပြည်သူများ မခံမရပ်ဖြစ်ကာ ဒီမိုကရေစီဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့သည်။ တရားမျှတစွာ ဆန္ဒပြတောင်းဆိုသော ပြည်သူများကို အထက်အမိန့်အရ နှိပ်ကွပ် သတ်ဖြတ်စေခဲ့သည်။ ဤသို့ဖြင့် ကြိမ်ဖန်များစွာ သွေးမြေကျသည့် လူသတ်ပွဲများ ကျူးလွန်တာကြောင့် ကျောင်းသား၊ ပြည်သူလူထုနှင့် ရဟန်းသံဃာများပါ သွေးမြေကျ အသက်ဆုံးရှုံး ဘဝပျက်ခဲ့ကြရသည်။ အုပ်စိုးသူ အာဏာရှင်အဆက်ဆက်သည် မဟာလူမျိုးကြီးဝါဒကို စွဲကိုင်ကာ တိုင်းရင်းသားပြည်သူလူထုအကျိုးကို မကြည့်ဘဲ ၎င်းတို့အာဏာ တည်မြဲရေးအတွက်သာ အဓိကထား တစိုက်မတ်မတ် ကြိုးပမ်းလျက်ရှိသည်။ ဗိုလ်နေဝင်း နိုင်ငံရေးဇာတ်ခုံပေါ်က ဆင်းပြီးနောက်ပိုင်း ၎င်း၏ ငယ်မွေးခြံပေါက် စစ်အာဏာရှင်အုပ်စုသည် ဗိုလ်နေဝင်း၏ လမ်းစဉ်အတိုင်းသာ တသွေမတိမ်းလုပ်ဆောင်ကာ တိုင်းရင်းသားလူမျိုးများကို နှိပ်ကွပ်သတ်ဖြတ်လျက်ရှိသည်။ တိုင်းရင်းသားဒေသအသီးသီးတွင် မြန်မာ့တပ်မတော်သားများသည် ပစ္စည်းယူ၊ လူသတ်၊ မုဒိန်းကျင့်၊ လုယက်၊ ဖျက်ဆီး၊ မီးရှို့စသည့် လုပ်ရပ်မျိုးစုံကို ရဲတင်းစွာ လုပ်နေကြပြီး တိုင်းရင်းသားလူမျိုးများအား အတိဒုက္ခ ရောက်စေလျက်ရှိသည်။ ထိုသို့သော အကြမ်းဖက်လုပ်ရပ်များကြောင့် မြန်မာ့တပ်မတော်သည် ပြည်သူတို့၏ စက်ဆုတ်ရွံရှာ မုန်းတီးဖွယ်ရာကောင်းသော ပြည်သူ့ချဉ်ဖတ်အဖြစ် ကျရောက်ခဲ့ရသည်။

**မြန်မာ့တပ်မတော်သားအပေါင်းတို့ ....**

လက်ရှိမြန်မာ့တပ်မတော်သည် စစ်အာဏာရှင်ဗိုလ်ကြီးတစု၏ အာဏာတည်မြဲရေးအတွက် လိမ်လည်လှည့်ဖြား အသုံးချခံနေရသည်။ မြန်မာ့တပ်မတော်သည် ဗိုလ်ချုပ်ကြီးများ၏ ကိုယ်ကျိုးစီးပွားကို အကာအကွယ်ပေးနေရသောကြောင့် ပြည်သူဘက်မှ ရပ်တည်သော ပြည်သူ့တပ်မတော် မဟုတ်တော့ဘဲ ဖောက်ပြန်သော ကြေးစားတပ်ဖြစ်နေသည်။ မျိုးချစ်ဟူသော အနှစ်သာရ လုံးဝကွယ်ပျောက်ပြီး သူခိုး၊ ဓားပြတပ်အသွင်ကဲ့သို့ ရောက်ရှိနေပြီဖြစ်သည်။ တပ်မတော်သားတိုင်းသည် မိမိတို့ရောက်ရှိနေသော ဘဝကို နားလည်ဖို့ လိုအပ်ပေသည်။ မြန်မာ့တပ်မတော်သားအပေါင်းတို့သည် စစ်အာဏာရှင်ဗိုလ်ချုပ်ကြီးများအပေါ် ဘယ်လောက်ပဲ သစ္စာရှိရှိလုပ်ဆောင်နေသော်လည်း ၎င်းတို့အတွက်ရော၊ ပြည်သူတွေအတွက်ပါ ဘာတခုမှ အကျိုးမရှိသည်သာမက အလိုတူအလိုပါ တိုင်းပြည်၏ တရားခံအဖြစ် ရောက်ရှိသွားမှာဖြစ်သည်။ ထိုသို့မရောက်ရှိအောင် ပြည်သူနှင့် အမြန်ပူးပေါင်းရမှာဖြစ်သည်။ ပြည်သူသာအမိ ပြည်သူသာအဖ ပြည်သူဘက်က မားမားမတ်မတ် ရပ်တည်ပြီး စစ်အာဏာရှင်အဆက်ဆက်၏ သေရာပါ ခေါက်ရိုးကျိုးနေသော အာဏာရှင်စနစ်ဆိုးကြီးကို မကြွင်းမကျန် တော်လှန်တိုက်ဖျက်ပစ်မှသာ ပြည်သူချစ်သော တပ်မတော်အဖြစ် ဂုဏ်ရောင်ထွန်းပြောင်လာလိမ့်မည်။

နောက်ဆုံးအနေဖြင့် တိုက်တွန်းလိုသည်မှာ မြန်မာပြည်၏ နိုင်ငံရေး၊ စီးပွားရေး အကျပ်အတည်းကို လွတ်မြောက်ရန်နှင့် သာယာဝပြောသော ဒီမိုကရေစီပြည်ထောင်စုကြီးအဖြစ် ထာဝစဉ်ရပ်တည်သွားနိုင်ရန် မြန်မာ့တပ်မတော် တပ်မှူးတပ်သားများအားလုံး တိုင်းရင်းသားလူမျိုးပေါင်းစုံ ပြည်သူများဘက်မှ အခိုင်အမာရပ်တည် တိုက်ပွဲဝင်သွားကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ဗဟိုစစ်ဦးစီးဌာနချုပ်
ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်
ကော်သူးလေ
၅/၄/၂၀၀၃

# ၁၉၉၆ ခုနှစ်၊ နိုဗယ်ငြိမ်းချမ်းရေးဆုရှင် မစ္စတာ ဟိုဆေးရာမို့(စ်)ဟော်တာသို့ အိတ်ဖွင့်ပေးစာ



မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ ဥက္ကဋ္ဌ အရှင်ခေမာစာရ

**○ ယခင်အပတ်မှ အဆက်**

ရည်ရွယ်တာက ၁၉၈၈ ခုနှစ်တုန်းက ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး ကြိုးပမ်းရင်း ကျဆုံးကွယ်လွန်သွားကြတဲ့ ရဟန်းရှင်လူ ပြည်သူအပေါင်းအားလုံးကို ရည်စူးလှူဒါန်းတဲ့ အလှူပွဲ၊ ကျဆုံးသူတွေ ကောင်းရာဘုံဌာနရောက်ရှိကြဖို့ ဘာသာရေးဆုတောင်းပွဲတခု ပြုလုပ်တဲ့ပွဲဖြစ်တယ်။ ဒါဟာ ဘာသာရေးသက်သက်ဖြစ်တယ်။ နိုင်ငံရေး လုံးဝ မဟုတ်ဘူး။ လုံးဝ နိုင်ငံရေး မပါဘူး။

ပြောစရာရှိတာကတော့ နိုင်ငံရေးအာဏာရှင်တွေက "လူ (၅)ယောက်ထက် ပိုမစုရဘူး"ဆိုပြီး အမိန့်ထုတ်ထားတဲ့ကာလဆိုတော့ ဒီအလှူဟာ (၅)ယောက်ထက် ပိုမိုနေတာကတော့ အမှန်ပါပဲ။ ဒါကြောင့် နံနက်(၅)နာရီမှာ စစ်တပ်ကရောက်လာပြီး အလှူကို ရပ်တန့်ဖို့၊ လူစုခွဲဖို့ အမိန့်ပေးလာတယ်။ သံဃာနဲ့ ပြည်သူတွေက တောင်းပန်ကြပေမယ့် မရဘူး။ အထက်အမိန့်အရ ဆောင်ရွက်ရမှာဖြစ်တယ်။ လူစုခွဲကြပါဆိုပြီး ထပ်မံအမိန့်ပေးတယ်။ ဒါပေမယ့် သံဃာနဲ့ ပြည်သူကတော့ လူစုမခွဲဘူး။ အလှူလုပ်မြဲလုပ်နေစဉ်ပဲ သေနတ်နဲ့စပြီး ဒလစပ် ပစ်ခတ်တော့တာပါပဲ။ အဲဒီမှာ သံဃာတော် (၂)ပါး ပျံလွန်တယ်။ ကျောင်းသား (၁)ဦး၊ ကျောင်းသူ (၁)ဦး ပွဲချင်းပြီး ကျဆုံးတယ်။ အခြား (၁၇)ဦး ဒဏ်ရာရခဲ့တယ်။ အသက် (၁၆)နှစ် (၁၇)နှစ်ခန့်ရှိတဲ့ ကိုရင်လေး ဇနိန္ဒဟာ ဒဏ်ရာပြင်းထန်လို့ ဆေးရုံခေါ်သွားစဉ် ယနေ့ထိ ပျောက်ဆုံးနေဆဲဖြစ်တယ်။ အာဏာရှင်တွေရဲ့ ဒီလိုလုပ်ရပ်နဲ့ပတ်သက်ပြီး ဗုဒ္ဓဘာသာသံဃာတော်များက ဘာသာ၊ သာသနာအပေါ်မှာ စော်ကားမော်ကားလုပ်တာဖြစ်ကြောင်း ခံယူခဲ့ကြတယ်။

(၁) ဗုဒ္ဓကျမ်းစာ ဝိနယပါဠိတော်(၄)၊ စာမျက်နှာ (၂၆)မှာပဲကြည့်ကြည့်၊ သီလဝါပါဠိတော် အင်္ဂုတ္တရ(၅)မှာပဲကြည့်ကြည့်၊ ဒီလို ပြုမူမှုအပေါ် ဘာသာရေးသပိတ်မှောက်နိုင်တာကို တွေ့ရပါလိမ့်မယ်။ ပါဠိလိုတော့ ပတ္တနိက္ကုဇ္ဇကံလို့ ခေါ်တယ်။ ဒီလို ဗုဒ္ဓဘုရားရှင်ရဲ့ ခွင့်ပြုချက်နဲ့အညီ မြို့ကြီး (၇)မြို့ကအစပြုပြီး သံဃာ(၂၀,၀၀၀)ကျော်တို့က စတင်ပြီး ၂၇-၈-၉၀ နေ့မှာ ဘာသာရေးသပိတ်မှောက်ခဲ့ကြတယ်။ သိမ်ဝင်ကံဆောင်ခဲ့ကြတယ်။ ချက်ချင်းဆိုသလို တနိုင်ငံလုံးမှာလဲ အလားတူ သံဃာအားလုံးလိုလို သပိတ်မှောက် ကံဆောင်ခဲ့ကြတယ်။ အာဏာရှင်ကိုလည်းကောင်း၊ အာဏာရှင်နဲ့ ဆက်စပ်သူများကိုလည်းကောင်း ပင့်ဖိတ်တာကို လက်မခံခြင်း၊ အလှူလက်ခံမှု မပြုခြင်း၊ မဆက်ဆံခြင်း စတဲ့ ဘာသာရေးဆိုင်ရာတွေကို ရပ်ဆိုင်းခဲ့ကြတယ်။ အာဏာရှင်တွေက (၃)ရက်အတွင်း သပိတ်လှန်ဖို့ ရာဇသံပေးခဲ့ပေမယ့် ဘယ်သံဃာကမှ သပိတ်မလှန်ခဲ့ဘူး။ အာဏာရှင်တွေဟာ ဘုန်းတော်ကြီးကျောင်းမှန်သမျှကို စစ်တပ်နဲ့ ဝိုင်းရံပိတ်ဆို့ပြီး တရကြမ်း အဓမ္မဝင်ရောက်ဖမ်းဆီးခဲ့တယ်။ သံဃာ (၃,၀၀၀)ကျော် ဖမ်းဆီးဖို့ စာရင်းထုတ်ပြန်ခဲ့တယ်။ ဖမ်းဆီးခံရတဲ့ သံဃာတော်တွေထဲမှာ ငယ်ရွယ်တဲ့ စာသင်သား သံဃာတွေသာ မဟုတ်ဘူး။ ထင်ရှားတဲ့ သက်တော်ရှည်ဆရာတော်ဘုရားကြီးများနဲ့ အကျော်အမော် ဆရာတော်ဘုရားကြီးများ ပါဝင်ခဲ့တယ်။

(၁) ဆရာတော် တိပိဋကကဓရ ဦးသုမင်္ဂလာဘိဝံသ (ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူတဲ့ တရားအားလုံး ပိဋကတ်သုံးပုံ နှုတ်တိုက်အာဂုံဆောင်ထားတဲ့ ဆရာတော်ဘုရားကြီး)

(၂) ဘဒ္ဒန္တရာဇဓမ္မာဘိဝံသ (သံဃာသုံးထောင်နီးပါးခန့်ရှိတဲ့ စာသင်တိုက်ကြီးကိုစီမံအုပ်ချုပ်နေတဲ့ ဆရာတော်ဘုရားကြီး)

(၃) ဘဒ္ဒန္တကောဝိဒါဘိဝံသ (သံဃာ ၁,၀၀၀ ကျော်ရှိတဲ့ စာသင်တိုက်ကို စီမံအုပ်ချုပ်နေတဲ့ ဆရာတော်ဘုရားကြီး)

(၄) ဘဒ္ဒန္တ ထိလောကာဘိဝံသ (သံဃာ သုံးရာငါးဆယ်ကျော်ရှိတဲ့ စာသင်တိုက်ကို စီမံအုပ်ချုပ်နေတဲ့ ဆရာတော်ဘုရားကြီး)

(၅) မေဒိနီဆရာတော် (သံဃာ သုံးရာကျော်ရှိသော စာသင်တိုက်ကို စီမံအုပ်ချုပ်နေတဲ့ ဆရာတော်ဘုရားကြီး)

(၆) မဟာဗောဒိဆရာတော် (သံဃာနှစ်ရာခန့်ရှိသော စာသင်တိုက်ကို စီမံအုပ်ချုပ်နေတဲ့ ဆရာတော်ဘုရားကြီး)

(၇) ဘဒ္ဒန္တတလောက ရွှေဘုန်းပွင့်ဆရာတော် (နိုင်ငံကျော်ဓမ္မကထိက တရားဟောဆရာ)

(၈) ရွှေဟင်္သာတောရဆရာတော် (စစ်ကိုင်း)

(၉) ဦးရေဝတ ဥက္ကဋ္ဌ၊ သံဃသာမဂ္ဂီ၊ (သံဃာတသောင်းခန့်ကို ဦးဆောင်မှုပေးနေရတဲ့ ဆရာတော်) စတဲ့ ထင်ရှားတဲ့ ဗုဒ္ဓဘာသာဘုန်းတော်ကြီး (သံဃာ) အမြောက်အမြား ဖမ်းဆီးခံခဲ့ရတယ်။ အဲဒီလို ဖမ်းဆီးခံခဲ့ရတဲ့ သံဃာတော်များအထဲ သံဃာ(၄)ပါးအထိ ပျံလွန်တော်မူခဲ့ရပြီး၊ တချို့မှာ ထောင်မှထုတ်ပေးပြီးမှ ထောင်ထဲက ဒဏ်ချက်တွေကြောင့် ကျဆုံး ပျံလွန်တော်မူခဲ့ကြရတယ်။ ဒ့ါပြင် အဲဒီ ဖမ်းဆီးခံဆရာတော်တွေကို အကျဉ်းထောင်အတွင်း အတင်းအကျပ် လူဝတ်လဲပြီး အလုပ်ကြမ်းခိုင်းခြင်း၊ စစ်မြေပြင်သို့ ပေါ်တာထည့်ပေးတာတွေ လုပ်တယ်။ ရဲဘက်အလုပ်ကြမ်းစခန်းနဲ့ မြေပြင်ပေါ်တာထမ်းရာမှာ အမြောက်အမြား သေဆုံးခဲ့ကြရတယ်။ လန်ဒန်အခြေစိုက် နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့မှ စာရင်းဇယားများအရ ဖမ်းဆီးခံသံဃာ(၂၆၀)ကျော်ရှိကြောင်း ဖော်ပြခဲ့ပေမယ့် ရဟန်းပျိုသမဂ္ဂမှ သုံးထောင်နီးပါးခန့်ထိ ဖမ်းဆီးခံခဲ့ရကြောင်း ယုံကြည်တယ်။ အာဏာရှင်တွေက စာရင်းတိတိကျကျ ဖော်ပြတော့တာ မရှိဘူး။ ဒီလိုဖြစ်ရတာဟာ ပြည်သူဘက်က ရပ်ခဲ့လို့ပါပဲ။ ဒါတွေဟာ ဗုဒ္ဓဘာသာသံဃာတွေ နိုင်ငံရေးမှာ ရှားရှားပါးပါးပါဝင်ခဲ့တယ်ဆိုတဲ့ သာဓကတွေဖြစ်တယ်။

### ၁၉၉၇ ခု မန္တလေးမဟာမြတ်မုနိ အရေးအခင်း

ဒါပေမယ့်လို့ မြန်မာနိုင်ငံ ဒီမိုကရေစီရေးကြိုးပမ်းမှုဟာ မပြီးဆုံး မရပ်တန့်သွားသေးဘူး။ အခြေအနေပေးရင် ပေးသလို ပေါ်ပေါက်လာတာကို တွေ့ရလိမ့်မယ်။ ဗုဒ္ဓဘာသာသံဃာတော်များရဲ့ အာဏာရှင်စနစ်ဆန့်ကျင်ရေးမှာ မန္တလေးမဟာမြတ်မုနိအရေးအခင်းလည်း ပါဝင်ခဲ့တယ်လို့ ပြောချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အာဏာရှင်တွေကို တုန်လှုပ်စေနိုင်ခဲ့လို့ပါပဲ။ အာဏာရှင်လုပ်သမျှ ခေါင်းငုံ့မခံဘဲ အမှန်တရားကို ဖော်ထုတ်ဖို့ အရှိအတိုင်း၊ အဖြစ်မှန်အတိုင်း သံဃာတွေ ကြိုးပမ်းခဲ့တာလို့ ဆိုနိုင်လိမ့်မယ်။ မန္တလေးမဟာမြတ်မုနိအရေးအခင်းဟာ ၁၉၉၇ ခုနှစ်မှာ ဖြစ်ပွားတယ်။ အာဏာရှင်တွေဟာ ဘာမဆို လက်ဝါးကြီးအုပ်ချင်တယ်။ အာဏာပြချင်တယ်။ ငါလုပ်တာ ကောင်းကောင်းဆိုးဆိုး ဘယ်သူမှ လျှာမရှည်နဲ့ဆိုတဲ့သဘောနဲ့ မန္တလေးမဟာမြတ်မုနိဘုရားကြီးကို ကိုင်တွယ်ခဲ့တယ်။ ဘဏ္ဍာရေးလိုအပ်ချက်ကြောင့် စေတီပုထိုး၊ ဘုရားတန်ဆောင်းတွေကို ပြုပြင်သလို တည်ဆောက်သလိုနဲ့ တန်ဖိုးရှိတဲ့ ရှေးဟောင်းပစ္စည်းတွေကို တူးဖော်ထုတ်ယူ၊ ဖြုတ်ယူ၊ ခိုးယူလုပ်နေတဲ့သတင်းဆိုးက သံဃာနဲ့ ပြည်သူတွေအကြားမှာ ပျံ့နှံ့နေတာကြာပါပြီ။ ဒါကြောင့်မို့လို့ မဟာမြတ်မုနိဘုရားပြုပြင်ရေးမှာ အသေးစိတ် စောင့်ကြည့်နေကြတဲ့ သံဃာတွေက ရုပ်ပွားတွေရဲ့ ဝမ်းဗိုက်တော်ထဲမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်း ပတ္တမြားမျက်ရှင်ကို ထုတ်ယူကြောင်း သိရှိခဲ့တာဖြစ်တယ်။

၁၉၉၇ ခု၊ မေလ ဒုတိယအပတ်မှာ သံဃာတော် (၈,၀၀၀)ခန့် စုဝေးပြီး ပတ္တမြားမျက်ရှင် ခိုးယူမှုနဲ့ပတ်သက်ပြီး အရေးပေါ် သံဃာ့အစည်းအဝေးပွဲတခု မန္တလေးမဟာမြတ်မုနိရင်ပြင်တော်မှာ ပြုလုပ်ခဲ့ကြတယ်။

**ရှေ့အပတ်တွင် ဆက်လက်ဖော်ပြပါမည်။**

## ဆွေးနွေးပွဲရပ်တန့်သွား၍ အမေရိကန်စိုးရိမ် အရေးယူပိတ်ဆို့မှုများ ထပ်လုပ်ရန် စီစဉ်

**ပြေ၊ (၁၁)ရက်။**

ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ် ကြားဝင်ဆောင်ရွက်ပေးနေသည့် နအဖနှင့် အဲန်အယ်လ်ဒီတို့ အကြား ဆွေးနွေးပွဲသည် ရပ်တန့်သည့် အဆင့်ကို ရောက်ရှိသွားပြီဖြစ်ကြောင်း ပြေလ(၁၀)ရက်နေ့တွင် တင်သွင်းသည့် အမေရိကန်အစိုးရ၏ (၆)လပတ် အစီရင်ခံစာ၌ ဖော်ပြထားသည်။

အမေရိကန်ကွန်ဂရက်ထံ (၆)လတကြိမ် တင်သွင်းရသည့် လူ့အခွင့်အရေး အစီရင်ခံစာတွင် အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် စိုးရိမ်မှုများ လျော့ပါးမသွားဘဲ ပိုတိုးလာနေသည်ဟု ဆိုသည်။ စစ်အုပ်စုက လူ့အခွင့်အရေးအခြေအနေများ တိုးတက်လာကြောင်း ပြောဆိုနေသော်လည်း ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အဲန်အယ်လ်ဒီပါတီနှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ပြုလုပ်လာကြောင်း ဖော်ပြထားသည်။

ဆက်လက်၍ တွေ့ဆုံဆွေးနွေးပွဲသည် လွန်ခဲ့သည့် (၆)လကျော်ခန့်ကပင် ရပ်တန့်နေပြီး အကျဉ်းသားများ ပြန်လွှတ်ပေးမည် ဆိုသည့်ကတိကိုလည်း နအဖက ပျက်ကွက်ခဲ့သည်ဟု အစီရင်ခံစာက ဆိုသည်။

ထို့ကြောင့် အီးယူနှင့် အမေရိကန်အစိုးရတို့က နအဖစစ်အုပ်စုအပေါ် နောက်ထပ်အရေးယူပိတ်ဆို့မှုများလုပ်ရန် စဉ်းစားနေသည်ဟုလည်း ဖော်ပြထားသည်။

သို့ရာတွင် အဲန်အယ်လ်ဒီပါတီသည် မြန်မာနိုင်ငံအနှံ့အပြားရှိ ၎င်း၏ ရုံးခွဲအများအပြားကို ပြန်လည်ဖွင့်နိုင်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

❖ ❖ ❖

## လေးနိုင်ငံ စီးပွားရေး လက်တွဲဆောင်ရွက်ရန် ထိုင်းက ကြိုးပမ်းမည်

**ပြေ၊ (၃၀)ရက်။**

ယနေ့နံနက်ပိုင်းက ထိုင်းနိုင်ငံ ဘန်ကောက်မြို့တော် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ကျင်းပခဲ့သည့် ကမ္ဘောဒီးယား-ထိုင်း နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှု အစည်းအဝေးအပြီးတွင် ထိုင်းဝန်ကြီးချုပ် မစ္စတာထပ်စင်ရှီနာဝပ်က ထိုင်း၊ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို (၄)နိုင်ငံ ပူးပေါင်း၍ စီးပွားရေးလက်တွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်း (၄)နိုင်ငံပူးပေါင်း၍ စီးပွားရေးဆောင်ရွက်နိုင်ရေးအတွက် မြန်မာ၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့တွင် ပဲမျိုးစုံနှင့် ပြောင်းစိုက်ခင်းများ စိုက်ပျိုးနိုင်ရန် ထိုင်းနိုင်ငံက ကူညီသွားမည်ဖြစ်ပြီး ထွက်ကုန်များအား ထိုင်းနိုင်ငံက ပြန်လည်ဝယ်ယူမည်ဟုဆိုသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ထိုင်းနိုင်ငံတွင် ဝန်ပိနေသည့် အလုပ်သမားပြဿနာများကိုလည်း တဘက်တလမ်းက ဖြေရှင်းနိုင်မည် ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး စူရာကီယက်က ဆိုသည်။ ၎င်းက အဆိုပါနိုင်ငံများသည် ထိုင်းနိုင်ငံထက် လုပ်အားခ ဈေးပေါခြင်းကြောင့်ဖြစ်သည်ကိုလည်း ဝန်ခံသွားခဲ့သည်။

❖ ❖ ❖

## မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန်အဖြစ် အမေရိကန်လူမျိုးကို ခန့်အပ်

**ပြေ၊ (၁)ရက်။**

ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ် ဦးကျော်တင့်ဆွေအား ကျန်းမာရေးကြောင့် ရာထူးမှ နှုတ်ထွက်ခွင့်ပြုခဲ့ပြီးနောက် တဆက်တည်းမှာပင် ၎င်းနေရာအတွက် အမေရိကန်နိုင်ငံသားတဦးကို အစားထိုး ခန့်အပ်လိုက်ကြောင်း နအဖက ကြေညာခဲ့သည်။

နအဖက ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာပြည် သံအမတ်အဖြစ် အမေရိကန်နိုင်ငံသား မစ္စတာ ဘာရီဘရိုမန် (Mr. Barry Broman)ကို ခန့်ထားလိုက်ကြောင်း ဖော်ပြထားသည်။ မစ္စတာ ဘရိုမန်သည် နအဖ အကျိုးစီးပွားအတွက် လှုံ့ဆော်စည်းရုံးမှုများ ပြုလုပ်ပေးနေသူ ဖြစ်ကြောင်း သိရပြီး ၁၉၉၀ နှစ်များအတွင်းက ရန်ကုန်မြို့ အမေရိကန်သံရုံးတွင် (၂)နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ဖူးသူ ဖြစ်သည်။ ၎င်းသည် မူးယစ်ဆေးနှိမ်နင်းရေးကိစ္စ အကြောင်းပြ၍ နအဖ စစ်အုပ်စုကို အမေရိကန်က ထောက်ပံ့ရန် ဆောင်ရွက်ပေးခဲ့ပြီး အကျိုးဆောင်ခအဖြစ် ဒေါ်လာ(၃၀,၀၀၀) ရရှိခဲ့ဖူးသူလည်းဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ မြန်မာ့အရေး ကျွမ်းကျင်သူ Geogre Town တက္ကသိုလ်မှ David Steinberg က နအဖ၏ လုပ်ရပ်ကို အံ့သြမိရုံမက တုန်လှုပ်မိကြောင်း၊ ဗိုလ်ချုပ်ကြီးများအနေဖြင့် တိုင်းပြည်၏ အရေးကိစ္စများအပေါ် ကိုင်တွယ်နိုင်စွမ်း ရှိတော့ပုံမရကြောင်း ပြောဆိုဝေဖန်သွားခဲ့သည်။

❖ ❖ ❖

# ကဗျာဆရာကြီးတင်မိုးနှင့် တွေ့ဆုံမေးမြန်းခြင်း (နိဂုံးပိုင်း)



ကဗျာဆရာကြီးတင်မိုး

**ကျနော်တို့က ရှမ်းယဉ်ကျေးမှု၊ ကရင်ယဉ်ကျေးမှု၊ ကချင်ယဉ်ကျေးမှု စသဖြင့် ဒါတွေကို လေးစားတယ်၊ ချစ်ခင်တယ်၊ တန်ဖိုးထားတယ်။ ဒါ ပိုပြီး တော့ ကြွယ်ဝတာပေါ့ဗျာ။ ကျနော်တို့နိုင်ငံမှာ ရှိသမျှ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေ ဖွံ့ဖြိုးတယ် ဆိုတာ သိပ်ကောင်းတာပေါ့၊ ပိုတောင် ကြွယ်ဝသေးတယ်။**

❍ ယခင်အပတ်မှအဆက်

❑ ဆရာကြီးအနေနဲ့ ၁၉၈၈ ခုနှစ် ဒီမိုကရေစီရေးလှုပ်ရှားမှုကနေစပြီး နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ကဗျာဆရာကြီးတဦးအဖြစ် ပါဝင်လာခဲ့တာဆိုတော့ ပြည်တွင်းပြည်ပက လတ်တလော တောင်းဆိုနေတဲ့ အမျိုးသားရင်ကြားစေ့ရေး တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရေးဆိုတဲ့ နိုင်ငံရေးအခြေအနေတွေအပေါ်မှာရော ဆရာ့အမြင် ဘယ်လိုရှိပါသလဲ။

❍ ဒေါ်အောင်ဆန်းစုကြည်လို ဒီမိုကရေစီရအောင် အမျိုးမျိုးစဉ်းစား၊ ကိုယ်အနစ်နာခံ စွန့်စားပြီးတော့ကို၊ ဟုတ်လား၊ ကိုယ်အနစ်နာခံ အငြိုငြင်ခံ အပင်ပန်းခံပြီး လုပ်နေတာ ကျနော့်စိတ်ထဲမှာ အင်မတန် ကြည်လည်း ကြည်ညိုတယ်။ အားလည်း အားရပါတယ်။ ဒီလိုပဲ လုပ်ရမှာပေါ့ဗျာနော်။ တိုင်းပြည်ချစ်တဲ့ပုဂ္ဂိုလ်တွေဆိုတော့ ကိုယ်ကျိုးကို စွန့်လွှတ်ပြီးတော့ကို ဒီလိုလုပ်ရတာပေါ့။ ဒီစစ်တပ်ကလည်း အင်မတန်ခေါင်းမာတဲ့ စစ်တပ် မဟုတ်လား။ ကိုယ်ကျိုးကို အလွန်ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်တဲ့စစ်တပ်။ အာဏာ လက်လွှတ်ဖို့ကို တီကောင်ဆားတို့သလို အင်မတန် ကြောက်တဲ့စစ်တပ်။

အာဏာကိုလက်လွှတ်ရမှာ၊ ပြည်သူလူထုကို အပ်နှင်းရမှာ သိပ်ကြောက်တာ။ ပြည်သူလူထုလက်ထဲကို အာဏာရောက်မှာ၊ အာဏာအပ်ရမှာကို မကြည်ဖြူတဲ့စစ်တပ်၊ ဟုတ်လား။ ကြည်ကြည်ဖြူဖြူ မအပ်နှင်းနိုင်တဲ့ စစ်တပ်။ ဘာလို့လဲဆိုတော့ သူတို့သာလျှင် ချယ်လှယ်ချင်တယ်၊ စိုးမိုးချင်တယ်၊ အခွင့်ထူးခံချင်တယ်ဆိုတဲ့ တကိုယ်ကောင်းပေါ့။ တကိုယ်ကောင်းစိတ်တွေနဲ့ ပျိုးထောင်ထားတဲ့ စစ်တပ်ကိုး။ ကျနော်တို့ တိုင်းပြည်မှာ အရမ်းနှမြောစရာကောင်းတာပဲ။ မျိုးချစ်တပ်မတော်ဘဝကနေ ဒီလို တကိုယ်ကောင်းတပ်မတော်အဖြစ်၊ တကိုယ်ကောင်းစိတ်တွေ ပျိုးထောင်ပေးပြီး ကိုယ်ကျိုးကို လက်တဆုံးနှိုက်နေတဲ့ စစ်တပ်အဖြစ် ပျိုးထောင်ခံရတာ သိပ်ပြီးနစ်နာတာပဲ။ ကျနော်တို့ တိုင်းပြည်မှာ နှမြောစရာလည်း သိပ်ကောင်းတယ်။ အဲဒါကို စိတ်ရှည်လက်ရှည်နဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ကြိုးစားနေတာကို ကျနော် လေးလည်း လေးစားတယ်။ ထောက်လည်း ထောက်ခံတယ်။ သဘောလည်း ကျတယ်။ အဲဒီတော့ ကျနော်တို့ပြည်သူလူထုက တတ်နိုင်သမျှ ဝိုင်းကြဝန်းကြရမှာပဲ။ ကိုယ်ဆုံးရှုံးနေတဲ့အခွင့်အရေးတွေ၊ ပြည်သူလူထုရဲ့အခွင့်အရေးတွေကို ရအောင် ကျနော်တို့ စိတ်ရှည်လက်ရှည် ကြိုးစားရမှာပဲ။ အဲဒီလိုပဲ ကျနော်က ယူဆတယ်။ ဒါ့ကြောင့် ဒေါ်စုတို့ကို လုံးဝ ထောက်ခံပါတယ်။ ဒေါ်စုတို့ရဲ့ ဆောင်ရွက်မှုတွေကို သံသယမရှိဘူး။ လုံးဝ သံသယမရှိဘူး၊ ယုံကြည်တယ်။ ဒေါ်စုရဲ့ စေတနာ၊ မေတ္တာ၊ တိုင်းပြည်ပေါ်မှာထားတဲ့ ကရုဏာ၊ အဲဒါတွေလည်း ကျနော် လုံးဝ သံသယမရှိဘူး၊ ယုံကြည်တယ်။ ပြည်သူလူထု အားလုံးကလည်း ယုံယုံကြည်ကြည်နဲ့ ထောက်ခံရမှာပဲ။ ထောက်လည်း ထောက်ခံနေကြတာပါပဲ။ အဲဒီလို လူထုဆန္ဒဟာ တနေ့မှာ အောင်မြင်ရမှာပဲလို့ ယုံကြည်တယ်။ စိတ်ထဲမှာ ကျနော် အကြွင်းမဲ့ယုံကြည်တယ်လို့ပဲ ပြောရမှာပဲ။ လူထုရဲ့ မှန်ကန်တဲ့ ဆန္ဒဟာ တနေ့ အောင်ပွဲခံမှာပဲ။ မှန်ကန်တဲ့

**ဂဲနည်**

တရားဟာ တနေ့အောင်ပွဲခံမှာပဲ၊ ယုံကြည်တယ်။

❑ ဆရာကြီး နိုင်ငံခြားကို ထွက်လာပြီးတဲ့နောက်ပိုင်း ရေးခဲ့တဲ့ကဗျာတွေထဲမှာ တပုဒ်တလေ ရေးဖူးတာ ကျနော်တွေ့ဖူးတယ်။ အဲဒါက တော်လှန်ရေးအမည်ခံ လူတွေအပေါ် ကလောင်သွားစပ်စပ်လေးနဲ့ ဝေဖန်တို့ထိထားတဲ့ ကဗျာတွေပေါ့။ အဲဒါ ဘယ်လိုခံစားမှုနဲ့ ရေးဖြစ်သွားလဲဆရာကြီး။

❍ အဲဒါကတော့ စေတနာနဲ့ပါ။ တော်လှန်ရေးအတွက်ဆိုပြီး အပျော်ကြံ ပြေးတဲ့လူတွေ (ရယ်သံ)ဘာညာနဲ့ပေါ့ဗျာ၊ ဒါလည်း ရှိမှာပေါ့ဗျာနော်။ လူသားတွေကိုး၊ လူသားတွေဆိုတော့ ဒီလိုတိုက်ပွဲဆင်ရတာ ရေရှည်လေလေ ခံနိုင်ရည်တွေ ပျက်ပြားသွားတာလည်း ရှိနိုင်တာပေါ့။ အဲဒီအခါမှာ ကျနော်တို့လည်း မြင်ရကြားရ စိတ်မချမ်းမသာဖြစ်တာတွေလည်းရှိပါတယ်။ ဒီလိုပဲ၊ ကျနော်တို့တော်လှန်ရေး၊ ပြည်သူလူထုကို လွတ်မြောက်အောင် တော်လှန်နေတဲ့ကြားထဲကပဲ အချင်းချင်း မညီမညွတ်ဖြစ်နေတယ်ဆိုတော့ ရန်သူအားရဖွယ် ဖြစ်သွားတယ်ပေါ့ဗျာ။ ပြည်သူလူထုကို အကျိုးပြုမယ့်အစား ရန်သူကို အကျိုးပြုသလိုဖြစ်သွားတယ်။ အချင်းချင်း ဖရိုဖရဲဖြစ်၊ အသင်းအဖွဲ့တွေ မှိုလိုပေါက်များပြား၊ စင်တွေက အသီးသီး ထူထောင်၊ ဘယ်စင်က တီးလုံးကို နားထောင်ရမှန်းမသိ၊ ဘယ်စင်က ကကွက်ကို နှစ်သက်ရမှန်းမသိဆိုတဲ့ စိတ်ရှုပ်စရာတွေကိုလည်း တွေ့တာပေါ့။ အဲဒါတွေကလည်း ခက်ခဲကျပ်တည်းတဲ့ သမိုင်းတကွေ့မှာ တွေ့ရလေ့ရှိတဲ့ ဓမ္မတာတခုလို့ပဲ ယူဆပါတယ်။ တနေ့နေ့မှာ ဒါကို ကျော်လွှားသွားမှာပါ။

❑ နောက်တခုက တိုင်းရင်းသားတွေကိစ္စ၊ တိုင်းရင်းသားတွေက သူတို့ရဲ့ယဉ်ကျေးမှု၊ သူတို့ရဲ့စာပေ၊ သူတို့ရဲ့အခွင့်အရေးတွေဟာ ဗမာလူမျိုးကြီးဝါဒကြောင့် ဖိနှိပ်ချုးနှိမ်ခံထားရတယ်လို့ ပြောဆိုကြပါတယ်။ ဗမာလူမျိုးတဦးအနေနဲ့ ဆရာကြီးရဲ့ ခံစားမှုကရော ....

❍ ကျနော်တို့က တိုင်းရင်းသားတွေအပေါ် ကိုယ့်ညီအကိုမောင်နှမသားချင်းတွေလိုဖြစ်နေတော့ ကိုယ့်ညီငယ်လေး ညီမငယ်လေး ထူးချွန်လာတာ၊ တင့်တယ်လာတာ တွေ့ရရင် ဝမ်းသားအားရဖြစ်သလိုပဲ မုဒိတာပွားမိပါတယ်။ ဒီဉစ္စာကို ကျနော်တို့ စိတ်ထဲမှာ ဘာမှ အနှောင့်အယှက် မဖြစ်မိပါဘူး။ နောက် ဒီလိုလဲ မဖိနှိပ်ပါဘူး။ ဒါကျနော်တို့ရဲ့ ပင်ကိုယ်စိတ်ကို ပြောတာပါနော်။ ဟိုအရင်တုန်းက မသိ နားမလည်ကြတုန်းက၊ တယောက်နဲ့ တယောက် မသိနားမလည်ကြတုန်းက ဖိနှိပ်မှုတွေဖြစ်ခဲ့တယ်။ ဖိနှိပ်မှုတွေ၊ နေရာပိုယူမှုတွေ ရှိနိုင်တာပေါ့နော်။ နေရာပိုယူမှုတွေ၊ အခွင့်အရေး ပိုယူမှုတွေ ရှိခဲ့တာပေါ့။ တိုင်းပြည်ကမှ အခြေမှ မကျသေးတာကိုး၊ အခြေတကျ အနေတကျမဖြစ်သေးတော့ကာ တိုင်းရင်းသားတွေအပေါ်မှာ၊ စာပေယဉ်ကျေးမှုကိစ္စတွေအပေါ်မှာ နေရာမပေးနိုင်တာတွေ၊ နေရာမပေးမိဘဲဖြစ်ခဲ့တာ ရှိမှာပါ။ ဒါပေမယ့် ဒါဟာ မဟာလူမျိုးကြီးစိတ်ဓာတ် မဟုတ်ပါဘူး။ ကျနော်တို့အနေနဲ့က တော့ မဟာလူမျိုးကြီးစိတ်ဓာတ် မရှိပါဘူး။ ပြည်သူပြည်သူချင်းတော့ ဘာမှ ပြဿနာ မရှိပါဘူး။ ဒီနှိပ်စက်နေတာက အာဏာပိုင်တွေ၊ အာဏာပိုင်တွေက ဖိနှိပ်တာ။ အာဏာပိုင်တွေက ဖိနှိပ်တာ တိုင်းရင်းသားတင်မကဘူး။ ဗမာ ဗမာချင်းလည်း ဖိနှိပ်တာပဲ။ ဥပမာဆိုပါတော့၊ ဒီစစ်အာဏာရှင်တွေက တိုင်းရင်းသားတွေ ဖိနှိပ်ပြီးတော့ ဗမာတွေကောင်းစားအောင် လုပ်နေတာ မဟုတ်ဘူး။ ဗမာပြည်သူတွေလည်း ဖိနှိပ်၊ တိုင်းရင်းသားတွေလည်း ဖိနှိပ်၊ အကုန်လုံးဖိနှိပ်ပြီးတော့ သူတို့ စစ်အာဏာရှင်အုပ်စုဆိုတဲ့ လူတန်းစားတရပ်သာလျှင် အခွင့်ထူးခံကြတာပဲ။ အဲဒါကြောင့် ကျနော်တို့ ပြည်သူတွေက ဗမာလူမျိုးကြီးဝါဒ မကျင့်သုံးဘူးလို့ ယူဆတယ်။ အဲဒီလိုပဲ ကျနော်တို့ သံသယရှင်းတယ်ပေါ့။ လိပ်ပြာသန့်တယ်ပေါ့ဗျာ။

ကျနော်တို့က ရှမ်းယဉ်ကျေးမှု၊ ကရင်ယဉ်ကျေးမှု၊ ကချင်ယဉ်ကျေးမှု စသဖြင့် ဒါတွေကို လေးစားတယ်။ ချစ်ခင်တယ်၊ တန်ဖိုးထားတယ်။ ဒါ ပိုပြီးတော့ကြွယ်ဝတာပေါ့ဗျာ။ ကျနော်တို့နိုင်ငံမှာ ရှိသမျှ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေ ဖွံ့ဖြိုးတယ်ဆိုတာ သိပ်ကောင်းတာပေါ့။ ပိုတောင် ကြွယ်ဝသေးတယ်။ ကျနော်တို့ ဂုဏ်ယူစရာတောင် ဖြစ်သေးတယ်၊ မဟုတ်ဘူးလား နော်။

❑ မိုးကြိုးကနေ စာဖတ်ပရိသတ်တွေ၊ ဆရာကြီးရဲ့ကဗျာပရိသတ်တွေကို ဘာများ ပြောချင်ပါသေးသလဲ။

❍ ကျနော်တို့ တတ်နိုင်သမျှ စွမ်းနိုင်သမျှပေါ့ဗျာ။ ကျနော်လည်း ဒီကလောင်နဲ့ တနိုင် ပါဝင်နေပါတယ်လို့၊ ပြည်သူလူထုနဲ့ အတူတူပါပဲ၊ ပါဝင်နေပါတယ်။ ကျနော်တို့ အောင်ပွဲကို ရောက်ကောင်းပါရဲ့၊ ဒီလိုပဲမျှော်လင့်တာပါပဲ။ ❖

## ‘ဒေါ်အောင်ဆန်းစုကြည်အပေါ် အပြည့်အဝယုံကြည်’ နအဖ ကြေညာချက်ထုတ်

**မေဪ၊ (၁၅)ရက်။**

နိုင်ငံတော်တိုးတက်ရေးနှင့် ငြိမ်းချမ်းရေးကို ဆောင်ရွက်နေသည့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို မိမိတို့အစိုးရအနေဖြင့် အပြည့်အဝ ယုံကြည်ပါကြောင်း ကြေညာချက်တစောင်ကို နအဖက ထုတ်ပြန်လိုက်သည်။

အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ဆောင်ခြင်းမရှိပါက မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပိုမိုတိုးချဲ့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂ၏ ဆုံးဖြတ်ချက်အသစ်တရပ် ပေါ်ပေါက်လာပြီး နောက်တနေ့တွင် နအဖစစ်အုပ်စုက ယခုလို ကြေညာချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကြေညာချက်တွင် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေသည့် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား မိမိတို့အစိုးရအနေဖြင့် အပြည့်အဝ ယုံကြည်မှုရှိပါကြောင်း၊ သူမ သွားရောက်နေသည့် နိုင်ငံတွင်းခရီးစဉ်များအပေါ်တွင်လည်း အားပေးပါကြောင်း ထည့်သွင်းဖော်ပြထားသည်။

ဆက်လက်၍ ဖော်ပြထားရာတွင် မြန်မာနိုင်ငံ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးတို့နှင့် ပတ်သက်၍ လက်ခံဆွေးနွေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ အပြုသဘောဆောင်သည့် နည်းလမ်းများဖြင့် ပြဿနာများအား ဆွေးနွေးအဖြေရှာပြီး အတူတကွ လက်တွဲဆောင်ရွက်မှသာ မြန်မာပြည်သူများအတွက် တောင့်တင်း စည်းလုံးညီညွတ်သည့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ရေးသားထားသည်။

အဆိုပါကြေညာချက်နှင့်ပတ်သက်၍ အဲန်အယ်လ်ဒီ ပြောရေးဆိုခွင့်ရှိသူဦးလွင်က ဒီဗွီဘီ အသံလွှင့်ဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် နအဖထုတ်ပြန်သည့် ကြေညာချက်ကို အဲန်အယ်လ်ဒီသို့ ပေးပို့ခြင်းမရှိဘဲ ပြင်သစ်သံရုံး၊ ဂျပန်သံရုံးနှင့် ရိုက်တာသတင်းဌာနတို့ကိုသာ ပေးသည့်အတွက် သတင်းဌာနများမှ တောင်းယူဖတ်ရှုနေရကြောင်း ပြောကြားခဲ့ပြီး နိုင်ငံတကာအကူအညီ ရရှိရေးအတွက် ရည်ရွယ်ပုံရသည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သည်။

❖ ❖ ❖

## ထိုင်း–မြန်မာနယ်စပ်ဒေသသို့ သွားရောက်စစ်ဆေးခွင့်ရရှိရန် ICRC ကြိုးပမ်းနေ

**မေဪ၊ (၇)ရက်။**

ကမ္ဘာ့ကြက်ခြေနီအဖွဲ့ (ICRC)သည် ထိုင်းနယ်စပ်အနီးရှိ ဒေသများသို့ သွားရောက်ခွင့်ပေးရေးအတွက် ကြိုးပမ်းလျက်ရှိပြီး အဆိုပါဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် စီစဉ်နေကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

ပဋိပက္ခဖြစ်ပွားနေသော ရှမ်းနှင့် ကရင်ပြည်နယ်ရှိဒေသများသို့ သွားရောက်ခွင့်ရရှိရေးအတွက် စစ်အာဏာပိုင်များနှင့် ဆွေးနွေးနေကြောင်း ICRC ၏ အရှေ့တောင်အာရှရေးရာဌာနခွဲမှ ဒုတိယအကြီးအကဲ Peter Krakolining က ထုတ်ဖော်ပြောပြခဲ့သည်။

ICRC သည် လွန်ခဲ့သောနှစ် နိုဝင်ဘာလက ရှမ်းပြည်နယ်အတွင်းသို့ သွားရောက်ခွင့်ရခဲ့ပြီး ဒေသခံပြည်သူများအား ကာကွယ်စောင့်ရှောက်ရေးနှင့် အကျဉ်းစခန်းများ၊ လုပ်အားစေခိုင်းသောစခန်းများကို စစ်ဆေးနိုင်ခဲ့သည်။

၁၉၉၉ ခုနှစ်မှစ၍ ICRC သည် အကျဉ်းထောင်များ၊ အလုပ်စခန်းများ၊ စိုက်ပျိုးရေးစခန်းများ၊ လမ်းဖောက်လုပ်ရေးလုပ်ငန်းများ စသည့် နေရာပေါင်း (၈၀)ကို သွားရောက်စစ်ဆေးနိုင်ခဲ့ပြီး အဆိုပါနေရာများတွင် အခြေအနေများ အကောင်းဘက်သို့ တိုးတက်လာသည့်လက္ခဏာများ ဖြစ်ပေါ်လာခဲ့သည်ဟု မှတ်ချက်ပြုခဲ့သည်။

ICRC သည် နိုင်ငံရေးအကျဉ်းသားများနှင့်လည်း တွေ့ဆုံမေးမြန်းခွင့်ရခဲ့ပြီး နိုင်ငံရေးအကျဉ်းသားများအပါအဝင် အခြားအကျဉ်းသား(၂,၉၉၇)ဦးအား စောင့်ကြည့်လေ့လာလျက်ရှိကြောင်း ပြောကြားခဲ့သည်။ ရန်ကုန်မြို့ရှိ ICRC ရုံးအကြီးအကဲ Michel Ducraux က ယခုလို သွားရောက်ကြည့်ရှုနိုင်သည့်အတွက် အကျိုးသက်ရောက်မှုရှိကြောင်း ပြောကြားခဲ့သည်။

ICRC သည် နအဖ ပြည်ထဲရေးဝန်ကြီးဌာနနှင့်အတူ ဆောင်ရွက်လျက် ရှိကြောင်း ပြောကြားခဲ့ပြီး အာဏာပိုင်များအနေဖြင့် အနည်းဆုံး ကြိုးပမ်းမှု ခြေလှမ်းလှမ်းရန် လိုအပ်ကြောင်း၊ သို့မဟုတ်ပါက ဘာအဓိပ္ပာယ်မှ ရှိမည်မဟုတ်ကြောင်း ၎င်းက မှတ်ချက်ချခဲ့သည်။ ❖

# မူလတန်းဆရာဖြစ်(၆)လသင်တန်း ကျောင်းဆရာလုပ်လိုသူများလျှောက်ထားနိုင်

မြန်မာနိုင်ငံအနှံ့အပြား ဒေသများနှင့် နယ်စပ်ဒေသတလျှောက် ကျွမ်းကျင်သော ပညာရေးဝန်ထမ်း ဆရာဆရာမများ တိုးပွားလာရန် ရည်ရွယ်၍ TTBT (Teacher Training For Burmese Teachers)၏ အစီအစဉ်ဖြင့် (၆)လ ဆရာဖြစ်သင်တန်း ဖွင့်လှစ်သွားရန် လျှောက်လွှာများ ခေါ်ယူထားကြောင်း သိရသည်။



ဆရာဖြစ်သင်တန်းတာဝန်ခံ
ဒေါက်တာသိန်းလွင်

အဆိုပါသင်တန်းသည် မြန်မာနိုင်ငံ ဒေသအသီးသီးမှ မြန်မာနိုင်ငံသား ဆရာဆရာမလောင်းများအတွက် ဖွင့်လှစ်သင်ကြားခြင်းဖြစ်ပြီး မိမိဒေသ ပညာရေး တိုးတက်ရေးအတွက် ခိုင်မာစွာ ဆုံးဖြတ်ထားသူများကို ရွေးချယ်သွားမည်ဖြစ်သည်။ သင်တန်းတွင် သက်ဆိုင်ရာတိုင်းရင်းသားဘာသာများအပြင် မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ၊ ကလေးစိတ်ပညာရပ်ဆိုင်ရာ ဘာသာရပ်များနှင့် ပထဝီ၊ သမိုင်း၊ သင်္ချာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဘာသာရပ်များ အပါအဝင် ဘာသာရပ်(၆)မျိုးကို သင်ကြား ပို့ချသွားမည်ဖြစ်သည်။

ထိုသင်တန်းသို့ လျှောက်ထားလိုသူသည် ကျောင်းဆရာ ဆရာမအဖြစ် လုပ်ကိုင်ရန် ခိုင်မာစွာ ဆုံးဖြတ်ထားသူဖြစ်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက မည်သည့်ဒေသတွင် ဆရာဆရာမအဖြစ် ဆောင်ရွက်မည်ကို ကိုယ်တိုင်ရွေးချယ်၍ ခံဝန်ချက်လက်မှတ်ရေးထိုးရမည်ဖြစ်သည်။

သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်း ခံရသူများအတွက် ခရီးစရိတ်၊ သင်တန်းကာလ နေထိုင်မှုစရိတ်နှင့် စာရွက်စာတမ်း ကုန်ကျစရိတ်များကို သင်တန်းမှ ကျခံသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးသွားပါက မိမိဆန္ဒပြုရာဒေသတွင် ဆရာဆရာမများအဖြစ် (၂)နှစ်တာ တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။ တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း စားစရိတ်၊ သင်ကြားမှုအထောက်ကူပြုပစ္စည်း၊ စာရွက်စာတမ်းများကို သင်တန်းမှ ထောက်ပံ့သွားမည်ဖြစ်သည်။

အဆိုပါသင်တန်းနှင့်ပတ်သက်၍ သင်တန်းတာဝန်ခံ ပညာရေးဆိုင်ရာပါရဂူ ဒေါက်တာသိန်းလွင်က အနာဂတ်မြန်မာနိုင်ငံ ပညာရေးစနစ် တိုးတက်မြင့်မားလာရေးအတွက် သုတေသနတွေ့ရှိချက်များအပေါ် အခြေခံပြီး ပညာရေးစနစ်ကို ချမှတ်ထားကြောင်း၊ ယခုသင်တန်းသည် အရှေ့ဥရောပနိုင်ငံများအပါအဝင် နိုင်ငံပေါင်း (၂၈)နိုင်ငံတို့တွင် အောင်မြင်နေသည့် ပညာရေးစနစ်ကို အခြေခံသင်ကြားသွားမည့် သင်တန်း ဖြစ်ကြောင်း၊ ထိုပညာရေးစနစ်တွင် ကလေးများအား စာသင်ခန်းအတွင်း တက်ကြွစွာ ပါဝင်လာစေပြီး ကလေးရော၊ ဆရာပါ ပညာသင်ကြားရာတွင် အတူတကွ လွတ်လပ်စွာ ပူးပေါင်းဆောင်ရွက်သည့်စနစ်တခု ဖြစ်ကြောင်း ရှင်းလင်းပြောပြခဲ့သည်။

အခြေခံပညာ သင်ကြားပြီးမြောက်ထားသူများအတွက် သင်တန်းတက်ရောက်ရန် အသက်အရွယ်၊ ကျား မ၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာလူမျိုး မခွဲခြားထားကြောင်း၊ လျှောက်ထားသူများ၏ ကျောင်းဆရာအဖြစ် ဆောင်ရွက်လိုသည့် ပိုင်းဖြတ်ချက်ပေါ်မှာသာ အခြေခံကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သင်တန်းတွင် ဆရာ ဆရာမ(၇)ဦးက သင်တန်းဆရာများအဖြစ် သင်တန်းပို့ချသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ၂၀၀၃ ခု မေလမှ နိုဝင်ဘာလအထိ ဖြစ်သည်ဟု သိရသည်။

စိတ်ပါဝင်စားသူများအနေဖြင့် သင်တန်းနှင့်ပတ်သက်၍ ထပ်မံသိရှိလိုသော အချက်အလက်များရှိပါက–

ဒေါက်တာသိန်းလွင်
သင်တန်းတာဝန်ခံ
ဖုန်း–၀၉–၈၅၁၇၁၆၁

–သို့ စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။ ❖

# ကျိုးပဲ့နေသော ဝိညာဉ်များကို ဝေဒနာပျောက်ကင်းစေသူ အာရှသူရဲကောင်းတဦးအဖြစ် ရွေးချယ်ခံရ



ကျိုးပဲ့နေသော ဝိညာဉ်များကို ဝေဒနာပျောက်ကင်းစေသူ

**ဧပြီ၊ (၃၀)ရက်။**

ဧပြီလ (၂၈)ရက်နေ့ ရက်စွဲဖြင့် ထုတ်ဝေသည့် တိုင်းမ်မဂ္ဂဇင်းကြီးက အာရှနိုင်ငံများမှ သူရဲကောင်းများကို ရွေးချယ်ဖော်ပြရာတွင် အာရှသူရဲကောင်းတဦးအဖြစ် မြန်မာနိုင်ငံမှ ဒေါက်တာစင်သီယာမောင်အား ရွေးချယ်ဖော်ပြခဲ့သည်။

တိုင်းမ်မဂ္ဂဇင်းကြီးက သက္ကရာဇ် ၂၀၀၃ ခုနှစ်အတွက် အာရှသူရဲကောင်းတဦးဖြစ်သော ဒေါက်တာစင်သီယာမောင် အကြောင်းအား 'ကျိုးပဲ့နေသော ဝိညာဉ်များကို ဝေဒနာပျောက်ကင်းစေသူ' ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့ခြင်းဖြစ်သည်။

ရာမွန်မက်ဆေးဆေးဆုရှင် ဒေါက်တာ စင်သီယာမောင်သည် ထိုင်း–မြန်မာ နယ်စပ် မဲ့ဆောက်မြို့ရှိ မယ်တော်ဆေးခန်းတွင် ဒုက္ခသည်များနှင့် မြန်မာအလုပ်သမားများအား ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးနေပြီး ကျန်းမာရေးဝန်ထမ်းများ မွေးထုတ်ကာ နယ်စပ်ဒေသများသို့ စေလွှတ်ပေးနေသူဖြစ်သည်။ ❖

# ရန်ကုန်မြို့ ဗြိတိသျှသံရုံးရှေ့ ဆန္ဒပြမှုဖြစ်ပွား

**ဧပြီ၊ (၅)ရက်။**

ရန်ကုန်မြို့ ဗြိတိသျှသံရုံးရှေ့တွင် စစ်အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲတခု ဖြစ်ပွားခဲ့ရာ ဆန္ဒပြသူတဦး ဖမ်းဆီးခံထားရပြီး ပါဝင်သူတဦးမှာ ဗြိတိသျှသံရုံးအတွင်းသို့ ဝင်ပြေးသွားခဲ့ကြောင်း သိရသည်။

ထိုနေ့နံနက် (၉)နာရီခွဲခန့်က ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဗြိတိသျှသံရုံးရှေ့တွင် သံဃာတော်များအပါအဝင် လူအချို့ စုရုံးခဲ့ပြီး ခွပ်ဒေါင်းအလံများ ကိုင်ဆောင်ကာ ဒီမိုကရေစီရရှိရေး၊ လွတ်လပ်တဲ့ပညာရေးစနစ်ရှိရေး၊ ကုန်ဈေးနှုန်းကျဆင်းရေး စသည့် ကြွေးကြော်သံများ အော်ဟစ်ကာ ဆန္ဒပြခဲ့ကြပြီး တချို့က စစ်အုပ်စုဆန့်ကျင်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

ထိုသို့ဆန္ဒပြနေစဉ် အချိန်အနည်းငယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ဝင်ရောက်ဖမ်းဆီးခဲ့ရာ တဦး ဖမ်းဆီးခံခဲ့ရပြီး တဦးမှာ ဗြိတိသျှသံရုံးအတွင်းသို့ ပြေးဝင်သွားခဲ့ကြောင်း ရန်ကုန်တွင် နေထိုင်သူများထံမှ သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ နအဖ သတင်းထုတ်ပြန်ရေးအဖွဲ့က တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်သူများဖြစ်ကြောင်း ကြေညာခဲ့ပြီး ဆန္ဒပြသူများသည် မတ်လ (၂၇)ရက်နေ့က ဗုံးဖောက်ခွဲခဲ့သူများနှင့် ဆက်စပ်နေကြောင်း ပြောဆိုခဲ့ပြီး သံရုံးအတွက် အန္တရာယ်ရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။

သံရုံးအတွင်း ခိုလှုံနေသူနှင့်ပတ်သက်၍ စစ်အုပ်စုက ဧပြီလ(၂၅)ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲတရပ် ပြုလုပ်ခဲ့ရာ ဗြိတိသျှသံရုံးတွင်း ဝင်ရောက်ခိုလှုံနေသူသည် ထိုင်းနိုင်ငံ မဲဆောက်မြို့အခြေစိုက် နိုင်ငံရေးလှုပ်ရှားသူများက စေလွှတ်လိုက်သူဖြစ်ကြောင်း နအဖပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်သန်းထွန်းက ပြောကြားခဲ့သည်။

အလားတူ ဒု–နိုင်ငံခြားရေးဝန်ကြီး ဦးခင်မောင်ဝင်းကလည်း ဗြိတိသျှသံရုံးအနေဖြင့် ထိုသို့ ဆန္ဒပြသမားအား ယခုလိုလက်ခံထားခြင်းသည် အန္တရာယ်ကို လွှယ်ထားခြင်းဖြစ်သည်ဟု သတိပေး ပြောဆိုခဲ့ကြောင်း ဌာနေအခြေစိုက်အေအက်ဖ်ပီ သတင်းဌာနတွင်ဖော်ပြထားပြီး ထိုကိစ္စနှင့်ပတ်သက်၍ ဗြိတိသျှသံရုံးနှင့် ညှိနှိုင်းနေဆဲဖြစ်ကြောင်း သတင်းထောက်များအား ၎င်းက ပြောကြားခဲ့သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ဗိုလ်မှူးချုပ်သန်းထွန်းက ဖမ်းဆီးရမိသူများသည် ထိုင်းအခြေစိုက် အစိုးရဆန့်ကျင်ရေး အင်အားစုများနှင့် အဆက်အသွယ်ရှိကြောင်း ဝန်ခံခဲ့သည်ဟု ထုတ်ဖော်ပြောဆိုလိုက်ပြီး မတ်လ(၂၇)ရက်နေ့ ဗုံးပေါက်ကွဲမှုသည် ကေအဲန်ယူ၏ လက်ချက်ဖြစ်ကြောင်း စွပ်စွဲပြောဆိုသွားသည်။

❖ ❖ ❖

## နအဖဆင်ခြေ

**ဧပြီ၊ (၁)ရက်။**

ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့တွင် ကျင်းပနေသည့် လူ့အခွင့်အရေးညီလာခံသို့ တက်ရောက်လာသူ နအဖကိုယ်စားလှယ် ဦးမြသန်းက မြန်မာပြည်နှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များသည် မျှတမှု မရှိ၊ ဘက်လိုက်မှုများ၊ အခြေမခိုင်မှုများနှင့်သာဖြစ်ကြောင်း ပြောဆိုသွားခဲ့သည်။

၎င်းက နအဖအနေဖြင့် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဝန်ကြီးအဆင့် တွေ့ဆုံမှု (၁၂)ကြိမ်ရှိကြောင်း၊ မိမိတို့အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်နှင့် ၂၀၀၀ ခု အောက်တိုဘာလ(၂၅)ရက်မှ ၂၀၀၃ ခု ဇန်နဝါရီလ(၁၅)ရက်နေ့အထိ အကြိမ်ပေါင်း (၁၁၅)ကြိမ် တွေ့ဆုံခဲ့ကြောင်း အစည်းအဝေး တက်ရောက်လာသည့် နိုင်ငံများအကြား ထုံးစံအတိုင်း ပြောသွားခဲ့ကြောင်း သိရသည်။ ❖

### ☆ ဒေါ်စုခရီးစဉ်မှတ်စုမှ

ကျောက်ထုမြို့သို့ရောက်ရှိစဉ် မင်းတပ်ကျောက်ထုတို့မှ လာရောက်ကြိုဆိုသည့် လူထု(၅,၀၀၀)ခန့်ကို ဒေါ်စုက မိန့်ခွန်း အမှာစကားပြောကြားသည်။

ကျောက်ထုမှအထွက် ကျောက်ထု–ထီးလင်းအကြားတွင် သစ်လုံးများချ၍ လမ်းပိတ်ထားခြင်းကို ကြုံခဲ့ရသည်။

ထိုသို့ ဒေါ်စုနှင့်အဖွဲ့ ခရီးထွက်သွားနေစဉ်မှာပင် ဟားခါး–မတူပီကားလမ်းတလျှောက် ဒေါ်စုကို သိက္ခာချ အသရေဖျက်ထားသည့် စာရွက်စာတမ်းများ ဖြန့်ဝေထားသည်ကို တွေ့ရသည်။

**ဧပြီ(၁၀)**။ ။ ချင်းပြည်နယ်တောင်ပိုင်း မတူပီမြို့သို့ ရောက်ရှိသည်။ မတူပီမြို့သို့ အလာ ဦးတင်ဦး စီးနင်းလိုက်ပါလာသည့်ကား တိမ်းမှောက်ခဲ့သည်။ တစုံတဦးမျှ ထိခိုက်မှု မရှိခဲ့ပေ။

မတူပီမြို့တွင် မြို့နယ်ဆိုင်းဘုတ်တင်ပွဲကျင်းပခဲ့ပြီး လူထုဟောပြောပွဲ ပြုလုပ်ခဲ့သည်။ ထို့နောက် ကန်ပက်လက်မြို့သို့ ခရီးဆက်သည်။

**ဧပြီ(၁၁)**။ ။ မတူပီမြို့မှအထွက် ရန်ကုန်ရှိ ဗဟိုရုံးချုပ်နှင့် (၄၈)နာရီမျှ အဆက်အသွယ် ပြတ်တောက်သွားခဲ့သည်။ ချင်းပြည်နယ်မြို့များတွင် ပုဂ္ဂလိကပိုင် ဖုန်းတလုံးမျှ မရှိဟု ဆိုသည်။ နောက်ပိုင်းသတင်းများအရ ကန်ပက်လက်မြို့မှ ညနေ(၅)နာရီခန့်တွင် မကွေးတိုင်းဘက်သို့ ပြန်လည် ထွက်ခွာလာခဲ့သည်။ ဆောမြို့နယ်အတွင်း ကြံ့ဖွံ့အဖွဲ့ဝင်များက ဒေါ်စုဆန့်ကျင်ရေး ကြွေးကြော်သံများ ပြုလုပ်ခဲ့သည်။

**ဧပြီ(၁၂)**။ ။ ချောက်မြို့သို့ နံနက် (၃)နာရီခန့် ရောက်ရှိလာသည်။ ထို့နောက် နံနက်(၁၀)နာရီတွင် ဆိုင်းဘုတ်တင်ပွဲ ပြုလုပ်ပြီး လူထုဟောပြောပွဲတရပ် ပြုလုပ်သည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် ချောက်မှ မြင်းခြံသို့ ခရီးဆက်ပြီး မြင်းခြံတွင် လူငယ်စည်းရုံးရေးအဖွဲ့ ဖွဲ့စည်းခဲ့သည်။

**ဧပြီ(၁၃)**။ ။ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ (၁၀)ရက်ကြာ ပါတီစည်းရုံးရေးခရီးစဉ်အတွင်း ချင်းပြည်နယ်အဖွဲ့ချုပ် ရုံးခွဲနှင့် မြို့နယ်အဖွဲ့ချုပ် ရုံးခွဲ (၅)ရုံး ဖွင့်လှစ်နိုင်ခဲ့သည်။

ခရီးစဉ်နှင့်ပတ်သက်၍ အဲန်အယ်လ်ဒီ ပြောရေးဆိုခွင့်ရှိသူ ဦးလွင်က ယခုခရီးစဉ်သည် အအောင်မြင်ဆုံး ခရီးစဉ်တခုဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ❖

# သပိတ်တုန်းက ... [၁]

သပိတ်ကော်မတီ ရုံးခန်းထဲသို့ လုံခြုံရေးတာဝန်ယူထားသော ကျောင်းသားရဲဘော်လေးတယောက်၊ ကြက်ခြေနီဝန်ထမ်းဝတ်စုံ ဝတ်ထားသော လူငယ်တယောက်၊ သူတို့နောက်မှာ ကျနော်တို့ တခါမှ မမြင်ဖူးသောသူနှစ်ယောက်တို့ ပါလာကြသည်။ တယောက်က အသားညိုညို၊ တုတ်တုတ်ခိုင်ခိုင်၊ နောက်တယောက်က အကျီအဖြူ ကချင်လုံချည်နှင့် လူငယ်တယောက်၊ သူတို့နှစ်ယောက်လုံးရဲ့ လက်မောင်းမှာ ခွပ်ဒေါင်းပုံပါသော လတ်ပတ်ကို ပတ်ထားသည်။ သူတို့အားလုံးရဲ့ ရှေ့ဆုံးမှာ ကျနော်တို့မြို့နယ်သပိတ်ကော်မတီမှာ ပြန်ကြားရေးတာဝန်ယူထားသော ကေသွယ်ချောစုအောင်(မစု)က ဦးဆောင်လျက် အခန်းထဲမှာ ချိတ်ထားသော ခွပ်ဒေါင်းအလံတော်အား ဦးညွှတ်အလေးပြုကာ ဝင်လာကြသည်။

"ထိုင်ကြပါ ခင်ဗျာ၊ ထိုင်ကြပါ"

ထိုင်ခုံမှာ ထိုင်မိကြသည်နှင့် သွက်လက်သော မစုက ....

"အကို သူတို့က ခရမ်းသုံးခွ သပိတ်ကော်မတီက ကိုယ်စားလှယ်တွေပါ"

ကျနော်တို့ သပိတ်ကော်မတီတဖွဲ့လုံး လှိုက်ခနဲ လန်းဆန်းသွားကြသည်။ 'ခရမ်းသုံးခွဘက်က'ဆိုသော စကားကို ကြားချင်နေသည်မှာ ၃-၄ ရက်ရှိပါပြီ။

"ဝမ်းသာလိုက်တာ ရဲဘော်ကြီးတို့ရာ ကျနော်တို့တွေ မျှော်နေတာ ၃-၄ ရက်ရှိပြီဗျ"

"ဟုတ်ကဲ့၊ ရဲဘော်တို့အခက်အခဲကို ကျနော်တို့ စာနာပါတယ်။ လွှတ်လိုက်တဲ့လူနဲ့ ပေးလိုက်တဲ့စာကိုလဲ ရပါတယ်။ ကျနော်တို့ဘက်က အခက်အခဲတခု ရှိနေလို့ပါ။ အခက်အခဲဆိုတာက သယ်ဖို့ ယာဉ်အခက်အခဲပါ။ ဓာတ်ဆီအခက်အခဲ ဆိုပါတော့။ သံလျင်၊ ကျောက်တန်း၊ ခရမ်းသုံးခွမြို့တွေပေါ်မှာရှိတဲ့ ဓာတ်ဆီတွေအားလုံးကို စစ်တပ်က သိမ်းသွားတယ်ဗျာ။ အဲဒါ မြို့ပေါ်မှာ ဘယ်လိုမှ ရှာမရတော့တာနဲ့ ရွာတွေမှာပဲ ဓာတ်ဆီပြန်ရှာနေရလို့ပါ"

"အခု အခြေအနေကော"

"အိတ် ၂၀ လှူပါမယ်"

"ကျေးဇူးတင်လိုက်တာ ရဲဘော်ကြီးတို့ရာ"

အရသာရှိသော လက်ဆွဲနှုတ်ဆက်မှုမျိုးဆိုတာကိုတော့ ဒီနေ့အထိ ခံစားနေရတုန်းပါ။

× × ×

ကျနော်တို့မြို့နယ်က ဆင်းရဲပါတယ်။ ရန်ကုန်ဆင်ခြေဖုံးမြို့နယ်ပါ။ မြို့နယ်နေ ပြည်သူအများစုက လက်လုပ်လက်စား ဆင်းရဲသားတွေပါ။ နဂိုကတည်းက မနက်စာအတွက် မနက်မှာပဲ ရှာစားရတဲ့ဘဝတွေ။ အခုလို သပိတ်ကြီးဖြစ်လာပြီဆိုတော့ သူတို့ရှာစားနေရတဲ့ ဈေးကွက်ကြီးက ဖရိုဖရဲဖြစ်သွားခဲ့တယ်။ သပိတ်က တာရှည်လာတာနဲ့အမျှ စားဝတ်နေရေးက ပိုပိုခက်လာတော့တယ်။ မဆလ အုပ်ချုပ်ရေးယန္တရားက ပြိုကျသွားချိန်မို့ သပိတ်ကော်မတီကပဲ လူထုရဲ့ စားဝတ်နေရေး၊ ချီတက်ဆန္ဒပြမှုကအစ အုပ်ချုပ်ရေးအထိ တာဝန်ယူထားရချိန်ပါ။ စားစရာပြတ်လပ်သွားမှုအောက်မှာ ဖြစ်လာမယ့်အခက်အခဲတွေက တသီတတန်း (ဖြစ်လာအောင် မဆလဒေါက်တိုင်တွေနဲ့ စစ်ထောက်လှမ်းရေးတွေက လုပ်နေချိန်)၊ လူထုကတော့ ဆန်ပြတ်သောက်ပြီး တောင့်ခံ ဆန္ဒပြနေရှာပါတယ်။ ဆန်ဈေးကလဲ အဆမတန်တက်သွားပါပြီ (တက်အောင်လဲ စစ်ထောက်လှမ်းရေးက လုပ်နေတယ်)။ သပိတ်ကော်မတီမှာ ဆန်ဝယ်ပြီး လှူရလောက်အောင်တော့ ရန်ပုံငွေက မရှိ၊ နီးစပ်ရာ မြို့နယ်တွေကိုယ်၌လည်း ဘဝတူ၊ နောက်ဆုံးတော့ (စပါးစိုက်ရာ၊ စပါးထွက်ရာ)မြို့နယ်များကို ကျနော်တို့သပိတ်ကော်မတီက အကူအညီတောင်းရတော့တယ်။

× × ×

တအိမ်ထောင် နို့ဆီဘူး ၂ ဘူးဆိုသော ဆန်က သူတို့ဘဝအတွက် ကောက်ရိုး လက်တဆစ်သာ ရှိနိုင်ပါလိမ့်မည်။

× × ×

အလှည့်ကျတန်းစီနေသော လူတန်းက တရွေ့ရွေ့၊ မကုန်သေး ....

ဆန်က.... ကုန်ချင်ပြီ။

ကျနော်တို့အားလုံး အဲဒီအချိန်မှာ ပုံမှန်အသက်ရှူခြင်း မရှိနိုင်ခဲ့ကြဘူးဆိုတာကိုတော့ အခုနေကျမှ ပြန်စဉ်းစားမိခဲ့သည်။ သွက်လက်ဖော်ရွှေသော မစုရဲ့ မျက်နှာပင် ညှိုးကျနေသည်။

တယောက် ၂ ဘူး.... နောက်တယောက် ၂ ဘူး.... နောက်တယောက် ၂ ဘူး.... ၂ ဘူး.... ၂ ဘူး.... အင်း.... ၂ ဘူး။

လူ ၂၀ ခန့် ကျန်သေးသည်။ ဘယ်သူ့အလှည့်မှာ နောက်ဆုံးကျမလဲ။

စိတ်နဲ့တွက်ပြီး လူအုပ်ကို လှမ်းကြည့်တော့ တယောက်က ပိန်ပိန်ခြောက်ခြောက်နွမ်းနွမ်း။ သူ့နောက်ကပ်လျက်တယောက်ကတော့ နွမ်းတာချင်း တူပေမယ့် ပိန်ပိန်ခြောက်ခြောက်တော့ မဟုတ်။ ဖောဖောရောင်ရောင် အသားက ခပ်ပွပွ၊ နန္ဒင်းတွေ လူးထားသည်။

ဆန်ခြင်ပေးနေသော ကျောင်းသားရဲဘော်လေးတဦးက ကျနော်တို့ကို မော့ကြည့်သည်။

ဖောဖောရောင်ရောင်မိန်းမကြီးရဲ့ မျက်နှာကို ကျနော်တို့မကြည့်ရဲတော့။ မစုက သူ့လက်ထဲက လက်ကိုင်ပုဝါကို ဆုပ်ချေလိမ်ကျစ်ရင်း ဆန်ပုံးကိုသာ ငုံ့စူးငေးနေသည်။

× × ×

ပိန်ပိန်ခြောက်ခြောက်မိန်းမကြီးက သူ့လက်ထဲမှ အဝတ်နွမ်းနွမ်းလေးကို ထုတ်ကာ ဆန်ခံယူဖို့ ဖြန့်သည်။ ဆန်ခြင်ပေးနေသော ကျောင်းသားရဲဘော်တဦးက (ဆန်ထည့်ထားသော) တိုင်ကီပိုင်းပြတ်ကို စောင်းကာ ခပ်သည်။ နောက်ဆုံးဖြစ်တဲ့ ဆန်ကို လက်ခံယူတော့မယ့် မိန်းမကြီးက ဆန်ပုံးထဲ ငုံ့ကြည့်လိုက်သည်။

"အော်.... ကုန်ပြီဘဲ"

သူ့စကားက တိုးတိုးလေးနဲ့ ရိုးရိုးလေးပါပဲ။

ကောင်းကင်ကြီးက မိုးသားတွေ ညို့ညို့မှောင်နေတော့တယ်။ မိုးသက်လေအငွေ့မှာ ကုက္ကိုရွက်တွေ ကြွေဆင်းခုန်ချလာချိန် ပိန်ပိန်ခြောက်ခြောက် မိန်းမကြီးက ဆန်ယူဖို့ ဖြန့်လိုက်သော အဝတ်နွမ်းနွမ်းလေးကို ဆန့်ယူမယ့်ဆီအထိ ထိုးမလာပေး။ သူ့နောက်ကပ်လျက်ရပ်နေသော ဖောဖောရောင်ရောင်နှင့် မိန်းမကြီးထံ လက်ညှိုး နောက်ပြန်ညွှန်ကာ ....

"သူ့ကိုပဲ ပေးလိုက်ပါတော့.... သူ့ခမျာ ကလေးငယ်လေးတွေနဲ့...."

သူ့စကားသံက (တုံ့)တိုးတိုးနဲ့ ရိုးရိုးလေးပါ။

× × ×

## ကိုထက်မိုး

စည်းကမ်းရှိရှိ တန်းစီနေသော လူအုပ်တန်းကြီးကို ကျနော်တို့တတွေ လှမ်းငေးကြည့်နေကြသည်။ အဝတ်အစား ဟောင်းနွမ်းနွမ်းတွေ၊ ဆံပင်တွေ နီကျင်ကျင် ဖိုးရိုးဖားရား၊ တချို့က ကလေးတွဲလောင်း၊ ကလေးတွေက နှပ်ချေးတွဲလောင်း၊ အမေတွေနဲ့ ဆင်တူဝတ်ထားကြသည်၊ ဟောင်းနွမ်းနွမ်း ....

အသားအရေက ခြောက်ကပ်ကပ်၊ ဖိနပ်မပါသူတွေ၊ ပါတဲ့ဖိနပ်က အရောင်စုံ၊ ခြေထောက်နဲ့ မတော်တရော်ဖိနပ်တွေ၊ လူကြား သွားစရာရှိလို့ ခဏငှားစီးလာရမှန်းသိသာတဲ့ဖိနပ်တွေ၊ အဲဒီဖိနပ်တွေကိုက အစုတ်၊ အနက်တဖက် အစိမ်းတဖက် ဖိနပ်တွေ၊ သံကြိုးမှာ ချိတ်နဲ့တွဲထားတဲ့ ဖိနပ်တွေ။ လက်ထဲမှာ တချို့က ကြွပ်ကြွပ်အိတ်အဟောင်းလေးကို ကိုင်ထားသည်၊ တချို့က ပုဆိုးပိုင်းကလေးကို ကိုင်ထားသည်၊ တချို့က ကလေးလွယ်အိတ်အဟောင်းနွမ်းလေးကို လွယ်လျက်....

ကျောက်သင်ပုန်းပေါ်မှ "မြို့နယ်လူထုအတွက် ခရမ်းသုံးခွမြို့နယ်လူထု၏ ဆန်လှူပွဲ"ဆိုသော မြေဖြူနှင့် ရေးထားသော စာသားကို တချို့က ငေးကြည့်နေသည်။ တချို့က အစာအငတ်ခံဆန္ဒပြတိုက်ပွဲဝင်နေသော ကျောင်းသားလူငယ်လေးတွေရှိရာကို လှမ်းငေးနေသည်။ တချို့က လေမှာ တဖျတ်ဖျတ် လွင့်နေသော ခွပ်ဒေါင်းအလံကို မော့ငေးနေသည်။ တချို့က မြေပြင်ကို ငုံ့စိုက်ကြည့်နေသည်။ တချို့က ပိန်ပိန်သွယ်သွယ် သွက်သွက်လက်လက် ဖော်ဖော်ရွှေရွှေ ဖြူဖြူစင်စင်ရှိသော (ရန်ကုန်တက္ကသိုလ်ကျောင်းသူလေး) မစုကို ငေးနေကြသည်။

ကျနော်တို့တတွေကတော့ စနစ်တကျတန်းစီနေသော လူအုပ်တန်းကြီးကို ငေးလိုက်။ သူတို့မျက်လုံးများကို ငေးလိုက်။ ပြီးတော့ .... ဆန်ပုံးကို ငေးလိုက်။

# နိုင်ငံရေးအကျဉ်းသားများ ကျန်းမာရေးအခြေအနေဆိုးဝါး

**မေ၊ (၂၂)ရက်။**

မြန်မာနိုင်ငံ စစ်အကျဉ်းထောင်များတွင် ကျန်းမာရေးဆိုးဝါးနေသည့် နိုင်ငံရေးအကျဉ်းသား အများအပြားရှိနေကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူမှုအထောက်အကူပြုအဖွဲ့က ထုတ်ဖော်ပြောဆိုလိုက်သည်။

ထိုအဖွဲ့၏ပြောဆိုချက်အရ လွှတ်တော်ကိုယ်စားလှယ်(၉)ဦးအပါအဝင် ကျောင်းသားလူငယ်အများအပြားလည်း ပါဝင်သည်ဟု ဆိုသည်။ အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ သခင်အုန်းမြင့်က ပြောကြားချက်အရ ထောင်ဒဏ် အနှစ်(၂၀) ကျခံနေရသူ ကျောင်းသူ မမာမာဦး(MA)သည် တနှစ်ပတ်လုံး ယားနာဖြစ်နေပြီး အမျိုးသမီးရောဂါ အပြင်းအထန် ခံစားနေရကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူ အသက်(၅၅)နှစ်အရွယ် ဗိုလ်ကြီးဟောင်း ဦးဝင်းထိန်သည် မြင်းခြံထောင်တွင် လည်ပင်းကျိုးပေါင်းတက်ရောဂါ အပြင်းအထန် ခံစားနေရကြောင်း သိရပြီး အဲန်အယ်လ်ဒီအဖွဲ့ဝင် ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းသည် အသည်းမာသည့်ဝေဒနာ ဆိုးဝါးစွာခံစားနေရ၍ အစာမာမာ မစားနိုင်သည့်အတွက် နေ့စဉ်ဆန်ပြုတ်သာ မှီဝဲနေရသည်ဟု ၎င်း၏ဇနီးဖြစ်သူ အဆိုအရ သိရသည်။



**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူမှုအထောက်အကူပြုအဖွဲ့ ဒုဥက္ကဋ္ဌ သခင်အုန်းမြင့်**

သခင်အုန်းမြင့်၏ ပြောဆိုချက်အရ အကျဉ်းထောင်များအတွင်း ကျန်းမာရေးအခြေအနေ ဆိုးဝါးနေသူ (၁၂၀)ဦးခန့်ရှိကြောင်း သိရပြီး ၎င်းတို့အားလုံး ကျန်းမာရေးကောင်းမွန်လာရေးအတွက် အဖွဲ့ချုပ်လူမှုအထောက်အကူပြုအဖွဲ့နှင့် ICRC ခေါ် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ကြီးက အထူးကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။

❖ ❖ ❖

# မြန်မာ့နိုင်ငံရေးပြောင်းလဲရန် နိုင်ငံတကာ၏ထောက်ခံမှု ပိုမိုလိုအပ်

**မေ၊ (၂၈)ရက်။**

နအဖအစိုးရနှင့် အဲန်အယ်လ်ဒီတို့ အကြား ပြုလုပ်နေသည့် အမျိုးသား ပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကို နိုင်ငံတကာ အသိုင်းအဝန်းအနေဖြင့် ယခုထက် ပိုမို ထောက်ခံအားပေးရန်လိုအပ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောဆိုလိုက်သည်။

ဘန်ကောက်မြို့တွင် ရောက်ရှိနေသည့် ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာရာဇာလီအစ္စမေးလ်နှင့် တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဆူရာကီယတ်က ယခုလို ထုတ်ဖော်ပြောကြားခြင်းဖြစ်ကြောင်း သိရပြီး ထိုင်းနိုင်ငံအပါအဝင် အာဆီယံ(၁၀)နိုင်ငံတို့သည် မြန်မာနိုင်ငံရေးနှင့်ပတ်သက်၍ ရေငုံနှုတ်ပိတ်နေခဲ့ရာမှ ထိုင်းနိုင်ငံက ယခုလို ပြောဆိုလာခဲ့ခြင်းဖြစ်ကြောင်း အေပီသတင်းတွင် ဖော်ပြထားသည်။

အပြုသဘောဆောင်သည့် နိုင်ငံတကာ၏ တုံ့ပြန်မှုမရှိဘဲ မြန်မာနိုင်ငံရေး ပြောင်းလဲရန် မဖြစ်နိုင်ကြောင်း ၎င်းကပြောဆိုခဲ့ပြီး "ကျနော်တို့အနေနဲ့ ပွင့်လင်းတဲ့ မူဝါဒကို အမြဲတမ်းလက်ခံထားပါတယ်။ နှစ်ဘက်စလုံးအနေနဲ့ ရိုးရိုးသားသား ချဉ်းကပ်ကြမယ်ဆိုရင် ဆွေးနွေးပွဲအလားအလာ ပိုကောင်းလာနိုင်ပါတယ်"ဟု မှတ်ချက်ချခဲ့သည်။

ထို့ပြင် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းစဉ်အတွင်း နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်များကိုလည်း ထည့်သွင်းပေးရန် လိုအပ်ကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ထောက်ပြသွားခဲ့သည်။ ဆက်လက်၍ပြောကြားရာတွင် ကမ္ဘာ့နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေး အပါအဝင် လူသားချင်းစာနာသည့် အကူအညီများ တိုးမြှင့်ပေးဆောင်သွားရန်လည်း ၎င်းက တိုက်တွန်းပြောကြားသွားခဲ့သည်။

ထိုသို့ ထိုင်းနိုင်ငံ၏ ပြောကြားမှုအပေါ် မစ္စတာရာဇာလီက အထူးဝမ်းသာမိကြောင်း ပြောဆိုခဲ့ပြီး မကြာခင် ရန်ကုန်မြို့သို့ သွားရောက်နိုင်ရန် ပြင်ဆင်နေကြောင်း၊ သို့ရာတွင် အချိန်အတိအကျ မပြောနိုင်သေးကြောင်း ပြန်လည်ပြောကြားခဲ့သည်။ မစ္စတာရာဇာလီသည် ရန်ကုန်မြို့သို့ အမြန်ဆုံးသွားရောက်ရန် ပြောကြားနေသော်လည်း ရန်ကုန် စစ်အုပ်စုက ယနေ့အချိန်ထိ အကြောင်းပြန်ကြားခြင်း မရှိသေးချေ။

❖ ❖ ❖

# သတင်းတိုထွာ

## မဟာဇျူဟာရေကာတာ

သံလွင်မြစ်ရေကာတာတည်ဆောက်မည့် တာ့စန်းရေကာတာ တည်ဆောက်ရေးစီမံကိန်းသည် မဟာဗျူဟာကျသည့် အဝေးပြေးလမ်းမကြီး တည်ဆောက်ရေးအတွက်ပါ ရည်ရွယ်၍ အဆိုပါဒေသအတွင်း လှုပ်ရှားနေသည့် ရှမ်းတိုင်းရင်းသားလက်နက်ကိုင်များအား ကန့်သတ်ထိန်းချုပ်နိုင်ရေးအတွက်ပါ ပါဝင်နေကြောင်း စစ်ရေးအကဲခတ်တဦးက ထုတ်ဖော်ပြောဆိုခဲ့သည်။

ရေအားလျှပ်စစ်ထုတ်လုပ်မည့် အဆိုပါရေကာတာ တည်ဆောက်ရေးအတွက် ထိုင်းနိုင်ငံမှ MDX ကုမ္ပဏီနှင့် နအဖ စစ်အုပ်စုတို့ သဘောတူစာချုပ် ချုပ်ဆိုပြီး လုပ်ငန်းများ စတင်ရန် စိုင်းပြင်းနေပြီဟု သိရသည်။

## ထိုင်း–မြန်မာနယ်စပ်တံတားသစ် ဆောက်ဦးမည်

ထိုင်း–မြန်မာနယ်စပ် မဲဆိုင်နှင့် တာချီလိတ်အကြား ချောင်းကူးတံတားသစ် တည်ဆောက်ရန် ထိုင်းအစိုးရက ခွင့်ပြုငွေ ဘတ်(၃၈)သန်း ချမှတ်ခဲ့ပြီး တနှစ်အတွင်း စတင်နိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

မဲဆိုင်–တာချီလိတ်နယ်စပ်သည် ထိုင်း–မြန်မာနှစ်နိုင်ငံနယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းတွင် အရေးပါသော လမ်းကြောင်းတခုဖြစ်ပြီး ကမ္ဘာလှည့်ခရီးသည်များ၊ ထိုင်းနိုင်ငံရောက် နိုင်ငံခြားသားများ ဗီဇာသက်တမ်းတိုးမြှင့်ရန် နယ်စပ်ဖြတ်ကျော် အသုံးပြုလေ့ရှိသည်။

## မူးယစ်ဆေးဝါးတိုက်ဖျက်ရေး သီးသန့်ဖုန်းလိုင်းတပ်ဆင်

**ဧပြီ၊ (၂၁)ရက်။**

တရားမဝင် မူးယစ်ဆေးဝါး ကုန်သွယ်မှု တိုက်ဖျက်ရေးအတွက် ထိုင်းနှင့် မြန်မာနှစ်နိုင်ငံ အာဏာပိုင်များအကြား တိုက်ရိုက် ဆက်သွယ်နိုင်ရန် သီးသန့်တယ်လီဖုန်းလိုင်းများကို တပ်ဆင်အသုံးပြုသွားမည်ဟု သိရှိ ရသည်။

၎င်းတိုက်ရိုက်တယ်လီဖုန်းလိုင်းဖြင့် ထိုင်းနိုင်ငံ အနောက်မြောက်ဘက် တပ်ခ်ခရိုင်နှင့် မြန်မာနိုင်ငံအရှေ့ဘက်နှင့် မြဝတီတို့ရှိ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး အရာရှိများအကြား တိုက်ရိုက်ဆက်သွယ်ပြီး နှစ်နိုင်ငံ မူးယစ်ဆေးဝါးနှိမ်နင်းရေးကိစ္စများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်လိမ့်မည်ဟု ထိုင်းနိုင်ငံထုတ် သည်နေရှင်းသတင်းစာတွင် ဖော်ပြထားသည်။ ❖

## အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်နေသည့်ကလေးများ

**ဧပြီ၊ (၁၉)ရက်။ [ဘန်ကောက်ပို့စ်]**

ခန့်မှန်းတွက်ချက်မှုများအရ အိမ်နီးချင်းနိုင်ငံများမှ ပြောင်းရွှေ့အလုပ်သမားတသိန်းနှစ်သောင်းကျော်တို့မှ မွေးဖွားလာသည့်ကလေးများသည် နိုင်ငံတော်၏ လုံခြုံရေးကို ခြိမ်းခြောက်လာနေကြောင်း ထိုင်းအမျိုးသားလုံခြုံရေးကောင်စီမှ သတိပေးလိုက်သည်။

အဆိုပါကလေးများသည် မည်သည့်နိုင်ငံသား၊ မည်သည့်လူမျိုးဖြစ်သည်ကို အထောက်အထားမရှိသည့်အတွက် စုံစမ်းရန် ခက်ခဲလှသဖြင့် ၎င်းတို့ကြီးပြင်းလာပါက ထိုင်းနိုင်ငံ၏ လုံခြုံရေးကို ခြိမ်းခြောက်လာနိုင်ကြောင်း ထုတ်ဖော်သတိပေးထားသည်။

## ကရင်အမျိုးသမီးနှစ်ဦး မုဒိမ်းကျင့်ခြင်း ခံရပြန်

**ဧပြီ၊ (၁၃)ရက်။**

ဧပြီလ(၁၃)ရက်နေ့ ညနေ (၆း၀၀)နာရီခန့်က နအဖ ခမရ(၃၄၃) စစ်ကြောင်း (၂) စစ်ကြောင်းမှူး ဗိုလ်ကြီးလင်းဦးနှင့် စစ်သားနှစ်ဦးတို့သည် ဒူးပလာယာခရိုင် ကနဲလေးရွာသို့ ရောက်ရှိလာပြီး ကနဲလေးရွာဥက္ကဋ္ဌ ဟဲသာပါရဲ၏ သမီးဖြစ်သူ အသက်(၁၅)နှစ်အရွယ်ရှိ နော်ဟဲနေရှီးအား ၎င်း၏ယောက်ျား မောင်လေးငယ် မရှိခိုက် မုဒိမ်းကျင့် စော်ကားသွားကြောင်း သိရသည်။ အလားတူ အဆိုပါကျေးရွာနေ အသက်(၃၅)နှစ်အရွယ် စောဖူးယိုင်၏ ဇနီးအား မုဒိမ်းကျင့်သွားခဲ့ကြောင်း သိရသည်။

# ပထမအကြိမ် သက်ကြီးပူဇော်ပွဲ ပကျွတ်၌ ကျင်းပ

**ဧပြီ၊ (၁၇)ရက်။ [BINA]**

ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား အလုပ်သမားများ ဦးစီး၍ ပထမအကြိမ် သက်ကြီးပူဇော်ပွဲကို ပကျွတ်ခရိုင်၊ ဘန်းစဖန်းယိုင်မြို့၊ ဘောထော်လန်ရပ်တွင် ဧပြီလ (၁၇)ရက်နေ့ညနေက အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သတင်းရရှိသည်။



ထိုင်းနိုင်ငံ ပကျွတ်ခရိုင်ရှိ မြန်မာအလုပ်သမားများ၏ ပထမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲ

သက်ကြီးပူဇော်ပွဲတွင် အဖိုးအဖွား (၁၇)ဦးတို့အား ခေါင်းလျှော်ပေးခြင်း၊ လက်သည်းခြေသည်းများ ညှပ်ပေးခြင်း စသည့် အမှုတို့ကို မြန်မာ့ရိုးရာဓလေ့ထုံးစံနှင့်အညီ ပြုလုပ်ပေးခဲ့ကြသည်။ အဖိုးအဖွားတို့အဆိုအရ ထိုင်းနိုင်ငံသို့ရောက်သည်မှာ (၁၀)နှစ်ကျော်ပြီဖြစ်သော်လည်း ဒီဒေသရောက်မှ သက်ကြီးပူဇော်ပွဲဆိုသည်ကို အခုလို လုံးဝမမျှော်လင့်ဘဲ ကြုံရသည့်အတွက် ဝမ်းသာပီတိဖြစ်ရကြောင်း ပြောကြားသွားကြသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံသား (၅၀၀)ကျော် ပါဝင်ဆင်နွှဲခဲ့ကြရာ မြန်မာသင်္ကြန်အစားအစာ စတုဒိသာ စုံလင်စွာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

❖ ❖ ❖

# မုဒိမ်းသမားကျေးရွာဥက္ကဋ္ဌကို ရဲအဖွဲ့က အကာအကွယ်ပေး၍ ကာယကံရှင်က တွင်း(၁)ထံ တိုင်ကြား

**မတ်၊ (၈)ရက်။**

စစ်ကိုင်းတိုင်း ခင်ဦးမြို့နယ် ကွမ်းတိုင်းကျေးရွာဥက္ကဋ္ဌက တရွာတည်းနေ အမျိုးသမီးတဦးကို အဓမ္မပြုကျင့်ခဲ့ရာ ရဲကို တိုင်ကြားသော်လည်း ရဲအဖွဲ့က အရေးယူခြင်း မရှိသဖြင့် ကာယကံရှင်အမျိုးသမီးက နအဖ အတွင်းရေးမှူး(၁)ထံ တိုင်ကြားထားကြောင်း သိရသည်။

အမှုမှာ ယခုနှစ်ဆန်းပိုင်း ဇန်နဝါရီလ (၅)ရက်နေ့ ညနေပိုင်းက အဆိုပါ ကျေးရွာနေ မထူး(အဘ–ဦးကြည်)သည် ခင်ဦးမြို့မှ ပြန်လာစဉ် လမ်းတနေရာ၌ ကျေးရွာဥက္ကဋ္ဌဖြစ်သူဦးထွန်းရီက မထူးအား ခြိမ်းခြောက်၍ အဓမ္မပြုကျင့်ခဲ့သည့်အမှုဖြစ်သည်။

ထိုသို့ စော်ကားခံရသည့်ကိစ္စကို ကာယကံရှင်မိသားစုက ရဲစခန်းတွင် သွားရောက်တိုင်ကြားခဲ့ရာ ရဲစခန်းမှူးက ဦးထွန်းရီသည် ရယကဥက္ကဋ္ဌဖြစ်နေသည့်အတွက် မယကသို့တင်ပြထားကြောင်း ပြောဆိုခဲ့သည်။

ထို့နောက် အဆိုပါအမှုကို မယကမှ တဆင့် ရဲစခန်းသို့ ပြန်လည်လွှဲပြောင်းလိုက်ပြီး ရဲစခန်းက မထူးအား လက်မှတ်ထိုးခိုင်း၍ ထိုးပေးခဲ့ရရာ ထိုအမှုမှာ မုဒိမ်းမှု မဟုတ်တော့ဘဲ သာမန်ကာဣန္ဒြေပျက်ပြားမှုသာ ဖြစ်နေကြောင်း သိရသည်။

ကာယကံရှင် မထူးက မိမိတိုင်ကြားသည်မှာ မုဒိမ်းမှုဖြစ်ကြောင်း ပြောပြခဲ့သော်လည်း ရဲစခန်းက စတင်တိုင်ကြားစဉ်က အတိုင်းသာဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ထိုကိစ္စတွင် မိမိတို့မှာ တောသူတောင်သားအမျိုးသမီးများလည်းဖြစ်၊ ဗဟုသုတလည်း နည်းပါးကြသည့်အတွက် အရှက်တရားဖြင့် မုဒိမ်းကျင့်ခံရသည်ကို (လုံးသည်)ဟု ဒေသစကားနှင့် အရှက်ကြီးစွာ ပြောဆိုခဲ့သည်။ ထိုအရာကို ရဲစခန်းက အခွင့်ကောင်းယူ၍ လှည့်ဖြားကာ အမှုပေါ့အောင် ဆောင်ရွက်ထားခြင်းဖြစ်သည်ဟု သိရပါသည်။ ထို့ပြင် ကျူးလွန်စော်ကားခဲ့သူ ဦးထွန်းရီမှာလည်း ယနေ့အထိ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားဆဲဖြစ်သဖြင့် မိမိတို့မိသားစုမှာ ၎င်းက ဒုက္ခပေးလာမည်ကို နည်းမျိုးစုံ ကြောက်ရွံ့နေရပါသဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေး ကြပါရန် အသနားခံပါကြောင်း ကာယကံရှင်မိသားစုက ဗိုလ်ချုပ်ခင်ညွန့်ထံ လိပ်မူ၍ မတ်လ(၈)ရက် နေ့စွဲဖြင့် စာတစောင် ပေးပို့တိုင်ကြားထားသည်။

အဆိုပါအမှုနှင့်ပတ်သက်၍ နအဖ ဗိုလ်ချုပ်ခင်ညွန့်က မည်သို့ ဆက်လက်အရေးယူဆောင်ရွက်သည်ကို ယနေ့အချိန်ထိ နောက်ပိုင်းသတင်း မရရှိသေးပေ။

❖ ❖ ❖

# နအဖ ၏ ဆန်စပါးရောင်းဝယ်ရေး ဥပဒေသစ်

**ဧပြီ၊ (၂၄)ရက်။**

နှစ်ပေါင်း(၄၀)ကျော်ကြာ ကျင့်သုံးလာခဲ့သည့် ဆန်စပါးရောင်းဝယ်ရေးဆိုင်ရာ မူဝါဒကို ဖျက်သိမ်း၍ လာမည့်နှစ်မှစကာ ဆန်စပါးကို အစိုးရက တိုက်ရိုက်ဝယ်ယူခြင်း မပြုတော့ဘဲ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့်ပြုလိုက်ပြီဖြစ်ကြောင်း နအဖက တရားဝင် ကြေညာလိုက်သည်။

တောင်သူလယ်သမားပြည်သူတရပ်လုံး၏ အကျိုးစီးပွားအလို့ငှာလည်းကောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို အထောက်အကူပြု တိုးတက်ဖွံ့ဖြိုးလာရန်လည်းကောင်း၊ နိုင်ငံတော်၏ အဓိကသီးနှံဖြစ်သော ဆန်စပါးကို လာမည့်နှစ်မှစ၍ အစိုးရက တိုက်ရိုက် ဝယ်ယူခြင်း မပြုတော့ဘဲ လွတ်လပ်စွာ ရောင်းဝယ်ခွင့် မူဝါဒသစ်ကို ကျင့်သုံးသွားတော့မည်ဟု နအဖ အတွင်းရေးမှူး(၂) ဒုဗိုလ်ချုပ်ကြီးစိုးဝင်းက ရန်ကုန်မြို့တွင် ပြုလုပ်သည့်အခမ်းအနားတခုတွင် အတည်ပြု ပြောဆိုလိုက်သည်။

သို့ရာတွင် နအဖက ဆန်စပါးရောင်းဝယ်ရေးစနစ် အဆင်ပြေချောမွေ့စေရန် ဆိုသည့် အကြောင်းပြချက်ဖြင့် မြန်မာ့ဆန်စပါးရောင်းဝယ်ရေး ဦးဆောင်အဖွဲ့ဆိုသည့် နအဖ အတွင်းရေးမှူး(၂)ဦးစီးသည့် အဖွဲ့တဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ထိုအဖွဲ့၏ကြိုးကိုင်မှုဖြင့် ဆန်စပါးရောင်းဝယ်ရေး ပုံပြောင်း မူဝါဒသစ်ကို အကောင်အထည်ဖော်သွားမည် ဖြစ်သည်။

ထိုမူဝါဒသစ်အရ လယ်သမားများ အနေနှင့် ပြည်ပသို့ ဆန်စပါးတင်ပို့လိုလျှင် ပိုလျှံမှုသာ တင်ပို့ခွင့်ရှိမည်ဖြစ်ပြီး ပြည်ပပို့ကုန် (၁၀)ရာခိုင်နှုန်းကို အခွန်ပေးဆောင်စေကာ ရရှိလာသည့်ဝင်ငွေကို အစိုးရနှင့် ထက်ဝက်စီ အညီအမျှ ခွဲဝေယူရမည့်စနစ် ဖြစ်ကြောင်း သိရသည်။ ❖

တွေ့ဆုံဆွေးနွေးရေးအမြန်ဆုံး ပေါ်ပေါက်လာရေး လူထုစွမ်းအားပြတိုက်ပွဲ ဆင်နွှဲကြ

# ကရင်ပြည်နယ်အတွင်း လူ့အခွင့်အရေးဆက်လက်ချိုးဖောက်ခံနေရ

**မေ့ပြီ။**

ဧပြီလအတွင်း နအဖစစ်တပ်များက ကရင်ပြည်နယ်ဒေသအတွင်း ကျေးရွာသား များအပေါ် အဓမ္မလုပ်အားခိုင်းစေခြင်းနှင့် ရွာသားများပိုင်ပစ္စည်းများကို လုယက်လျက် ရှိကြောင်း ကေအဲန်ယူပြောခွင့်ရပုဂ္ဂိုလ် ပဒို မန်းငြိမ်းမောင်က ထုတ်ဖော်ပြောဆိုခဲ့သည်။

ကော့ကရိတ်မြို့နယ် နဘူးဒေသအတွင်း ရှိ ကရင်တောင်သူလယ်သမားများသည် အမှတ်(၁၂)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် လက်အောက်ခံတပ်ရင်းများဖြစ်သည့် တပ် ရင်း (၅၄၇)၊ (၅၄၈)၊ (၅၄၉) တပ်ရင်း သုံးရင်းပိုင်ဆိုင်သည့် လယ်မြေဧက (၂၀၀) အား ကိုယ့်ရိက္ခာနှင့်ကိုယ် သွားရောက် ထွန် ယက်ပေးနေရပြီး ဒေသတွင်းရှိ ကျေးရွာ တိုင်း တရွာလျှင် မျိုးစပါး(၅)တင်းစီ ပေးရ သည်ဟု သိရသည်။ အဆိုပါ တပ်ပိုင်လယ် မြေများမှာ လွန်ခဲ့သည့် ငါးနှစ်က ဒေသခံ လယ်သမားများထံမှ သိမ်းယူထားသည့် လယ်မြေများဖြစ်သည်။

ယခုရက်ပိုင်းများအတွင်းတွင်လည်း ဘောဂလိစခန်းရှိ ဗျူဟာ(၂)မှ တပ်ဖွဲ့များ သည် ကော်သေတဲ၊ လယ်ကော်၊ ဝါသိုးခို၊ ကလယ်စိုးခို၊ ဘောဂလိနှင့် မော်ချီး ကား လမ်းဘေးရှိရွာများမှ ရွာသားများအား ဆင့်ခေါ်၍ တောရှင်းခိုင်းနေသဖြင့် ရွာသား များမှာ ကိုယ့်ရိက္ခာနှင့်ကိုယ် သွားရောက်နေ ရသလို ကော်သေးရွာနှင့် ဘောဂလိရွာမှ ကားပိုင်ရှင်များလည်း စစ်တပ်ရိက္ခာများ တပ်စခန်းသို့ အခမဲ့ သယ်ဆောင်ပေးနေရ ကြောင်း သိရသည်။

ဧပြီ(၁၃)ရက်နေ့တွင် ကော့ကရိတ် မြို့နယ် နဘူးနယ်အတွင်း လှုပ်ရှားလျက်ရှိ သည့် စကခ(၄) လက်အောက်ခံ အမှတ် (၇၀၈) ခြေမြန်တပ်ရင်း စစ်ကြောင်းမှူး ဗိုလ်မှူးမြင့်လွင်သည် ဗိဇကရွာနေ နော်တော့ သေး၏နေအိမ်မှ ကျပ်နှစ်သိန်းကျော် တန်ဖိုး ရှိသည့် ရွှေနှစ်ကျပ်သားနှင့် ဆိတ်တကောင်၊ သုံးသောင်းကျော် တန်ဖိုးရှိသည့် အခြား ပစ္စည်းများကို လုယူသွားပြီး တရွာတည်းနေ နော်ဖူးမွှားနေအိမ်မှ ထမင်းအိုးသစ်ငါးလုံး၊ ငွေကျပ်ငါးသောင်းကို လုယူသွားသည်။

ဧပြီ(၁၇)ရက်နေ့တွင် တောင်ငူခရိုင် စယ်ဒိုစခန်းမှ အမှတ်(၅၉၀)ခြေမြန်တပ်ရင်း စစ်ကြောင်း(၂) စစ်ကြောင်းမှူး ဗိုလ်မှူး ကျော်လွင်ဦးစီးသည့်အဖွဲ့သည် ကစယ်ဒိုရွာမှ အမျိုးသမီးနှင့် ကလေးငယ်များအပါအဝင် တအိမ်တယောက် ဆင့်ခေါ်၍ တပ်စခန်း ပြင်ခိုင်းခဲ့သည်။ ထိုနေ့မှာပင် ဗိုလ်မှူးကျော် လွင်သည် ရွားစီးဘိုးရွာမှ ဗွီဒီယိုပြစက်တလုံး နှင့် တိပ်ခွေများ လုယူသွားခဲ့သည်။ ❖

# စစ်သားများမုဒိမ်းကျင့်မှု နအဖစစ်ခုံရုံးက အပြစ်ပေးခြင်း မရှိ

**မေ့ပြီ၊ (၉)ရက်။**

စစ်စည်းကမ်းနှင့် ပြည်သူ့ဥပဒေများ၌ ပါ မုဒိမ်းကျင့်ခြင်းကို ဥပဒေချိုးဖောက်ရာ ရောက်ကြောင်း အတိအလင်း ဖော်ပြထား သော်လည်း နအဖစစ်သားများ၏ မုဒိမ်းကျင့် မှုကို စစ်ဆေးအပြစ်ပေးခြင်း မရှိကြောင်း RI အဖွဲ့၏ အသစ်ထုတ်ပြန်လိုက်သည့် အစီ ရင်ခံစာ၌ ဖော်ပြရေးသားခဲ့သည်။

ဝါရှင်တန်အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်သည့် အဖွဲ့တခုဖြစ်သော Refu- gee International(RI)သည် မြန်မာပြည် တွင်းနှင့် ထိုင်းနယ်စပ်ရှိ ဒုက္ခသည်စခန်းများ ၌ပါ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့၍ အစီ ရင်ခံစာတစောင်ထုတ်ပြန်ခဲ့ရာ နအဖစစ်တပ် သည် ရှမ်းတိုင်းရင်းသူများကိုသာမက အခြား တိုင်းရင်းသူများကိုပါ မုဒိမ်းကျင့်ခဲ့ကြောင်း၊ နအဖ စစ်တပ်သည် စစ်စည်းကမ်းဥပဒေ ရော ပြည်သူ့ဥပဒေကိုပါချိုးဖောက်၍ တိုင်း ရင်းသူများအပေါ် စနစ်တကျ မုဒိမ်းကျင့် ခဲ့ကြကြောင်း အတိအလင်းဖော်ပြထားပြီး စစ်ခုံရုံးသည် မုဒိမ်းကျင့်မှုတမှုကိုပင် စစ် ဆေးအပြစ်ပေးခြင်း မရှိခဲ့ဟု ဆိုသည်။

အဆိုပါအဖွဲ့သည် ရှမ်း၊ ကရင်၊ ကယား (ကရင်နီ)၊ တနင်္သာရီနှင့် ပြည်နယ်များစွာ တို့တွင် ဖြစ်ပွားခဲ့သည့် မုဒိမ်းမှု(၄၃)မှုကို တင်ပြခဲ့ပြီး အဓမ္မပြုကျင့်ခံရသူများ၏ (၇၅)%သည် မည်သူက မုဒိမ်းကျင့်ခဲ့သည်ကို ကောင်းစွာသိရှိကြကြောင်း ထုတ်ဖော်ပြော ကြားခဲ့သည်။

နအဖက အဆိုပါစွပ်စွဲချက်များ လုံးဝ မဟုတ်မမှန်ကြောင်း ငြင်းဆိုခဲ့ပြီး မြန်မာ ပြည်နှင့် မြန်မာ့တပ်မတော်အပေါ် တမင် သိက္ခာချရန် လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း ကြေညာချက်တစောင် ထုတ်ပြန်ကာ ပြန် လည်တုံ့ပြန်ခဲ့သည်ဟု သိရသည်။

❖ ❖ ❖

# မြန်မာအမျိုးသမီးများ တဘက်နိုင်ငံသို့ ရောင်းစားခံနေရ

**မေ့ပြီ၊ (၂၄)ရက်။**

မန္တလေးတိုင်းမြို့နယ်များတွင် နေထိုင် သည့် မြန်မာအမျိုးသမီး (၄)ဦးတို့ကို တရုတ်နိုင်ငံ ကျန်ဖုန်းမြို့ရှိ တရုတ်အမျိုး သမီးတဦး၏ နေအိမ်တွင် ရောင်းစားခြင်း ခံခဲ့ရကြောင်း သိရသည်။

အဆိုပါအမျိုးသမီး(၄)ဦးတို့ကို တရုတ် ရဲတပ်ဖွဲ့မှ ညွှန်စာရင်းစစ်ဆေးစဉ် ဖမ်းဆီး ရမိခဲ့ပြီး မြန်မာနိုင်ငံဘက် နယ်စပ်စခန်းခဲ့ (၃)သို့ အပ်နှံပေးခဲ့သည်။ ထိုစခန်းမှတဆင့် လွယ်ဂျယ်မြို့နယ်မှူးရုံးခဲ့သို့ ထပ်မံလွှဲအပ်ခဲ့စဉ် ထိုအမျိုးသမီး(၄)ဦးတို့အနက် (၃)ဦးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

ထိုအမျိုးသမီးတို့မှာ ဒေါ်ထိပ်ထား (၃၁)နှစ်၊ မနှင်းဆီ (၂၁)နှစ်၊ မစန္ဒာဒီ (၂၀) နှစ်၊ မအေးမူ (၂၀)နှစ်တို့ဖြစ်ပြီး မစန္ဒာဒီမှ လွဲ၍ ကျန်(၃)ဦးမှာ ထွက်ပြေးလွတ်မြောက် သွားကြကြောင်း သိရသည်။

အလားတူ မြန်မာအမျိုးသမီးငယ်များ အား တဘက်နိုင်ငံများသို့ လူမှောင်ခို တင် သွင်းမှုများ မကြာခဏဆိုသလို ဖြစ်ပွားနေ ကြောင်း သိရသည်။ ❖

မိုးကြိုးသတင်းစဉ်

သို့

စာမူများ၊

ဝေဖန်အကြံပြုစာများ

ဆက်သွယ်

ပေးပို့နိုင်ပါသည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

BINA

Burma Independent News Agency

မြန်မာနိုင်ငံ

လွတ်လပ်သည့်သတင်းအေဂျင်စီမှ

ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ

ခင်လွန်း

# အာရှလမ်းမကြီး ဖောက်လုပ်ရေး နိုင်ငံခြားသားအင်ဂျင်နီယာများ ဝင်ရောက်မှု စိစစ်ရန် ညွှန်ကြား

**မေ့ပြီ၊ (၂၅)ရက်။**

အာရှလမ်းမကြီးဖောက်လုပ်ရေး စီမံ ကိန်းအတွက် လိုအပ်သော တိုင်းတာပုံဖော် ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံခြား သားအင်ဂျင်နီယာ မစ္စတာချစ်ထွန်ဂျာ ခေါင်း ဆောင်သော တိုင်းတာရေးအဖွဲ့ဝင် (၂၁)ဦး တို့သည် ထိုင်းနိုင်ငံ မဲ့ဆောက်မြို့ဘက်အခြမ်း မှ တိုင်းတာရေးလုပ်ငန်းများ ကွင်းဆင်း လုပ်ဆောင်နေပြီဖြစ်သည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရန် မြန်မာ နိုင်ငံဘက်မှ ဆောက်လုပ်ရေးဝန်ကြီးဌာန လက်ထောက်အင်ဂျင်နီယာ ဦးမြင့်ဦး ခေါင်း ဆောင်သော အဖွဲ့ဝင်(၃)ဦးတို့က ပူးပေါင်း လုပ်ဆောင်မည်ဖြစ်သည်။

နိုင်ငံခြားသားများ ဝင်ရောက်မှုနှင့် ပတ်သက်၍ စနစ်တကျစစ်ဆေးပြီး နယ်စပ် ဖြတ်သန်းခွင့်ပြုရန် ကကကြည်းမှ ညွှန်ကြား ချက် ထုတ်ပြန်ထားသည်။ ❖

# နအဖက နွေရာသီထိုးစစ် ဆင်နွှဲနေ၍ ကရင်ရွာများ မီးရှို့ဖျက်ဆီးခံရ

**မေ့ပြီ၊ (၂၇)ရက်။[NMG]**

နအဖ စစ်တပ်များက ကေအဲန်ယူ နယ်မြေအတွင်း နွေရာသီထိုးစစ် အစပျိုး ဆင်နွှဲလာနေမှုကြောင့် တိုက်ပွဲဖြစ်ပွားရာ ဒေသအနီးရှိ ကရင်ရွာများ မီးရှို့ဖျက်ဆီး ခံခဲ့ရကြောင်း ကရင့်အမျိုးသားအစည်း အရုံး ပြောရေးဆိုခွင့်ရှိသူ ပဒိုမန်းငြိမ်းမောင် က ပြောကြားခဲ့သည်။



ပဒိုမန်းငြိမ်းမောင်

ဧပြီလ(၂၀)ရက်နေ့က ပဲခူးတိုင်း၊ ညောင်လေးပင်ခရိုင်၊ ကျောက်ကြီးမြို့နယ်ရှိ ဟိုခိုသဲရွာအနီးတွင် အမှတ်(၁၁၅) ခြေမြန် တပ်ရင်းမှ စစ်ကြောင်းတကြောင်းနှင့် ကေအဲန်ယူတပ်ဖွဲ့များတိုက်ပွဲဖြစ်ပွားခဲ့ပြီး နအဖစစ်တပ်က ဟိုခိုသဲရွာကို မီးတင်ရှို့ခဲ့ သဖြင့် အိမ်(၆)လုံး မီးလောင်ဆုံးရှုံးသွား ခဲ့သည်။

အလားတူ ဧပြီလ(၂၂)ရက်နေ့တွင် လည်း အဆိုပါစစ်ကြောင်းနှင့် ကေအဲန်ယူ တပ်ဖွဲ့တဖွဲ့ ညောင်လေးပင်မြို့နယ် ထီးမူထ ရွာအနီး တိုက်ပွဲဖြစ်ပွားခဲ့ရာ တိုက်ပွဲအပြီး နအဖစစ်တပ်က ထီးမူထရွာအား မီးရှို့ဖျက် ဆီးခဲ့သဖြင့် လူနေအိမ်(၁၂)လုံး ပျက်ဆီး သွားခဲ့ကြောင်း သိရသည်။

ထိုရက်ပိုင်းများအတွင်း ကေအဲန်ယူ နယ်မြေအတွင်း တိုက်ပွဲများ အဆက်မပြတ် ဖြစ်ပွားခဲ့ရာ ဧပြီလ(၂၄)ရက်နေ့က တနင်္သာရီမြို့နယ် တနာချောင်းဝနှင့် မော လယ်အမည်ရှိ နေရာတွင် ကေအဲန်ယူတပ်ဖွဲ့ နှင့် အမှတ်(၅၉၄) ခြေမြန်တပ်ရင်းတို့ တွေ့ ဆုံတိုက်ပွဲဖြစ်ပွားပြီး နအဖဘက်မှ ဒု–ရင်း မှူးအပါအဝင် အရာရှိ(၃)ဦးနှင့် တပ်သား (၃)ဦး စုစုပေါင်း(၆)ဦး ကျဆုံးသွားခဲ့သည်။

အဆိုပါတိုက်ပွဲများနှင့်ပတ်သက်၍ ပဒို မန်းငြိမ်းမောင်က ၎င်းတို့အနေဖြင့် နွေ ရာသီစစ်ဆင်ရေးအတွက် အစပျိုးလုပ်ဆောင် ပြင်ဆင်နေသည်ဟု သုံးသပ်နိုင်ကြောင်း ပြောကြားသွားပြီး ညောင်လေးပင်၊ သထုံ၊ ဘိတ်(မြိတ်)–ထားဝယ်ခရိုင်များတွင် စစ် ဆင်ရေးများ တိုးမြှင့်ပြုလုပ်လာသည့် အခြေ အနေရှိကြောင်း ပြောကြားခဲ့သည်။ ဆက် လက်၍ နအဖတပ်ဖွဲ့များသည် တိုက်ပွဲဖြစ် ပွားရာနှင့် နီးစပ်သော ရွာများအား မီးရှို့ ခြင်း၊ ၎င်းတို့သွားလာရာ လမ်းတလျှောက်ရှိ တောင်ယာများတဲများအားလုံးကို မီးရှို့ဖျက် ဆီးခြင်းများပြုလုပ်သွားကြောင်း ပြောကြား ခဲ့သည်။

ဧပြီ (၂၃)ရက်နေ့တွင် အမှတ်(၈၀) ခြေလျင်တပ်ရင်းမှ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး မောင်မောင်ခိုင်ဦးစီးသည့် စစ်ကြောင်း(၁) နှင့် ဒုတပ်ရင်းမှူးဗိုလ်မှူးအောင်ကျော်ညွန့် ဦးစီးသော စစ်ကြောင်း(၂)အဖွဲ့များက ရှေ့ တန်းစခန်းများသို့ ရိက္ခာပို့နိုင်ရန်အတွက် ကရင်ပြည်နယ် သထုံခရိုင်အတွင်းရှိ ကရူစီး ရွာ၊ နို့အောလာရွာ၊ ဖျာကောရွာ၊ နို့လော် ပလာရွာ၊ ထိဖဒိုရွာ၊ အိုမယ်ပဲ၊ မယ်ပလယ်ခီး ရွာများမှ ရွာသားများအား အဓမ္မခိုင်းစေ၍ ဟပ်သရယ်လိုတံတားနှင့် သက်ကယ်ချောင်း တံတားနှစ်စင်းကို ဆောက်လုပ်ခဲ့ကြောင်း သိရသည်။ ❖

# ကော့သောင်းခရိုင်အတွင်း မိုးစပါး မစိုက်မနေရ အမိန့်ထုတ်

**မေ့ပြီ၊ (၃)ရက်။**

တနင်္သာရီတိုင်း ကော့သောင်းခရိုင် အတွင်း နေထိုင်သူ အိမ်ထောင်စုစာရင်းဝင် မိသားစုများသာမက ညွှန်စာရင်းဖြင့် နေ ထိုင်သူများပါမကျန် မိုးစပါးစိုက်ပျိုးရာတွင် တာဝန်ယူရမည်ဖြစ်ကြောင်း မယကဥက္ကဌ ၏ အမိန့်ဖြင့် ကြေညာချက်တစောင် ထုတ် ပြန်ခဲ့သည်ဟု ဒေသခံများအဆိုအရ သိရ သည်။

အဆိုပါအမိန့်အရ အိမ်ထောင်စု စာရင်းဝင် မိသားစုတစုလျှင် လယ်ဧက နှစ် ဧကစီ စိုက်ပျိုးရမည်ဖြစ်ပြီး (၇)ရက် ညွှန် စာရင်းဖြင့် နေထိုင်သူမိသားစုများအနေဖြင့် လည်း တအိမ်ထောင်လျှင် တဧကစီ စိုက် ပျိုးရမည်ဖြစ်သည်ဟု ဆိုသည်။ အမိန့်အရ ကိုယ်တိုင်စိုက်ပျိုးသူများအနေဖြင့် ဧပြီ ၂၂– ၂၅ ရက်နေ့အတွင်း ခရိုင်စိုက်ပျိုးရေး ဦးစီး ဌာနရုံးများသို့ ဆက်သွယ်၍ လုပ်ငန်းလိုအပ် ချက်များကို စီစဉ်ရမည်ဖြစ်ပြီး ကိုယ်တိုင် မစိုက်ပျိုးနိုင်သည့် မိသားစုများအနေဖြင့် တဧကအတွက် စိုက်ပျိုးစရိတ်နှင့် ရိတ်သိမ်း ခအဖြစ် ကျပ်ငွေ(၁၀,၀၀၀)ကျပ်စီကို ဧပြီ လ(၂၀)ရက်နေ့ နောက်ဆုံးထား၍ ပေး သွင်းရမည်ဟု ဆိုသည်။

ထိုအမိန့်ကြောင့် ဒေသခံပြည်သူများမှာ အခက်အခဲကြုံတွေ့နေကြရကြောင်း သိရ သည်။

❖ ❖ ❖

# ဆားစ် (SARS) ဗိုင်းရပ်စ်ပိုး ကမ္ဘာအနှံ့ ဆက်လက်ပြန့်ပွား



ဆားစ် (SARS)ရောဂါ ကူးစက်ခံရသူများကို ဆေးရုံများ၌ အခြားသူများအား ကူးစက်ပျံ့နှံ့မှုမှ ကာကွယ်နိုင်ရန် တသီးတခြားထားသည်

**ပြေ။ [အေအက်ဖ်ပီ၊ ရိုက်တာ]**

ဟောင်ကောင်တွင် လူအမြောက်အမြား သေဆုံးပြီး၊ မြောက်အမေရိကတွင် နောက်ထပ် ရောဂါဖြစ်ပွားမှုများ စုံစမ်းတွေ့ရှိကြောင်းနှင့် တကမ္ဘာလုံးတွင် ရောဂါပိုးကူးစက်သူပေါင်း (၃,၀၀၀)ကျော်သွားပြီဖြစ်ကြောင်း အေအက်ဖ်ပီ–ဟောင်ကောင် သတင်းအစီရင်ခံမှုများကြောင့် ကမ္ဘာအနှံ့ အပြားတွင် ဆားစ်(Severe Acute Respiratory Syndrome-SARS) ဗိုင်းရပ်စ်ပိုးမွှားများ ပျံ့နှံ့မှုအတွက် စိုးရိမ်ပူပန်မှုများ တိုးပွားလာနေပေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ ကျွမ်းကျင်သူများအဆိုအရ တရုတ်ပြည်သည် ရောဂါဖြစ်ပွားမှု၏ ဗဟိုချက်မဖြစ်ပြီး၊ တရားဝင်ဖော်ပြသော စာရင်းဇယားများထက် သေဆုံးမှုနှုန်းထား ပိုမိုမြင့်မားနေကြောင်း သိရှိရသည်။ ထို့ကြောင့် WHO အနေဖြင့် ပီကင်းတွင် စုံစမ်းစစ်ဆေးမှုများ လွတ်လွတ်လပ်လပ် လုပ်လိုကြောင်း ပြောကြားခဲ့သည်။

ရောဂါကူးစက်သောဒေသများသို့ လေကြောင်းလိုင်း ပျံသန်းမှုများ ဖြတ်တောက်ထားသောကြောင့် စီးပွားရေး ထိခိုက်မှုများနှင့် အပြည်ပြည်ဆိုင်ရာ ခရီးသွားများ ကျဆင်းလာမှုက ဒေသတခုလုံးရှိ စီးပွားရေးလုပ်ငန်းများကို ထိခိုက်နစ်နာစေခဲ့သည်။

အဆိုးဝါးဆုံးထိခိုက်ခံရသောဒေသတခုဖြစ်သည့် ဟောင်ကောင်တွင် နောက်ထပ် (၂)ဦးသေဆုံးပြီး (၄၂)ဦးမှာ ရောဂါဖြစ်ပွားနေကြောင်း စုံစမ်းသိရှိရသည်။ ကျန်းမာရေးအရာရှိများအဆိုအရ နယ်မြေအတွင်း သေဆုံးမှုမှာ (၂၇)ဦးထိ မြင့်တက်လာပြီး ရောဂါကူးစက်သူပေါင်းမှာ (၈၇၀)ဦး ရှိပြီဖြစ်ကြောင်း သိရှိရသည်။

၁၄–၄–၂၀၀၃ အေအက်ဖ်ပီသတင်းများအရ ဆားစ်ဗိုင်းရပ်ပိုးကြောင့် ယခုချိန်ထိ တကမ္ဘာလုံးတွင် ရောဂါပိုးကူးစက်သူပေါင်း (၃,၂၀၀)ကျော်ရှိပြီဖြစ်ပြီး၊ သေဆုံးသူပေါင်းမှာ (၁၃၀)ထိရှိပြီဖြစ်သည်။ အဆိုးဝါးဆုံးထိခိုက်မှုရှိသည့်ဒေသများမှာ တရုတ်ပြည်မကြီးနှင့် ဟောင်ကောင်ဒေသတို့ဖြစ်သည်။ သေဆုံးသူစုစုပေါင်းမှာ တရုတ်ပြည်မတွင် (၆၀)ဦး၊ ဟောင်ကောင်တွင် (၄၀)ဦး၊ ကနေဒါတွင်(၁၃)ဦး၊ စင်္ကာပူတွင် (၉)ဦး၊ ဗီယက်နမ်တွင် (၅)ဦးနှင့် ထိုင်းနိုင်ငံတွင် (၂)ဦးတို့ဖြစ်သည်။ အာရှတိုက် အပြင်ဘက်တွင် အဆိုးဝါးဆုံးထိခိုက်ခံရသောနိုင်ငံ ဖြစ်သည့် ကနေဒါနိုင်ငံတွင် နေ့ချင်းညချင်းပင် ရောဂါကူးစက်သူပေါင်းမှာ (၆)ဦးမှ (၂၄၂)ဦးထိရှိကြောင်း စုံစမ်းစစ်ဆေးမှုများအရ သိရှိရသည်။

အမေရိကန် ကျန်းမာရေးအရာရှိများ အဆိုအရ အစောပိုင်းတွင် ရောဂါခံစားနေရသူ ဦးရေ(၃၃)ဦးရှိပြီး၊ နောက်ပိုင်းတွင် ရောဂါဖြစ်ပွားမှု (၁၄၈)ဦးထိရှိပြီး၊ သေဆုံး




ကမ္ဘာတဝှမ်း ဆားစ်ရောဂါ ဖြစ်ပွားမှု မြင့်တက်လာပုံ

သူမရှိကြောင်း သိရှိရသည်။

ပီကင်းဆေးရုံတွင် ဆားစ်ရောဂါဖြစ်ပွားသူ (၆၀)ရှိနေပြီး ၎င်းတို့အထဲမှ (၇)ဦး သေဆုံးသွားကြောင်း ဆရာဝန်မှ ပြောဆိုခြင်းကို တိုင်းမ်မဂ္ဂဇင်းမှ ဖော်ပြပြီး နောက်ပိုင်းတွင် တရုတ်ပြည်၌ ရောဂါဖြစ်ပွားမှု၏ ဇစ်မြစ်ကိုရှာဖွေနေသည့် (WHO) ကျွမ်းကျင်သူများက တရုတ်ပြည်ရှိ အရာရှိများအား ရောဂါဖြစ်ပွားသူစာရင်းအား ရှင်းရှင်းလင်းသိရန် တောင်းဆိုခဲ့သည်။ သို့သော် ၎င်းစာရင်းများသည် ကျန်းမာရေး ဝန်ကြီးဌာနမှထုတ်ပြန်သော ရောဂါကူးစက်သူ (၁၉)ဦးနှင့် သေဆုံးသူ (၄)ဦးစာရင်းနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်။

(WHO)သည် ပီကင်းတွင် စုံစမ်းစစ်ဆေးမှုများကို တောင်ပိုင်း ကွမ်းတုန်းပြည်နယ်တွင် လုပ်ခဲ့သလို လုပ်ကိုင်လိုကြသည်။ ကွမ်းတုန်းပြည်နယ်သည် ဆားစ်ရောဂါ ဖြစ်ပွားမှုကို နိုဝင်ဘာလတွင် ပထမဆုံး စုံစမ်းစစ်ဆေးသိရှိခဲ့သည့်ဒေသဖြစ်သည်။ တရားဝင်စာရင်း ထုတ်ပြန်ချက်အရ တရုတ်ပြည်မတွင် အများဆုံးဖြစ်ပြီး ရောဂါဖြစ်ပွားသူ (၁,၂၇၉)ဦးရှိပြီး သေဆုံးသူပေါင်းမှာ (၅၃)ဦးရှိကြောင်း သိရှိရသည်၊ ဤအတောအတွင်းမှာပင် ဆားစ်ရောဂါပြန့်ပွားမှုသည် သာမန်အအေးမိရောဂါကို ဖြစ်ပွားစေသည့် ကော်ရိုနာဗိုင်းရပ်စ်(Corona virus)ပိုးနှင့် ဆက်စပ်နေသည်ဟု ယူဆထားပြီး ဤအတွက် ထိတ်လန့်ကြောက်ရွံ့မှုများဖြစ်ပေါ်ကာ ခရီးသွားများနှင့် လုပ်ငန်းရှင်များသည် ရောဂါဖြစ်ပွားသည့်ဒေသမှ ထွက်ခွာသွားကြသောကြောင့် ကမ္ဘာ့စီးပွားရေးအား ထိခိုက်နစ်နာမှုများ ဆက်လက်ဖြစ်ပေါ်နေသည်။

တရုတ်ပြည်မ၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ ကနေဒါနှင့် စင်္ကာပူနိုင်ငံတို့အား (WHO)မှ ဆားစ်ဗိုင်းရပ်စ်ပိုးများ ကူးစက်သည့်ဒေသအဖြစ် စာရင်းသတ်မှတ်ထားသည်။ နယူးဇီလန်ကိုလည်း ဆားစ်ရောဂါဖြစ်ပွားမှု သံသယရှိသည့်ဒေသအဖြစ် သတ်မှတ်ထားပြီဖြစ်သည်။

ဧပြီလ(၂၈)ရက်နေ့ (WHO) စာရင်းများအရ ဆားစ်ရောဂါဖြစ်ပွားမှုကြောင့် ကမ္ဘာတဝှမ်းလုံး နိုင်ငံပေါင်း (၂၄)နိုင်ငံကျော်တွင် သေဆုံးသူဦးရေမှာ အနည်းဆုံး (၃၀၀)ရှိပြီဖြစ်ပြီး ရောဂါကူးစက်သူပေါင်းမှာ (၅,၀၀၀)ခန့် ရှိပြီဖြစ်ကြောင်း သိရှိရသည်။ ထိုနေ့ ဟောင်ကောင်၊ အေအက်ဖ်ပီသတင်းများအရ အာရှဒေသတွင် နောက်ထပ် (၂၄)ဦး သေဆုံးပြီး (WHO) အကြီးအကဲမှ ဤရာစုနှစ်၏ ပထမဆုံး ကူးစက်ရောဂါအား ထိန်းချုပ်ရန်အတွက် နိုင်ငံအားလုံး ပူးပေါင်းပါဝင်ကြရန် တောင်းဆိုခဲ့သည်။ ဟောင်ကောင်တွင် နောက်ထပ် (၁၂)ဦး သေဆုံးပြီး ယခုထိ သေဆုံးသူ စုစုပေါင်းမှာ (၁၃၃)ဦးရှိပြီဖြစ်ကြောင်း၊ တရုတ်ပြည်မကြီးတွင် နောက်ထပ် (၉)ဦး သေဆုံးပြီး ယခုထိ သေဆုံးသူပေါင်းမှာ (၁၃၁)ဦး ရှိပြီး၊ စင်္ကာပူတွင် သေဆုံးသူ (၂၁)ဦးထိ တိုးပွားလာကြောင်း သိရှိရသည်။

စာမျက်နှာ(၆)၊ ကော်လံ(၃)သို့ ☆




**ဧပြီလ(၂၅)ရက်နေ့ထိ ငွေလဲနှုန်း**

| | |
|---|---|
| အမေရိကန်ဒေါ်လာ (၁)ဒေါ်လာ | – ထိုင်းဘတ်ငွေ (၄၂.၇၆)ဘတ် |
| ထိုင်းဘတ်ငွေ (၁)ဘတ် | – မြန်မာကျပ်ငွေ (၂၅.၂၅)ကျပ် |
| အမေရိကန်ဒေါ်လာ (၁)ဒေါ်လာ | – မြန်မာကျပ်ငွေ (၉၅၀)ကျပ် |

# တရားမဝင် အုပ်ချုပ်နေသည့် နအဖအရေး အမေရိကန်က အာဆီယံနှင့်ဆွေးနွေးမည်

**ပြေ၊ (၃၀)ရက်။ [အေအက်ဖ်ပီ]**



အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကောလင်းပါဝယ်လ်

နအဖသည် နိုင်ငံကို တရားမဝင်အုပ်ချုပ်နေသည့်အစိုးရဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝယ်လ်က ပြစ်တင်ရှုတ်ချလိုက်ပြီး စစ်အာဏာရှင်များ၏ စိတ်သဘောကို ပြောင်းလဲပစ်ရန် ခက်ခဲလိမ့်မည်ဟု ဝေဖန်ပြောဆိုလိုက်သည်။

ဧပြီလ (၃၀)ရက်နေ့က ကျင်းပသည့် အမေရိကန်အစိုးရ၏ အထက်လွှတ်တော် ကော်မတီအစည်းအဝေးတွင် ၎င်းက ထိုသို့ ပြောဆိုလိုက်ခြင်းဖြစ်ပြီး စစ်အစိုးရအပေါ် ဖိအားပေးသွားရန် အာဆီယံခေါင်းဆောင်များနှင့် ဆွေးနွေးရမည်ဟု ဆိုသည်။

ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးလုပ်ငန်းများအား ကန့်သတ်ချုပ်ချယ်ထားပြီး ပြည်သူလူထုနှင့် လွတ်လပ်စွာ တွေ့ဆုံခွင့်မပေးသည့် နအဖ၏ ပေါ်လစီကို ပြင်းထန်စွာ ရှုတ်ချလိုက်ကာ ၎င်းတို့သည် တရားမဝင်အုပ်ချုပ်နေသည့် အစိုးရဖြစ်ကြောင်း စွပ်စွဲပြောဆိုခဲ့သည်။

မစ္စတာပါဝယ်လ်က စစ်အစိုးရ၏ သဘောထားကို ပြောင်းလဲရန် ခက်ခဲကြောင်း၊ သို့ရာတွင် အဖြေတခုရရှိရန်အတွက် ကုလသမဂ္ဂ၏စည်းမျဉ်းဘောင်အတွင်းမှ အာဆီယံခေါင်းဆောင်များနှင့် ဆွေးနွေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အထက်လွှတ်တော်တွင် ပြောကြားခဲ့သည်။

ကောလင်းပါဝယ်လ်က လာမည့်ဇွန်လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် ဒေသဆိုင်ရာ လုံခြုံရေးအစည်းအဝေးတွင် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ❖

# ဆားစ် (SARS) ရောဂါ ကာကွယ်ခြင်းဆိုင်ရာကျန်းမာရေးလမ်းညွှန်

ဆားစ် (ခေါ်) ကူးစက်မြန် နမိုးနီးယားအဆုတ်ရောင်ရောဂါကို ကာကွယ်ကြရန် အောက်ပါအတိုင်း ပြုလုပ်သင့်သည်။

(၁) အစားအသောက် ညီမျှရမည်၊ အားကစား ပုံမှန်လုပ်ပေးရမည်၊ အပြည့်အဝ အနားယူရမည်။ ဆေးလိပ်မသောက်ရ၊ ကိုယ်ခံအား တိုးမြင့်အောင် လုပ်ရမည်။
(၂) တကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ရမည်။ နှာချေ၊ ချောင်းဆိုးလျှင် ပါးစပ်နှင့် နှာခေါင်းကို ပိတ်ထားသင့်သည်။
(၃) လက်နှစ်ဖက်ကို သန့်ရှင်းအောင် ထားရမည်။ လက်ဆေးရာတွင် နည်းလမ်းမှန်ရမည်။ ဆပ်ပြာရည်နှင့် လက်ဆေးပြီးလျှင် စက္ကူနှင့် ခြောက်အောင် သုတ်ရမည်။
(၄) လက်ကို အသက်ရှူလမ်းကြောင်းမှ စိမ့်ထွက်လာသောအရာဝတ္ထုများ ပေကျံသွားပါက လက်ဆေးရမည်။ (ဥပမာ– နှာချေပြီးလျှင် လက်ဆေးရမည်။)
(၅) မျက်နှာသုတ်တဘက် အတူတူ မသုံးသင့်ပါ။
(၆) အိမ်တွင်း သန့်သန့်ရှင်းရှင်း ထားရမည်၊ အိမ်ထောင်ပရိဘောဂများကို သန့်ရှင်းစွာ ထားရမည်။
(၇) အိမ် လေဝင်လေထွက် ကောင်းရမည်။
(၈) လူများသည့်နေရာနှင့် ဆေးလိပ်သောက်သူများသည့်နေရာကို မသွားသင့်ပါ။
(၉) အသက်ရှူလမ်းကြောင်း ကူးစက်သည့် လက္ခဏာပြပါက ဆရာဝန်ကို ပြသင့်သည်။

ကူးစက်မြန် နမိုးနီးယားအဆုတ်ရောင်ရောဂါရှိသူကို ပြုစုသည့်သူများ သိသာရန်–

(၁) မည်သူမဆို နေထိုင်မကောင်းပါက ဆရာဝန်နှင့်ပြသင့်သည်။
(၂) လူနာသည် ဆရာဝန်ညွှန်ကြားသည့်အတိုင်း လိုက်နာရမည်။ ပေးသည့်ဆေးကို သောက်ခြင်းနှင့် အပြည့်အဝ အနားယူရမည်။
(၃) တကိုယ်ရေသန့်ရှင်းရေးကို ဂရုစိုက်ရမည်။
(၄) အိမ်တွင်း လေဝင်လေထွက် ကောင်းရမည်။
(၅) ပြုစုသူကို မကူးစက်နိုင်ရန် လူနာသည် ပါးစပ်ဖုံး တပ်ထားသင့်သည်။
(၆) အသက်ရှူလမ်းကြောင်းမှတဆင့် မကူးစက်နိုင်ရန် ပြုစုသူသည် ပါးစပ်ဖုံး တပ်ထားသင့်သည်။

(တရုတ်နိုင်ငံ ရွှေလီမြို့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာနမှ ထုတ်ပြန်သော ဆားစ်ရောဂါနှင့်ပတ်သက်သည့် သတိပေးလမ်းညွှန်ချက်မှ ထုတ်နုတ်ဖော်ပြသည်။)